MYANMAR
# ICT JOURNAL
WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS TE
အိုင်စီတီ ဂျာနယ် | VOLUME 2, ISSUE 14 THE WEEK OF APR 8
WWW.ICT.COM.MM





**BMW X1** 2013




**Panasonic**
Lumix DMC-TZ30




**SONY** Xperia L



**Dell XPS 12**
Ultrabook

www.google.com.mmကို
မြန်မာဘာသာဖြင့်
အသုံးပြုနိုင်ပြီ

အနာဂတ် Samsung ဖုန်း
များတွင် Tizen စနစ်ကိုသာ
အသုံးပြုသွားမည်ဟုသိရ

အရေပြားအတွင်း သွေးစစ်နိုင်မည့် ကြိုးမဲ့ကိရိယာ
အသေးစားတီထွင်

ဒီဇိုင်နာတစ်ယောက်ဖြစ်ဖို့ မွေးဖွားလာတဲ့
Apple ရဲ့ ဒီဇိုင်နာ Jonathan Ive

IMPROVED
**SHOP**
WEEKLY
INCLUDED

REDLINK®
COMMUNICATIONS

Sales Office & Service Center
* Pearl Condo : (+95 9) 73031684 ~ 85
* BAK (IT Mall) : (+95 9) 43170015
* Junction Square : (+95 9) 43170016
* Chaw Twin Gone : (+95 1) 660304, 664282
* Junction Maw Tin: (+95 9) 431 38326



Certificate No. TH 10/5319

ဖုန်းလိုင်းရှိရန်မလို
ချက်ချင်းဝယ် ချက်ချင်းသုံး

*RedLink is the Best Link*

**Broadband WiMAX Service**

Model: ခရစ္စတီးနား, Make-up: ဝင်းမြင့်, Photography: သိန်းဇော်ဝင်း (Photo Magic)

# INNWA Computer Sales & Service Centre

## အတာသင်္ကြန်အကြို Special Promotion

**24.3.2013 to 11.4.2013**

**Laptop** တစ်လုံးဝယ်ယူသူတိုင်း ဗလာမပါ ကံစမ်းမဲ နှင့် အခြားပစ္စည်းဝယ်ယူသူတိုင်းကို

......အထူးလျှော့ဈေးဖြင့်ရောင်းချပေးသွားမည်......




ဗလာမပါ ကံစမ်းမဲများ

20000 KYATS.

10000 KYATS.

5000 KYATS.

8 Gb MEMORY STICK

MOBILE AND IT NEW SHOP NOW OPEN

YOUR ONLY CHOICE






နှစ်သစ်သကြန်မှာ မိတ်ဟောင်း/မိတ်သစ်များ ရွှင်လန်းချမ်းမြေ့ကြပါစေ...

**ရန်ကုန်**

(၁) အမှတ်(၁၄၂)၊ ၃၈လမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ် ။ ဖုန်း-၀၁ ၃၉၈၂၉၇၊ ၀၁ ၃၉၁၅၁၁။

(၂) အမှတ်(၅၁၄)၊ ဆိပ်ကမ်းသာလမ်းနှင့် ကုန်သည်လမ်းထောင့် ။ ဖုန်း-၀၁-၃၇၃၄၈၈ ၊ ၃၈၅၁၈၃။

(၃) အမှတ်(၉၅)၊ ဆိပ်ကမ်းသာလမ်း(အောက်ဘလောက်) ။ ဖုန်း-၀၉-၄၂၀၁၈၀၈၈၈ ၊ ၀၉-၇၃၀၀၁၉၀၂ ။

**မန္တလေး**

(၁) အမှတ်(၉)၊ ၇၅လမ်း၊ ၃၅ နှင့် ၃၆လမ်းကြား ။ ဖုန်း- ၀၂-၇၁၁၀၈ ၊ ၇၃၀၇၈။

(၂) အမှတ်-အေ(၉)၊ ၇၃လမ်း နှင့် လမ်း၃၀ ထောင့်၊ မင်္ဂလာဈေး ။ ဖုန်း - ၀၂-၇၁၇၆၇။

(၃) အမှတ်-ဘီ(၃)ဂျီ၊ ၃၂လမ်း၊ ၇၇ နှင့် ၇၈လမ်းကြား။ဖုန်း - ၀၂ ၃၄၃၄၆ ၊ ၀၉-၄၉၂၁၆၆၂၃။

# DO DO KO KO Computer & Electronics Sales Centre

နှစ်သစ်ကူး အထူးလျှော့ဈေး



**FUJITSU** FMV-C8210

**79,000/-**

* Celeron M1.4GHz
* 512MB DDRII
* HDD 60GB
* 128MB VGA
* CD Rom
* LAN
* 14″ TFT




**TOSHIBA** Satellite J60

**105,000/-**

* Core Solo 1.8GHz
* 512MB DDRII
* HDD 40GB
* 256MB VGA
* CD Rom
* LAN
* 15.1″ TFT



**FUJITSU** FMV-C8250 FMV-C8230

**129,000/-**

* Core 2Duo 1.66GHz
* 1GB DDRII
* HDD 40GB
* 256MB VGA
* CD Rom
* LAN
* 15″ TFT




**lenovo** Thinkpad R60 Thinkpad R61

**159,000/-**

* Core 2 Duo 1.8GHz
* 1GB DDRII
* HDD 80GB
* 256MB VGA
* DVD Combo
* Wifi
* 15.1″ TFT

**DELL** Latitude D530




* Core 2 Duo 2.2GHz
* 1GB DDRII
* HDD 80GB
* 256MB VGA
* DVD Combo
* Wifi
* 15.1″ TFT

**169,000/-**

**TOSHIBA** M 35



* Core Dual 1.66GHz
* 1GB DDRII
* HDD 80GB
* 256MB VGA
* DVD Combo
* Wifi
* 12.1″ (Crystal)

**169,000/-**

**TOSHIBA** M 40



* Core 2 Duo 1.8GHz
* 1GB DDRII
* HDD 80GB
* 256MB VGA
* DVD Multi
* Wifi
* 13.1″ (Crystal)

**219,000/-**

* ရန်ကုန်(ကျောက်တံတား) အမှတ်(၂၄၄)၊ ဆိပ်ကမ်းသာလမ်း(အပေါ်)၊
  ဖုန်း- ၃၈၈၆၅၄၊ ၃၈၉၀၆၇၊ ၀၉-၅၁၃၈၉၃၂၊ ၀၉-၅၁၃၇၈၄၀
* ရန်ကုန်(တောင်ဥက္ကလာ) အမှတ်(၈၅၀)၊ သံသုမာလမ်း (၁၀)ရပ်ကွက် (မိုးဆွေ ကားမှတ်တိုင်အနီး)
  ဖုန်း- ၀၉-၇၃၁၆၁၂၀၇၊ ၅၇၉၇၈၁
* ရန်ကုန်(မြောက်ဥက္ကလာ) အမှတ်(၉၂၂)၊ သုခမာလမ်း၊ (ဈ)ရပ်ကွက်(ဖ-ကွေ့ ကားမှတ်တိုင်အနီး)၊
  ဖုန်း- ၉၆၉၀၁၇၅၊ ၀၉-၅၁၂၄၁၄၁
* မန္တလေး - အမှတ်(၂၁၀)၊ (၃၁)လမ်း၊ ၈၃× ၈၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။
  ဖုန်း- ၀၂-၇၁၇၆၈၊ ၀၉-၆၈၁၁၅၅၇
* ပဲခူး - အမှတ် (၁)၊ မင်းလမ်း ဗိုင်းဂနိုင်းမြောက်ပိုင်း၊ ပဲခူးမြို့။
  ဖုန်း-၀၉-၇၃၁၁၈၃၅၀၊ ၀၉-၄၉၅၇၁၁၄၂

# အနာဂတ် Samsung ဖုန်းများတွင် Tizen စနစ်ကိုသာ အသုံးပြုသွားမည်ဟု သိရ

Tizenဆိုသည်မှာ Smartphoneနှင့် Tablets, TVတွင် အဓိက အသုံးပြုသည်။ အဓိက အစိတ်အပိုင်းဖြစ်သော Softwareမှာ Linux Kernelနှင့် Webkit Suntimeတို့ဖြစ်သည်။ Intelနှင့် Samsungကုမ္ပဏီများ ပေါင်းပြီး Linux Foundationကို အခြေခံကာ ဖန်တီးထားသည်။ Tizenတွင် Java Scrip Libraryကို အခြေခံသော jQueryနှင့် jQuery Mobileတို့ ပါဝင်ပြီး အသုံးပြုသူများကို Software Development Kit (SDK)မှတစ်ဆင့် HTML 5ကို သုံးစွဲနိုင်မည် ဖြစ်သည်။ Android စက်လည်ပတ်မှု စနစ်သုံး မိုဘိုင်း ပစ္စည်းများဖြင့် ဈေးကွက်အောင်မြင်မှု ကြီးမားစွာ ရရှိခဲ့သော Samsung အနေဖြင့် ၎င်းတို့၏ အနာဂတ် မိုဘိုင်း ထုတ်ကုန်များတွင် Androidထက် Tizen စက်လည်ပတ်မှုကိုသာ အဓိက အသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။ Android စက်လည်ပတ်မှုကဲ့သို့ Linux အခြေပြု Open Source ပလတ်ဖောင်းဖြစ်သည့် Tizenသည် အချိန် အတိုင်းအတာများစွာ ရင်းနှီးခဲ့ရသော စက်လည်ပတ်မှု စနစ် တစ်ခုဖြစ်ပြီး ငွေအရင်းအနှီးများစွာလည်း မြှုပ်နှံခဲ့ရသည်။ Samsung အနေဖြင့် Android နေရာတွင် Bada စက်လည်ပတ်မှုကို အနည်းငယ် အစားထိုးကာ



Image Credit: www.pagegadget.com

ထုတ်လုပ်ခဲ့ဖူးသော်လည်း Tizen Projectအား ဖန်တီးပြီးချိန်မှ စတင်ကာ Badaကို လက်လွှတ်ခဲ့သည်။ မိုဘိုင်းပစ္စည်းများ ဖြစ်သည့် တက်ဘလက်များတွင် Windows 8 စက်လည်ပတ်မှုနှင့် စမတ်ဖုန်းများတွင် Windows 8 Phone စက်လည်ပတ်မှုများကို နည်းပညာကုမ္ပဏီ အများစု၏ မိုဘိုင်းပစ္စည်း အမျိုးအစားသစ်များအတွက် အသုံးပြုနေကြရာ Samsung အနေဖြင့် ယင်းစက်လည်ပတ်မှု စနစ်များအား စိတ်ဝင်စားမှု ရှိသော်လည်း Tizenကိုသာ ပိုမိုကောင်းမွန်ရန် အာရုံစိုက်နေကြသည်။ Samsung၏ အကြီးအကဲ ဖြစ်သူ ဂျေကေရှင်းကတော့ "Windows စက်လည်ပတ်မှုတွေကို အသုံးပြုထားတဲ့ မိုဘိုင်းပစ္စည်းတွေက ထုတ်လုပ်သူ များပေမယ့် ဈေးကွက် အခြေအနေအရ Androidလောက် မကောင်းပါဘူး။ ဒါကြောင့် Android ထက်ပိုပြီး ပြည့်စုံမှုရှိသလို Windows ပလတ်ဖောင်းထက်လည်း ပိုပြီး လူကြိုက်များနိုင်တဲ့ Tizenကို အဓိက ရွေးချယ်ဖို့ စိတ်ကူးခဲ့ရတာပါဟု ပြောကြားခဲ့သည်။ Tizen စက်လည်ပတ်မှု အခြေပြု စမတ်ဖုန်းများကို လာမည့် စက်တင်ဘာတွင် အကောင်းဆုံး နည်းပညာ ဖန်တီးမှုများဖြင့် ထုတ်လုပ် မိတ်ဆက်သွားမည်ဟုလည်း ပြောကြားထားပြီး ဟာ့ဒ်ဝဲပိုင်း၌ အရည်အသွေး အကောင်းဆုံးဖြစ်ရန် စီစဉ်သွားမည် ဖြစ်သည်။

## Technoland၏ (၁၃)နှစ်ပြည့် အထိမ်းအမှတ် ကံထူးရှင် ရွေးချယ်ပွဲ

TZO

Technoland Electronics Expert၏ (၁၃)နှစ်ပြည့် အထိမ်းအမှတ် အထူး ဈေးရောင်းပွဲတော်၏ ကံထူးရှင် ရွေးချယ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း (အလယ်ဘလောက်) အမှတ် - ၁၆၂/၁၇၀တွင် ၂၊ ၄၊ ၂၀၁၃ရက်နေ့ နံနက် ၉နာရီခွဲတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အခမ်းအနားမှူးအဖြစ် HR ဦးမြင့်ဇော်မှ ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနား အစီအစဉ်များကို ဖတ်ကြား၍ ကံစမ်းမဲ ပြုလုပ်ရခြင်း အကြောင်းကို ရှင်းလင်းတင်ပြပါသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော Electronics ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များမှ ကံစမ်းမဲများ နှိုက်ပေးပြီး ပေါက်မဲ နံပါတ်များကို ကြေညာပေးပါသည်။ အခမ်းအနားတွင် ဧည့်ပရိသတ်များကို အကျွေးအမွေးများဖြင့် ဧည့်ခံပေးပါသည်။ အဆိုပါ ကံထူးရှင် ရွေးချယ်ပွဲ အခမ်းအနားတွင် Technolandဆိုင်များမှ Lap Top, Desktopများကို ၂၀၁၃ခုနှစ်၊ မတ်လ ၁ရက်နေ့မှ ၃၁ရက်နေ့အတွင်း ဝယ်ယူ အားပေးသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် iPad Mini ၁၃လုံး အပါအဝင် Tablet, Printerစသည့် ၇၇သိန်း တန်ဖိုးရှိ ဆုမဲများကို ကံစမ်းမဲဖောက်၍ ချီးမြှင့်ပေးခြင်း ဖြစ်ပါသည်။ Technoland၏ လုပ်ငန်းခွဲ တစ်ခုဖြစ်သော Aperture (Photo Studio)ဖွင့်ပွဲ အခမ်းအနားကိုလည်း တစ်ဆက်တည်း ကျင်းပခဲ့ကြောင်း သိရပါသည်။

## နိုင်ငံတကာ မီဒီယာရုံးခွဲများ မြန်မာနိုင်ငံတွင် မကြာမီ ဖွင့်လှစ်သွားမည်

လင်းထက်

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးမှ မကြာမီကာလအတွင်း ဂျပန်အခြေစိုက် အသံလွှင့်ဌာနတစ်ခုဖြစ်သော NHKနှင့် အမေရိကန် အခြေစိုက် Wire Service Associated Pressတို့အား မြန်မာပြည်တွင် ရုံးခွဲများ ဖွင့်လှစ်ခွင့် ပြုလိုက်ပြီဖြစ်ကြောင်း Mizzimaသတင်းဌာနမှ ဖော်ပြခဲ့ပါသည်။ ထို့အပြင် ဂျပန်အခြေစိုက် သတင်းဌာနတစ်ခုဖြစ်သော Kyodo Newsမှလည်း ရုံးခွဲလာရောက်ဖွင့်လှစ်နိုင်ရန် လေ့လာမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှ ပြောရေး ဆိုခွင့်ရှိသူတစ်ဦးက ပြောပါသည်။ အခြားသော နိုင်ငံခြား သတင်း ဌာနများဖြစ်သော Voice of America(VOA)၊ British Broadcasting Coporation(BBC)နှင့် Radio Free Asia(RFA) ရုံးခွဲများမှာလည်း ၂၀၁၂ခုနှစ် နှစ်လယ်ပိုင်းများက မြန်မာနိုင်ငံတွင် ရုံးခွဲများလာရောက် ဖွင့်လှစ်ခဲ့ကြောင်း သိရှိရပါသည်။ "အရင်တုန်းက မြန်မာနိုင်ငံကို သတင်းသွားယူဖို့ ကိစ္စရပ်တွေရှိခဲ့ရင် ခွင့်ပြုချက်ကို ဝါရှင်တန်က တဆင့်ခွင့်ပြုပေးခဲ့ရပြီးတော့ ထိုင်းနိုင်ငံ ဒါမှမဟုတ် တရုတ်နိုင်ငံကတဆင့်ပဲ သတင်းတွေ ရယူခဲ့ရပါတယ်"ဟု RFAသတင်းဌာန မြန်မာပိုင်းမှ ဝန်ထမ်းဖြစ်သူ ကိုကျော်ကျော်က ပြောပါသည်။ ယခုကဲ့သို့ နိုင်ငံခြား သတင်းဌာနများ ဖွင့်လှစ် လာခဲ့မှုကြောင့် တိကျသေချာတဲ့ သတင်းတွေကို ရရှိသိမြင်လာမှာ ဖြစ်ကြောင်းကိုလည်း ဆက်လက်ပြောကြားခဲ့ပါသည်။

## သင်္ကြန်အကြို အထူး ဈေးရောင်းပွဲကို KMD Sales Centreတိုင်းတွင် ကျင်းပ ပြုလုပ်မည်

မြန်မာနှစ်သစ်ကူး အချိန်ဖြစ်သော သင်္ကြန်ကာလတွင် KMD Sales Centreခွဲများ ဖြစ်သော KMD (ပန်းဆိုးတန်း)၊ KMD (မြေနီကုန်း)၊ KMD (China Town)၊ KMD(တာမွေ) Centreတို့၌ ကွန်ပျူတာ၊ မိုဘိုင်းလ်နှင့် ဆက်စပ် ပစ္စည်းများကို ဧပြီလ (၅)ရက်နေ့မှ (၁၁)ရက်နေ့အထိ အထူး လျှော့ဈေးများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဈေးရောင်းပွဲတွင် Noteboook, Desktopနှင့် Accessories ပစ္စည်းများကို ပုံမှန် ရောင်းဈေးများထက် လျှော့ချ ရောင်းချပေးမည့်အပြင် လက်ဆောင် ပစ္စည်းများကိုလည်း ပေးသွားမည် ဖြစ်သည်။ KMD Mobile Centreတွင် မိုဘိုင်းလ် Brandမျိုးစုံနှင့် Tablet မျိုးစုံတို့ကို အထူးလျှော့ဈေးများဖြင့် ရွေးချယ် ဝယ်ယူနိုင်မည့်အပြင် သက်ဆိုင်ရာ အမှတ်တံဆိပ်များမှ ပေးသော Warrantyများအတိုင်း အပြည့်အဝ ရရှိမည် ဖြစ်သည်။ ဒို့အပြင် ဝယ်ယူထားသော ဖုန်းများအလိုက် လက်ဆောင်ပစ္စည်းများကို ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ လက်ဆောင်ပစ္စည်းများမှာ Screen Cover, KeyChain, (5000)နှင့် (10000)တန် ငွေဖြည့်ကဒ်များ၊ Butterfly Phone Cover, 8G Micro SD အစရှိသော ပစ္စည်းများ ဖြစ်သည်။ KMD Sales Centre၏ အထူး လျှော့ဈေး အစီအစဉ်များကို အစိုးရ ရုံးပိတ်ရက်များအတွင်း အမြဲတမ်း ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။ အသေးစိတ် သိလိုပါက KMD (ပန်းဆိုးတန်း) - ၂၄၅-၁၈၀၊ ၃၈၅-၁၇၇၊ ၃၈၅-၈၇၇၊ KMD (မြေနီကုန်း)-၅၀၃-၅၁၁၊ ၅၀၃-၅၂၂၊ KMD (China Town) - ၀၁-၂၃၀-၃၀၈၁၊ ၂၃၀-၃၀၈၂၊ KMD (တာမွေ) - ၅၄၆-၆၀၀သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

## ထိုင်းလေကြောင်းလိုင်း Nok Airက မြန်မာနှင့် လေကြောင်းများ ပျံသန်းမည်

လင်းထက်


Image Credit: www.common.wikimedia.org

ထိုင်းနိုင်ငံ အခြေစိုက် လေကြောင်း ကုမ္ပဏီတစ်ခုဖြစ်သော Nok Airသည် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့နှင့် မြန်မာနိုင်ငံအကြား လေကြောင်းလိုင်း နှစ်လိုင်း တိုးချဲ့ ပြေးဆွဲသွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရပါသည်။ မကြာမီ ကာလအတွင်း ဖြစ်ပေါ်လာမည့် မဲဆောက် အထူးစီးပွားရေးဇုန်နှင့် မြန်မာနိုင်ငံကို တိုက်ရိုက်ချိတ်ဆက်သွားရန်နှင့် Asian Economic Community(AEC) စနစ် အကောင်အထည် ပေါ်လာရေးတို့အတွက် ရည်ရွယ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။ မဲဆောက်နှင့် မြန်မာနိုင်ငံ၊ မော်လမြိုင်မြို့ တို့အကြား လေကြောင်း ပြေးဆွဲခြင်းအား ဦးစွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို Nok Airမှ ဒါရိုက်တာ Mr.Somchainuek Engtrakulနှင့် အုပ်ချုပ်ရေးမှူး Mr.Patee Sarasinတို့က သတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့ပါသည်။ ထို့အပြင် စရိတ်နည်း လေကြောင်းလိုင်း တစ်ခုအဖြစ် မဲဆောက်နှင့် ရန်ကုန်ကိုလည်း လေကြောင်းလိုင်းတစ်လိုင်း ပျံသန်းသွားမည်ဖြစ်ကြောင်း ပြောပါသည်။ မကြာသေးခင်ကမှ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ထားရှိခဲ့သော မဲဆောက် နယ်စပ်စခန်းအား နယ်စပ်ဖြတ်ကျော် သွားလာ ကုန်သွယ်ခွင့် သဘောတူညီမှု၏ နောက်ဆက်တွဲ ရလဒ်တစ်ခု ဖြစ်ကြောင်းလည်း သိရပါသည်။ ထို့အပြင် ၂၀၁၅ခုနှစ်အတွက် မျှော်မှန်းထားသည့် AECစနစ် ပေါ်ပေါက်လာရေးအတွက်လည်း ရည်ရွယ်ကြောင်း သိရပါသည်။

## WHO WE ARE

### MYANMAR ICT JOURNAL

| | |
|---|---|
| Telephone | (01) 430-897, (01) 553-918 |
| Email (Ad) | advertising@myanmarict.com |
| Email (News) | newsroom@myanmarict.com |
| Email (Classified) | classified@myanmarict.com |
| SubscribeICT | circulation@myanmarict.com |
| Website | www.ict.com.mm |
| | www.facebook.com/myanmarict |
| Head Office | 58B, Myanma Gon Yaung Housing, Than Thu Mar Road, Tamwe Township, 11211, Yangon, Myanmar. |

### EDITORIAL TEAM

| | |
|---|---|
| CEO<br>Editor in Chief | Phyo Min Min |
| Editor | Than Htay |
| Feature Editor | Win-win, Dr. PTS, Ma Ma Zee Kwet, Ma Naw Phyu Lay |
| | APT, TZO, Nay Aung Latt, iGeek, Key |
| Translator | Min Khant |
| Reporter | Daiwe, Jet Sin, Myo Zin, Thant Zin Oo |
| Proof Editor | Thandar Su Htwe, Kyawt Kyawt Paing |
| Accountant | Wai Wai Tun |
| Illustration | Ko Ko Aung, Lin Kyal |
| Photographer | Thein Zaw Win (Photo Magic) |
| Art Director | Media Lane, The Creative Agency |
| Film | Eagle Press Colour Separation |
| Printing | Seik Ku Cho Cho |

### ADVERTISING

| | |
|---|---|
| Snr. Marketing | Thwe Thwe Aye |
| Coordinator | May Thu Kyaw, Kyaw Lwin Htun, Ei Hnin Phyo, Si Thu Soe Paing, Moe Thidar Hlaing, Hnin Wai Aung |

### CIRCULATION/ DISTRIBUTION

| | |
|---|---|
| Manager | U Aung Than Htun |
| Coordinator | Nyi Min Htike, Thein Linn |

မြန်မာအိုင်စီတီဂျာနယ်ကို ယာယီမှတ်ပုံတင်အမှတ် ၁၅၂၁ဖြင့် ထုတ်ဝေပါသည်။


# ကုမ္ပဏီထောင်နိုင်ရန် ထောက်ပံ့ပေးမည့် နည်းပညာ စွန့်ဦး တီထွင်မှု ပြိုင်ပွဲကျင်းပမည်

ဒေဝီ

မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ပူးပေါင်း၍ နည်းပညာ စွန့်ဦးတီထွင်မှုပြိုင်ပွဲ ကျင်းပမည် ဖြစ်ပြီး ဆုရသူများအား ကုမ္ပဏီ တည်ထောင်နိုင်ရန် ထောက်ပံ့ပေးမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)မှ သိရသည်။ ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA)၏ အထောက်အပံ့ဖြင့် ကိုရီးယားလေကြောင်း အာကာသ တက္ကသိုလ်နှင့် MCFတို့ ပူးပေါင်း ဆောင်ရွက်မှုဖြင့် Myanmar Korea IT Centerမှ နည်းပညာ စွန့်ဦးတီထွင်မှုပြိုင်ပွဲ ပထမဦးဆုံးအကြိမ် ကျင်းပမည်ဖြစ်ပြီး ဆုရွေးချယ် ခံရသူများကို ကုမ္ပဏီ မှတ်ပုံတင်သည့်အခါ လိုအပ်သည့် ကျပ်ငါးသိန်းနှင့် ကုမ္ပဏီ မှတ်ပုံတင်ကြေး ကျပ် ၁၅သိန်းနှင့် ခြောက်လစာ အလုပ်နေရာနှင့် လစာငွေများ ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ "နည်းပညာ စွန့်ဦး တီထွင်မှု ပြိုင်ပွဲကို မြန်မာနိုင်ငံမှာ ပထမဦးဆုံးအနေနဲ့ ကျင်းပမှာပါ။ ဆုရွေးချယ် ခံရတဲ့ သူတွေကို ကုမ္ပဏီ တည်ထောင်နိုင်ဖို့အတွက် ထောက်ပံ့မှုတွေ လုပ်သွားမယ်။ ကုမ္ပဏီ မှတ်ပုံတင်တဲ့အခါ လိုအပ်တဲ့ ကိုယ်စားလှယ်အတွက် ငါးသိန်းပါ ထောက်ပံ့မှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။ ယင်းပြိုင်ပွဲတွင် ရွေးချယ်ခံရသူများကို နှစ်လအတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဥပဒေ လုပ်ထုံး လုပ်နည်းများအရ မှတ်ပုံတင်နိုင်ရန် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း နည်းပညာ စွန့်ဦးတီထွင်မှု ပြိုင်ပွဲတွင် Mariking System, Cmmerence, e- Government, Mobile Applications, Online Social Networking System, Education, Information Security, Minigovernment, Toureism, HeaMh Care အစရှိသည့် ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို ဘွဲ့ရကျောင်းသား၊ ကျောင်းသူများနှင့် Freelance Developerများ ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ "ဒီပြိုင်ပွဲက လူငယ်တွေရဲ့ စွမ်းရည်ကို အဓိက ထုတ်ဖော်ပေးနိုင်မယ့် ရည်ရွယ်ချက်နဲ့ ယှဉ်ပြိုင်စေခြင်း ဖြစ်ပါတယ်။ Business Plan မူကြမ်းကို MS World Formatနဲ့ ရေးသားပြီး Video Presentation Fileကို ၂၂ ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ရမှာပါ"ဟု ယင်းက ဆက်လက်ပြောသည်။ ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကိုစည်သူထွန်းက "ကိုရီးယားနဲ့ ပူးပေါင်း ဆောင်ရွက်တဲ့ နည်းပညာ စွန့်ဦးတီထွင်မှု ပြိုင်ပွဲကို စိတ်ဝင်စားတယ်။ ကြိုးစားချင်စိတ် ရှိတဲ့ လူငယ်တွေအတွက် အများကြီး မျှော်လင့်ချက်ရှိတယ်။ ကုမ္ပဏီပါ တည်ထောင်နိုင်အောင် ကူညီပေးမယ်ဆိုတော့ ဝင်ပြိုင် ကြည့်ချင်တယ်" ဟု ပြောသည်။ အဆိုပါ ပြိုင်ပွဲမှာ ပထမအဆင့် ရွေးချယ်ခြင်း ခံရသူကို ဧပြီ ၂၆ရက် နေ့တွင် ကြေညာပေးသွားမည်ဖြစ်ကာ ယှဉ်ပြိုင်လိုသူများ အနေဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

# ဧပြီလ ၂၇ရက်နေ့တွင် Samsung Galaxy Note 8.0ကို စတင်ရောင်းချမည်

ဒေဝီ



ကိုရီးယားနိုင်ငံထုတ် Samsung Brandသည် မြန်မာပြည်တွင် ထိပ်တန်းဈေး၊ အရှေ့တောင် အာရှနိုင်ငံများထဲတွင် ထိပ်ဆုံးမှာ ရပ်တည်နေတဲ့ Samsung Model များထဲတွင် Model အသစ် Samsung Galaxy Note 8.0ကို မြန်မာပြည်တွင် ဧပြီလ ၂၇ရက်နေ့တွင် တရားဝင် စတင်ရောင်းချတော့မည် ဖြစ်ကြောင်းကို Thai Samsung Electronic Co.,Ltd. Sinior Marketing ကိုသီဟလှလင်က ပြောသည်။ "ပစ္စည်းသစ်တွေတော့ အများကြီး ဝင်လာဖို့ ရှိတယ်။ Samsung Glaxy Note 8.0ကိုတော့ ၂၇ရက်နေ့မှာ Samsung Showroomတွေ Mobile ဆိုင်တွေ တော်တော်များများမှာ အလုံးရေ အကန့်အသတ်မရှိ ရောင်းချပေးသွားမှာပါ။ ဈေးနှုန်းကိုတော့ အဲဒီရက်နား ရောက်တော့မှ သေချာ ပြောလို့ရမှာ အခုထိတော့ ခန့်မှန်းချေ ပြောလို့ မရသေးပါဘူး"ဟု ၎င်းကပြောပါသည်။

Samsungသည် လူကြိုက်အများဆုံး Smart Mobile ဟန်းဆက်အဖြစ် ရပ်တည်နေလျက်ရှိပြီး Samsung Galaxy S4ကိုလည်း ပြည်တွင်းမှ Samsung ချစ်သူများကလည်း မျှော်လင့် စောင့်စားနေကြကြောင်း သိရသည်။

# အရှိန်ပြင်းစွာ မောင်းနှင်မှုကြောင့် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးရှိ ယာဉ်တိမ်းမှောက်မှုများ ရှိနေ

ဒေဝီ

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှာ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်များ ဖြစ်ပွားရာ ယာဉ်မောင်းများ အရှိန်ပြင်းစွာ မောင်းနှင်မှုကြောင့် ဖြစ်ပွားလျက်ရှိနေတာ ဖြစ်တယ်လို့ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှ သတင်းများအရ သိရပါတယ်။ ဒါ့အပြင် ယာဉ်မောင်း အိပ်ငိုက်ခြင်း၊ မူးယစ် သောက်စား မောင်းနှင်ခြင်း၊ ယာဉ်ချို့ယွင်းခြင်း စတဲ့ အကြောင်း အချက်များကြောင့်လည်း ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားလျက် ရှိနေတာ ဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၂ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှစပြီး အမြန်လမ်းမကြီးမှာ ရဲတပ်ဖွဲ့ကို ဖွဲ့စည်းပြီး ယာဉ်အန္တရာယ် ကင်းရှင်းရေးနဲ့ အမြန်လမ်းမကြီးရဲ့ လုံခြုံရေး ဆိုင်ရာများအတွက် အမြန် လမ်းကွပ်ကဲရေး ရုံးတစ်ရုံး အပြင် အမြန်လမ်းရဲစခန်း ၁၄ ခုနဲ့ နေ့/ည လုံခြုံရေး တာဝန်များ၊ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး တာဝန်များ ထမ်းဆောင်လျက် ရှိတယ်လို့ သိရပါတယ်။ ဒါ့အပြင် အမြန်လမ်းရဲတပ်ဖွဲ့ စခန်းများ စတင်ဖွင့်လှစ်ခဲ့တဲ့ နေ့မှစပြီး အခု ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ အထိ ယာဉ်တိမ်းမှောက်မှု ၁၄၁ ကြိမ်၊ သေဆုံးသူ ကျား ၆၉ ဦး၊ မ ၂၁ ဦး စုစုပေါင်း ၉၀ ဦးနဲ့ ထိခိုက် ဒဏ်ရာရရှိသူ ကျား ၁၉၆ ဦး၊ မ ၁၀၈ ဦး စုစုပေါင်း ၃၀၄ ဦး ရှိခဲ့ပြီး ယာဉ်တိမ်းမှောက်မှုများကိုလည်း အရေးယူ ဆောင်ရွက်ခဲ့ပြီး ဖြစ်တယ်လို့ သိရပါတယ်။

ယခုအခါ အမြန်လမ်းမကြီးပေါ်မှာ သွားလာနေကြတဲ့ ယာဉ်များ အန္တရာယ် မရှိစေဖို့ အတွက် အမြန်လမ်းမကြီး ဥပဒေမှာ သတ်မှတ် ထားတဲ့ အနှေးယာဉ်များ၊ ကျွဲ၊ နွားများ သွားလာခြင်းများအား ဖမ်းဆီး အရေးယူလျက်ရှိတဲ့ အပြင် အမြန် လမ်းမကြီး ဥပဒေအရ မော်တော်ဆိုင်ကယ် စီးနင်းသူများအား ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၁၁ ရက်နေ့ အထိ ဖမ်းဆီး အရေးယူမှုမှာ တစ်ထောင့် နှစ်ရာ ရှစ်ဆယ့်နှစ်စီးရှိပြီး သက်ဆိုင်ရာ တရားရုံး များသို့ တရားစွဲ တင်ပို့ အပြစ်ပေးလျက် ရှိတယ်လို့ သိရပါတယ်။

# Dell OEM Solution နည်းပညာ သတင်းစာရှင်းလင်းပွဲ

ဒေဝီ





Inyaland Co.Ltd၏ (Business Technology Solutions by Dell OEM Solution နည်းပညာ ရှင်းလင်းပွဲကို ဧပြီလ ၄ရက်နေ့ Chatrum Hotel Royal Lakeတွင် ကျင်းပပြုလုပ်ခဲ့သည်။ Inyaland ကုမ္ပဏီသည် Hardware, Software ပစ္စည်းများကို အဓိက ဖြန့်ဖြူးပေးလျက်ရှိသော ကုမ္ပဏီတစ်ခု ဖြစ်သည်။ အဆိုပါ အခမ်းအနားကို IT ပညာရပ်ကို လေ့လာသူများ စိတ်ပါဝင်စားသူများနှင့် ITလုပ်ငန်းရှင်များနှင့် အထူးဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည့်အပြင် Dell OEM Solutionမှ Manager David Linတို့မှ ရှင်းလင်းပြောကြားသွားပါသည်။

# www.google.com.mmကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်ပြီ




Googleတွင် မြန်မာဘာသာသုံး စနစ်များအား စတင် သုံးစွဲနိုင်နေပြီ ဖြစ်ကြောင်း သိရပါသည်။ အသုံးပြုပုံမှာ www.google.com.mmကို ရိုက်ထည့်ရမည် ဖြစ်ပြီး Google Search Engineပေါ်လာသောအခါ Search Box၏ အောက်ဖက်တွင် မြန်မာဘာသာဟူသော Tabကို ရွေးချယ်ခြင်းအားဖြင့် မြန်မာဘာသာသုံး စနစ်ကို အသုံးပြုနိုင်မည် ဖြစ်ပါသည်။ Google စနစ်အား မြန်မာဘာသာဖြင့် သုံးစွဲလိုသူများအနေဖြင့် မိမိ၏ ကွန်ပျူတာတွင် Myanmar 2နှင့် Myanmar 3 Unicode Fontများဖြင့်သာ ထည့်သွင်း အသုံးပြုနိုင်မည် ဖြစ်သည်။ Google၏ အမှုဆောင်ဖြစ်သူ မြန်မာနိုင်ငံသို့ မရောက်လာမီ တစ်ရက်အလိုတွင် အဆိုပါစနစ်အား သုံးစွဲနိုင်ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သော်လည်း မြန်မာဘာသာဖြင့် သုံးစွဲ၍ မရခဲ့ပဲ ဧပြီလ ၄ရက်နေ့မှ သာလျှင် မြန်မာဘာသာစနစ်ဖြင့် သုံးစွဲနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ Google အုပ်ချုပ်သူ Mr.Eric Schmidt မြန်မာနိုင်ငံသို့ လာရောက်ပြီးနောက် Google၏ ဝန်ဆောင်မှုများဖြစ်သော Google Play Storeနှင့် Google Analyticsများအပါအဝင် ယခုကဲ့သို့သော မြန်မာဘာသာသုံးစနစ်များလည်း အသုံးပြုလာနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရပါသည်။

# e-Learning & Facilitation Training အကြိုမိတ်ဆက် ဟောပြောခဲ့

ဒေဝီ

အကြို မိတ်ဆက် ဟောပြောခဲ့တဲ့ e-Learning & Facilitation Trainingအတွက်ကို မတ်လ ၃၁ ရက်နေ့က ဗိုလ်အောင်ကျော်လမ်းရှိ အိုလံပစ်တာဝါတွင် ပြုလုပ်ခဲ့သည်။ ပြုလုပ်ရာမှာ ဖွင့်လှစ်သွားမည့် သင်တန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေး ပြောကြားခဲ့ရာတွင် အဓိက အချက်များ အနေနှင့် e-Learningရဲ့ အခြေခံ သဘောတရားများ သင်ရိုးညွှန်းတမ်းများကို ဒီဇိုင်း ဆွဲခြင်း၊ တည်ဆောက်ခြင်း၊ အွန်လိုင်း သင်တန်းများ၊ ဆွေးနွေး ပွဲများကို စီစဉ်ခြင်းနဲ့ ထိရောက်သော မေးခွန်းမေးနည်း စနစ်များ ပါဝင် ဆွေးနွေး ခဲ့ကြောင်း သိရသည်။ သင်တန်း ပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက် အနေဖြင့် သင်ကြားမှု ပိုင်းနည်းစနစ်များ ပိုမို နည်းလမ်းကျစေရေး အတွက် ပြည်တွင်း ကျောင်းသားများ၏ လေ့လာမှုများကို အားပေး အထောက်အကူ ပြုရန်ရည်ရွယ် ဆောင်ရွက်ကြောင်းသိရပါသည်။ အဆိုပါ သင်တန်းကိုတော့ Present in Styleမှ ကြီးမှူးပြီး Kyaw Thu & Associatesတို့မှ ပူးပေါင်းပြီး သင်တန်းပို့ချ သွားမည်ဖြစ်ကြောင်း သိရပါသည်။ အပြည်ပြည်ဆိုင်ရာ အဆင့် သင်ကြားနည်းများကို လေ့လာလိုသော ဆရာ၊ ဆရာများအတွက် တက်ရောက်ရန် သင့်သည့်သင်တန်း တစ်ခု ဖြစ်တယ်ကြောင်း အဆိုပါ သင်တန်းမှ တာဝန်ရှိသူ တစ်ဦးရဲ့ ပြောပြချက်အရ သိရပါတယ်။ "အခုလို ပို့ချ သွားမယ့် သင်တန်းကိုတော့ ဧပြီလ ၆ ရက်၊ ၇ ရက်နဲ့ ၈ ရက်နေ့ တို့မှာ သင်ကြား သွားမှာ ဖြစ်ပြီး သင်တန်းကြေး အနေနဲ့တော့ ၂သိန်း ၁သောင်းကျပ် ဖြစ်တယ်လို့" ယင်းက ထပ်မံ ပြောကြားသွားသည်။

# National ICT Award 2012အတွက် Educatinonal Project Competition ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပရောဂျက်များ ခင်းကျင်း ပြသပွဲ ကျင်းပ ပြုလုပ်

National ICT Award 2012 အတွက် Educatinonal Project Competition ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဆုရ ပရောဂျက်များ ခင်းကျင်းပြသပွဲကို မတ်လ ၃၀ရက်နေ့က လှိုင်တက္ကသိုလ်နယ်မြေရှိ MICT Park Conference Hallတွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ အဖွင့် အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဌမှ ကြိုဆို နှုတ်ခွန်းဆက် စကား ပြောကြားခဲ့သည်။ ထို့နောက် National ICT Award 2012 အတွက် Educational Project Competition ပြိုင်ပွဲမှ ဆုရရှိသူများကို ဆုချီးမြှင့်သည်။ ထို့ပြင် National ICT Award 2012 ပြိုင်ပွဲ ဆုရွေးချယ်ရေးအတွက် အကဲဖြတ်ပေးခဲ့ကြသော မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင် အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ ဝါသနာရှင်အသင်းတို့မှ အလုပ် အမှုဆောင်များအား ဂုဏ်ပြု လက်မှတ် ချီးမြှင့် ပေးခဲ့သည်။ ထို့နောက် National ICT Award 2012 ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုး ပေးခဲ့ကြသူများအား ဂုဏ်ပြုလက်မှတ် ချီးမြှင့်ခြင်းနှင့် ပထမအကြိမ် ASEAN ICT Award ပြိုင်ပွဲ၊ Corporate Social Responsibility ကဏ္ဍတွင် ပထမဆု ရရှိခဲ့သော ဦးဇော်နိုင် Mandalay Technology (မန္တလေးနည်းပညာ ကုမ္ပဏီလီမိတက်) မှ အတွေ့အကြုံများ ရှင်းလင်း ပြောကြားခဲ့သည်။



အိုင်စီတီ ဂျာနယ်
Volume 2, Issue 14
MYANMAR ICT JOURNAL

# Facebookရဲ့ Android Eventဟာ Phoneအတွက် မဟုတ်

ဒေဝီ


Image Credit: www.fastcompany.com

အကောင့်အများစုဟာ HTC ဖုန်းနဲ့ Facebook, Internetကို သုံးစွဲရ အဆင်ပြေလျက် ရှိကြောင်း သိရပါတယ်။ သန်းပေါင်းများစွာသော Smart Phoneတွေနဲ့ Facebookကို Aecess လုပ်နေလျက် ရှိနေပြီး ထိုဖုန်းတွေမှာ သုံးနေတဲ့ Appတွေက ဒါဇင်နဲ့ ချီအောင် များပြားနေကြပါတယ်။ ယနေ့ခေတ် FB သုံးစွဲသူ အရေအတွက်ဟာ တီဗီကြည့်သူခန့်ပင် ရှိနေပြီး Facebook သုံးသူ ၁ဘီလီကျော် ရှိသည်ဟု ခန့်မှန်းရကြောင်း သိရပါတယ်။

ယခုကဲ့သို့ Facebookရဲ့ Android Event တီထွင်မှုဟာ Facebook သုံးစွဲသူများကို ပညာပေးနိုင်မယ့် နည်းလမ်း ဖြစ်စေရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း သိရပါတယ်။ ရည်ရွယ်ရင်းမှာ Mobileတွေမှာ Facebook တစ်မျိုးတည်း ရွေးချယ်စရာ ရှိနေပြီး ရွေးချယ်စရာတွေ များပြားလာအောင် ဖန်တီးခြင်း ဖြစ်ပါတယ်။ Appတွေကို ထိန်းချုပ်ထားတဲ့ Google/Apple တို့အနေနဲ့လည်း အသစ်တွေ ဖန်တီးစေချင်ကြောင်း Facebookရဲ့ CEOက ဆိုပါတယ်။ ဒီနေ့ ကြေညာချက်က Facebookက Google Android Software အမျိုးအစား Facebook Homeကို တီထွင်နေပြီး အဲဒီစနစ်မှာ Userက တစ်ချက်ထက်ပိုပြီး Clickစရာမလိုဘဲ စွမ်းဆောင်နိုင်မှာ ဖြစ်ကြောင်း သိရပါတယ်။ လူတွေက Facebook Homeနဲ့ ပတ်သက်ပြီး တစ်စုံတစ်ခု မှားယွင်းမှာ ကြောက်နေကြသော်လည်း မစိုးရိမ်ရန် Facebookရဲ့ CEO Mark Zuckerbergက ပြောကြားခဲ့ပါတယ်။

Facebookသည် ယခုအခါ ကိုယ်ပိုင် အမှတ်တံဆိပ်ဖြင့် စမတ်ဖုန်း OS အမျိုးအစားသစ်တစ်ခု ထုတ်လုပ်ရန် အသင့်ရှိနေပြီဟု သတင်းများ ထွက်ပေါ်လာပြန်သည်။ မကြာခဏ ခန့်မှန်းခံရသော်လည်း လက်တွေ့တွင် တစ်ကြိမ်မျှ အကောင်အထည် ပေါ်မလာသေးသည့် Facebook ဖုန်း ပုံပြင်သည် အသွင်ကွဲ တစ်မျိုးဖြင့် အားကောင်းလာပြီး Google၏ Android စနစ်ကို အခြေခံသည့် OS စနစ်တစ်ခုကို Facebookက ဖန်တီးနေကြောင်း သတင်းများက ရေးသားလာခဲ့သည်။ အစောပိုင်းက Facebookသည် ပိုမို သစ်လွင် အဆင်ပြေ ကောင်းမွန်သည့် Androidသုံး App တစ်ခုကို ထုတ်ဝေမည်ဟု ထင်ကြေးများ ဖြစ်ပေါ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဖုန်း OS ပုံစံကွဲ တစ်ခုကို ဖန်တီးနေသည်ဟု ယူဆစရာ ဖြစ်လာသည်။

Facebookသည် ဧပြီ ၄ရက်နေ့ အခမ်းအနားတွင် မီဒီယာများကို ဖိတ်ခေါ်ကာ ၎င်းတို့၏ Android အခြေခံ OS ပုံစံသစ်ကို ပြသဖွယ် ရှိနေသည်။ TechCrunch၏ လေ့လာသူ ဂျော့ရှ်ကွန်စတင်းက "နီးစပ်တဲ့ သတင်း ရင်းမြစ်တွေရဲ့ အပြောအရတော့ Androidကို အဆင့်မြှင့် မွမ်းမံထားတဲ့ Version တစ်မျိုးလို့ ယူစရာပဲ။ အထူးသဖြင့် Facebookရဲ့ သီးခြား အပိုဆောင်း လုပ်ငန်းတွေကို ထိထိဝင်ဝင် သုံးနိုင်ဖို့ ပိုရည်ရွယ်ပုံ ရတယ်"ဟု ပြောကြားခဲ့သည်။ Facebookသည် ယင်း OSကို အခြေပြုကာ Facebook ဖုန်းတစ်မျိုးကို ရောင်းချရန်လည်း ရှိလာနိုင်ပြီး Hardware ပိုင်းကို HTCက တာဝန်ယူဖွယ် ရှိနေကြောင်းလည်း သိရှိရသည်။

# OK Android အသုံးပြုနည်းနှင့် ပြုပြင်နည်းများ Training Video Lessons DVDခွေနှင့် စာအုပ်ထွက်ရှိ




OK Android အသုံးပြုနည်းနှင့် ပြုပြင်နည်းများ သင်ခန်းစာခွေနှင့် စာအုပ်ကို OK Virus Cleaner Groupမှ ပြုလုပ်ထားခြင်း ဖြစ်ပြီး Android Phoneများကို ကျွမ်းကျင်စွာ အသုံးပြုလိုသူများနှင့် Androidဆိုင်ရာ နည်းပညာများကို လေ့လာလိုသူများအတွက် ရည်ရွယ်ပြုလုပ်ထားခြင်း ဖြစ်သည်။ သင်တန်းများ တက်ရောက်ရန် ခက်ခဲသော နယ်များရှိ Mobileဆိုင် ဖွင့်လှစ်ထားသူများ၊ ဖုန်းဆိုင် ဖွင့်လှစ်လိုသူများ၊ ဖုန်း Services ပြုလုပ်လိုသူများ အတွက်လည်း ရည်ရွယ်ပြုလုပ်ထားခြင်း ဖြစ်သည်။

OK Android အသုံးပြုနည်းနှင့် ပြုပြင်နည်းများ DVDခွေထဲတွင် ပါဝင်သော သင်ခန်းစာများကို မြန်မာဘာသာ ရုပ်/သံ သင်ခန်းစာများဖြင့် လက်တွေ့ရှင်းလင်း ပြသထားသောကြောင့် ဖုန်းပြုပြင်နည်း သင်တန်းများတွင် ကိုယ်တိုင်တက်ရောက် သင်ကြားနေသကဲ့သို့ အလွယ်တကူ လေ့လာနိုင်မည် ဖြစ်သည်။ သင်ခန်းစာများတွင် Android နည်းပညာ အကြောင်း၊ Android Phoneနှင့် Tabletများကို အသေးစိတ် အသုံးပြုနည်းများ၊ Android ဖုန်းများအတွင်းသို့ Application, Gameနှင့် Multimediaများ ထည့်သွင်းပုံ၊ Internetနှင့် Wi-Fi ချိတ်ဆက် အသုံးပြုခြင်း သင်ခန်းစာများ၊ HD Crack Gameများ ထည့်သွင်းခြင်း၊ Ytalk, Viber, Tango, Skype, IMOများ ထည့်သွင်း အသုံးပြု၍ နိုင်ငံရပ်ခြားသို့ ဖုန်းခေါ်ဆိုခြင်း၊ Phone တစ်လုံးနှင့် တစ်လုံး ဓာတ်ပုံများ၊ Appsများ၊ Gameများ၊ Share ပြုလုပ်ခြင်း၊ Wi-Fi Gameချိတ်ဆက်၍ ကစားခြင်း စသည့် သင်ခန်းစာများ ပါဝင်သည်။

ထို့အပြင် ဖုန်း Services ပြုလုပ်ချင်သူများအတွက် အသုံးတည့်သော Mobile Go, 91 PcSuite, HiSuiteများ အသုံးပြု၍ Appsများ၊ Gameများ ထည့်သွင်းခြင်း၊ Phoneအတွင်းမှ Contect, Apps, Gameများကို Backup ပြုလုပ် သိမ်းဆည်းခြင်း၊ Restore ပြုလုပ်ခြင်းများနှင့် Windowsပေါ်တွင် Android Appsနှင့် Gameများကို ထည့်သွင်း အသုံးပြုနည်းများလည်း ပါဝင်သည်။

Mobile သင်တန်းတွင် သင်ပေးသော Androidဖုန်းနှင့် Tabletများကို Root ပြုလုပ်ခြင်း၊ Myanmar Font ထည့်သွင်းခြင်း၊ ဖုန်းများကို Root မလုပ်ဘဲ Myanmar Font ထည့်သွင်းခြင်း စသည့် သင်ခန်းစာ များလည်း ပါဝင်သည်။ Android နည်းပညာကို လေ့လာရာတွင် သိထား သင့်သည့် Bootloader Securityများ အကြောင်းနှင့် Bootloader Unlock ပြုလုပ်ပုံ၊ Clockwork Mode Recovery (CWM) ထည့်သွင်း အသုံးပြုပုံများ၊ Mobileဆိုင်များအတွက် အလွန် အသုံးတည့်သည့် ADB Commandများ အသုံးပြုပုံနှင့် Appsနှင့် Gameများကို အလိုအလျောက် ထည့်သွင်းစေရန် ထည့်သွင်း မြှင့်တင်ခြင်းစသည့် လေ့လာစရာ သင်ခန်းစာများကို ထည့်သွင်း ပေးထားသည့်အပြင် အလွယ်တကူ လေ့လာ အသုံးပြုနိုင်ရန်အတွက် လိုအပ်သော Software, Tools, apkနှင့် USB Driverများကိုလည်း ထည့်သွင်း ပေးထားသည်။

OK Android အသုံးပြုနည်းနှင့် ပြုပြင်နည်းများ DVDခွေနှင့် စာအုပ် နှစ်မျိုးပေါင်းကို ၂,၀၀၀ကျပ်ဖြင့် အမြို့မြို့ အနယ်နယ်ရှိ စာအုပ်ဆိုင်များ၊ ကွန်ပျူတာ CDဆိုင်များ၊ City Martများနှင့် ဖုန်း - 09-730-634-25တွင် ဝယ်ယူ ရရှိနိုင်မည် ဖြစ်သည်။

# တန်ဖိုးနည်း ၁၅၀၀ တန်ဖုန်း နှစ်လအတွင်း ငွေဖြည့်ကတ် ၅၀၀၀ မကုန်လျှင် အလိုအလျောက် ဖြတ်တောက်မည်

သန့်စင်

မြန်မာ့ဆက်သွယ်ရေးမှ တန်ဖိုးနည်းဖုန်း CDMA 800 MHz နှင့် WCDMA 3G အမျိုးအစား Sim Card တစ်ခုလျှင် ၁၅၀၀ ကျပ်ဖြင့် စတင် ရောင်းချတော့မည်ဖြစ်ပြီး နှစ်လအတွင်း ၅၀၀၀ကျပ် မကုန်လျှင် ဖြတ်တောက်မည်ဟု ယခုလ ၁၄ရက်နေ့ ဧပြီ ၄ရက်ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပါရှိသည်။

ရောင်းချပေးမည့် မိုလ်ဘိုင်းဖုန်းများတွင် ကြိုတင် ငွေဖြည့်သဘောဖြင့် ၃၀၀၀ကျပ် ထည့်သွင်း ပေးထားမည်ဖြစ်ကြောင်း၊ ဖုန်းကဒ် ဝယ်ယူ သုံးစွဲသူ အနေဖြင့် ၁၅ရက်အတွင်း မူလ ထည့်ပေးထားသည့် ကြိုတင် ဖြည့်ငွေ ၃၀၀၀ကျပ် မကုန်ဆုံးမီ အနည်းဆုံးငွေ ၅၀၀၀ကျပ် ပြန်လည် ဖြည့်သွင်း သုံးစွဲရမည်ဖြစ်ကြောင်း၊ လက်ဆင့်ကမ်း ရောင်းချခြင်းမှ ကာကွယ်ရန် ၁၅ရက်အတွင်း အသုံးပြုခြင်း မရှိသော တယ်လီဖုန်း Sim Card များအား လိုင်း ပိတ်သိမ်းသွားမည် ဖြစ်ကြောင်း၊ အဆိုပါ တယ်လီဖုန်း Sim Card များအတွက် တပ်ဆင်ခဲ့သော စက်ပစ္စည်း တန်ဖိုး၊ စက်တပ်ဆင်မှု ကုန်ကျစရိတ်များကို တယ်လီဖုန်း ပြောဆိုခ များမှ ပြန်လည် စုစည်း ကောက်ခံရမည်ဖြစ်သောကြောင့် Sim Card ဝယ်ယူပြီး နှစ်လပြည့်သည့် တိုင်အောင် ကျပ်ငွေ ၅၀၀၀ဖိုး ကြိုတင် ငွေဖြည့်ကဒ်ကို အပြည့်အဝ မသုံးစွဲပါက အလိုအလျောက် လိုင်း ဖြတ်တောက်သွားမည် ဖြစ်ကြောင်း၊ ကြိုတင် ဖြည့်ငွေ ကုန်ဆုံးပြီးနောက် ထပ်မံ၍ ငွေဖြည့်သွင်းခြင်း မရှိပါကလည်း အလိုအလျောက် လိုင်း ဖြတ်တောက်သွားမည် ဖြစ်ကြောင်း တန်ဖိုးနည်း ဖုန်းနှင့် ပတ်သက်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ထုတ်ပြန် ကြေညာလိုက်ပါသည်။

စတင် ရောင်းချမည့် မိုဘိုင်းဖုန်း အမျိုးအစားမှာ CDMA-800MHz စနစ် မိုဘိုင်းဖုန်းဖြစ်ပြီး မြန်မာနိုင်ငံ တစ်ဝန်းလုံး သာမက နိုင်ငံခြားသို့ပါ ဆက်သွယ် ပြောဆိုနိုင်မည်ဖြစ်ကြောင်း GSM, WCDMA မိုဘိုင်းဖုန်းများကို နောက်ပိုင်း၌ ဆက်လက် ရောင်းချပေးသွားမည် ဖြစ်ကြောင်း၊ CDMA 800 မိုဘိုင်းဖုန်းလိုင်းများ တပ်ဆင်ခြင်း မရှိသေးသော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် CDMA-800MHzကို ကြိုးဖုန်းအဖြစ် အသုံးပြုနိုင်ရန် စီစဉ်ထားကြောင်း ဧပြီ ၃ရက်နေ့ ညနေ မြန်မာ့ရုပ်မြင်သံကြား သတင်းတွင် ကြေညာသွားသည်။

ယခုထွက်ရှိသော တန်ဖိုးနည်းဖုန်းမှာ ၂၀၀၉ခုနှစ် ဝန်းကျင်က ဖုန်းဈေးကွက် အတွင်း ပေါ်ထွက်ဖူးသည့် ဖုန်းကဒ်နှင့် ဆင်တူကြောင်း၊ ယင်း ဖုန်းငွေဖြည့်ကဒ်အား ကျပ်တစ်သောင်း၊ ကျပ်နှစ်သောင်းခွဲဖြင့် ဖုန်းဆိုင်များမှ ရောင်းချခဲ့ပြီး တစ်လအတွင်း ထည့်သွင်းထားသော ငွေပမာဏအား ကုန်အောင် အသုံးပြုရကြောင်း၊ ကုန်အောင် အသုံးမပြုပါက အလိုအလျောက် ဖြတ်တောက်သွားကြောင်း၊ ကွာခြားချက်တစ်ခုမှာ ထိုဖုန်းကဒ်သည် ဖုန်းနံပါတ် ပုံသေမရှိပဲ ဖုန်းငွေဖြည့်ကဒ် ပြန်လည် ထည့်သွင်းသည့်အခါ နံပါတ် အသစ်ပြောင်းသွားကြောင်း၊ ယခု တန်ဖိုးနည်းဖုန်း အတွက် နှစ်လ ငါးထောင်ကုန်ကျမည်ဆိုသော် ငွေငါးထောင်ကျပ် ကုန်ဆုံးရန်မှာ တစ်လအတွင်းတောင် ကုန်နိုင်ကြောင်း၊ ယခင် တစ်သောင်းတန်ကဒ် အသုံးပြုဖူးသူတစ်ဦးက ဆိုသည်။

MYANMAR ICT JOURNAL အိုင်စီတီ ဂျာနယ်
Volume 2, Issue 14



Camera

# သယ်ယူရ လွယ်ကူမယ့် Panasonicရဲ့ ကင်မရာအသစ် Lumix DMC-TZ30

မင်းခန့်

Panasonicက ခရီးသွားရင်း မှတ်တမ်း တင်ချင်သူတွေအတွက် သယ်ယူရ လွယ်ကူအောင် ရည်ရွယ်ပြီး Lumix DMC-TZ30ဆိုတဲ့ အိတ်ဆောင်ကင်မရာ တစ်ခုကို ဈေးကွက်တင်လိုက်ပါတယ်။ ပုံသဏ္ဍာန်ကို အကြမ်းဖျင်း ကြည့်မယ်ဆိုရင်တော့ မနှစ်က ထုတ်လိုက်တဲ့ မော်ဒယ်လ်လိုပဲ အထင်မှားစရာ ရှိပေမယ့် နည်းပညာ အသုံးချမှု မတူတာတွေကိုတော့ တွေ့မြင်ရပါတယ်။ ကုမ္ပဏီ ကိုယ်တိုင်ကတောင် Lumix DMC-TZ30 အားကိုးနဲ့ Fujiနဲ့ Canon ဆီက ဈေးကွက်ကို ပြန်ပြီး ရယူနိုင်မယ်လို့ မျှော်လင့်ထားကြောင်း ကြေညာထားပါတယ်။




## Lens

Lensရဲ့ Focus လုပ်နိုင်မှုက အနည်းဆုံး 24mmကနေ အမြင့်ဆုံး 480mmအထိ ချိန်ညှိနိုင်မှာဖြစ်လို့ Image တွေကို အနီးအဝေး မရွေး အကောင်းဆုံး ဖမ်းယူ ရိုက်ကူးနိုင်ပါလိမ့်မယ်။ ပြီးတော့ Lens အတွင်း အပို အလင်း ဝင်ရောက်မှုကို အကောင်းဆုံး ဟန့်တားနိုင်တဲ့ တည်ဆောက်မှုမျိုးနဲ့ ထုတ်လုပ်ထားတာ တွေ့ရပါတယ်။ Light Speedက 0.1 စက္ကန့်ဖြစ်လို့ ပုံရိပ်ဖမ်းယူမှုမှာ ကွာဟချက် ဖြစ်ပေါ်မှု၊ ပုံရိပ် မတည်ငြိမ်မှုတွေ မဖြစ်စေနိုင်ပါဘူး။

## Display

ဒ့ါအပြင် Display အနေနဲ့ ၃ လက်မ အကျယ်ရှိတဲ့ LCD အမျိုးအစား Touch Screen ပါဝင်ပြီး Setting အပြောင်းအလဲတွေကိုတော့ Touchစနစ်နဲ့ ပြောင်းလဲနိုင်မှာ ဖြစ်ပါတယ်။ Screen Resolutionက 460,000 Pixelsတောင် ရှိတာမို့ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေကို အကောင်းဆုံး ပြန်လည် ကြည့်ရှုနိုင်မှာပါ။ တည်နေရာပြ GPSစနစ်ပါ ပါဝင်သေးတာကြောင့် ခရီးသွားရင်း ယူဆောင်သူတွေအတွက်ပါ အရမ်း အဆင်ပြေ စေပါလိမ့်မယ်။ Power အဖွင့် အပိတ် မြန်ဆန်မှု၊ Auto Focus စနစ်၊ HD Video ကြည့်ရှုနိုင်မှုနဲ့ စွမ်းဆောင်ရည် ပြည့်ဝမှုတွေက အားသာချက်တွေ ဖြစ်ပါတယ်။ Sensor Sizeက 14.1 Megapixel (4,320×3,240) ရှိတာကို တွေ့ရပါတယ်။

## Other Feature

Memory အနေနဲ့တော့ Built-in အနေနဲ့ 12 MBပဲရှိလို့ External SDXC Cardကို ဝယ်ယူ ထည့်သွင်း အသုံးပြုရပါလိမ့်မယ်။ Battery အမျိုးအစားက Li-ion ဖြစ်ပြီး ရိုက်ချက်ပေါင်း ၂၆ဝကို တစ်ဆက်တည်း ရိုက်ကူး နိုင်မယ်လို့ သိရပါတယ်။ ကိုယ်ထည်ပိုင်းက ၆၁×၁ဝ၅ မီလီမီတာဖြစ်ပြီး အထူကတော့ ၃ဝ မီလီမီတာပဲ ရှိပါတယ်။ အာမခံအနေနဲ့ Panasonicက တစ်နှစ်ခွင့်ပြုထားပါတယ်။ ဈေးနှုန်းက စတာလင်ပေါင် ၂၂၉.၉၅ ဖြစ်တာကြောင့် ပုံမှန် အိတ်ဆောင် ကင်မရာတွေနဲ့စာရင်တော့ ဈေးနှုန်းက အနည်းငယ် များနေတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် အိတ်ဆောင် ကင်မရာတစ်လုံးနဲ့ မလိုက်အောင် စွမ်းဆောင်နိုင်တာမို့ Panasonic Lumix DMC-TZ30ဟာ သုံးစွဲသူအပေါ် အကောင်းဆုံး စိတ်ကျေနပ်မှုကို ပေးစွမ်းနိုင်ပါလိမ့်မယ်။

---

Ultrabook

# စိတ်ကြိုက် ချိန်ညှိနိုင်မယ့် Screen ဒီဇိုင်းနဲ့ Dell XPS 12 Ultrabook

လင်းထက်

## Body

Aluminium ကိုယ်ထည်ကို အခြေခံပြီး Gorilla Glassနဲ့ ဘောင်ခတ်ထားတဲ့အပြင် Carbon Fiberတွေနဲ့ မွမ်းမံထားလို့ ကိုယ်ထည်ပိုင်း ကြံ့ခိုင်မှုကတော့ ပြောစရာ မလိုတော့ပါဘူး။ ဒါပေမယ့် Screen Positionကို ပြောင်းလဲနိုင်အောင် လုပ်ထားတာမို့ အကြိမ်များများ Adjust လုပ်မိလာရင် ပြဿနာ နည်းနည်းတော့ ရှိလာ နိုင်ပါတယ်။

## Operating System

CPUက 3rd Gen Intel Core i5/i7ကို တပ်ဆင် အသုံးပြုထားပြီး Processor မြန်နှုန်းက 1.7 GHzရှိမှာ ဖြစ်ပါတယ်။ RAMက 4 GB(onward) ဖြစ်ပြီး Storageက SSDကို 256GBအထိ မြှင့်တင် သုံးစွဲနိုင်ပါလိမ့်မယ်။ Touchရဲ့ အကောင်းဆုံး စွမ်းဆောင်ရည်ကို သုံးစွဲနိုင်မှာဖြစ်ပြီး Window 8ကို အသုံးပြုထားတာကြောင့် Data Processing မြန်ဆန်မှုမှာ အကောင်းဆုံး ဖြစ်ပါတယ်။ Graphic Cardက Intel HD အမျိုးအစားဖြစ်ပြီး စွမ်းဆောင်ရည်က 4000 ရှိပါတယ်။

## Display

Screen Sizeက ၁၂.၅ လက်မရှိမှာ ဖြစ်ပြီး Full HDအဖြစ် ပြသပေးမှာပါ။ Resolutionက 1920×1080 Pixels ရှိမှာဖြစ်လို့ Imageတွေရဲ့ ကြည်လင် ပြတ်သားမှုကတော့ ထိပ်တန်းအဆင့်ကို မြင်တွေ့ရမှာပါ။ Ultrabookရဲ့ အကျယ်က ၁၂.၄၈ × ၈.၄၆ လက်မရှိမှာ ဖြစ်ပြီး အထူကတော့ Systemက ဝ.၇၉ လက်မနဲ့ Displayအပိုင်းက ဝ.၅၉လက်မသာ ရှိပါလိမ့်မယ်။

## General Feature

Hard Driveက 128 GB ပါရှိပါတယ်။ Memory စုစုပေါင်း 4 GBပါရှိမှာ ဖြစ်ပြီး 1600 MHzအထိ မြန်ဆန်မှာပါ။ Cameraအနေနဲ့ Webcam ပါရှိမှာဖြစ်ပြီး ကြည်လင် ပြတ်သားမှုက 1.3 MegaPixel ရှိပါတယ်။ Speaker အပိုင်းကိုတော့ Realtek ALC3260 အမျိုးအစားကို တပ်ဆင်ထားပြီး 2 Watt စွမ်းရည် ရှိတဲ့ အသံတွေကို ထုတ်ပေးနိုင်မှာပါ။ အလေးချိန် စုစုပေါင်းက Coverတွေ တစ်ခုမှ မပါဝင်ဘဲ ၃.၃၅ ပေါင်ပဲ ရှိမှာဖြစ်လို့ သယ်ယူရ လွယ်ကူစေမယ့် အပြင် Classတွေထဲမှာပါ သုံးစွဲရ အဆင်ပြေပါလိမ့်မယ်။

## Connection

Connectionများအနေနဲ့ Bluetooth 3.0 အပါအဝင် Intel Smart Connectနဲ့ Intel Wireless Display (WiDi) 3.0တွေကို သုံးစွဲနိုင်ပါလိမ့်မယ်။ Port အပိုင်းမှာတော့ USB 3.0 Port တစ်ခု၊ Power Shareနဲ့ Window Debuggingတွေ ဆောင်ရွက်နိုင်မယ့် USB 3.0 Port တစ်ခု၊ 20 Pin Mini Display Port တစ်ခုနဲ့ Microphone/ Headphoneတွေအတွက် Combo Port တစ်ခုတို့ ပါဝင်ပါလိမ့်မယ်။



## Battery

Battery Typeက 47WHr ထုတ်ပေးနိုင်မယ့် Li-ion အမျိုးအစား 6 Cell Lithium Ion Batteryကို Built-in အဖြစ် ထည့်သွင်း ပေးထားပါတယ်။

### ထူးခြားမှုနှင့် သုံးသပ်ချက်

ထူးခြားတာတစ်ခုက Display မျက်နှာပြင်ကို လိုအပ်သလို ချိန်ညှိနိုင်အောင် Adjust လုပ်လို့ရတာ ဖြစ်ပါတယ်။ Keyboard အမျိုးအစားကိုတော့ Backlit Chiclet သုံးထားပါတယ်။ ဒ့ါအပြင် Screen စိုစွတ်မှုကို ပိုမို ခံနိုင်ရည်ရှိမယ့် အပေါ်ယံလွှာကိုပါ ထည့်သွင်း ပေးထားတာမို့ ပုံမှန် မျက်နှာပြင်တွေ ထက်တော့ ရေစိုခံနိုင်ပါလိမ့်မယ်။ ဈေးနှုန်းကတော့ အမေရိကန်ဒေါ်လာ ၁၂ဝဝဖြစ်ပြီး အိန္ဒိယ ဈေးကွက်ကိုတော့ ရူပီး ၆၆,ဝဝဝနဲ့ ဖြန့်ချိခဲ့ပါတယ်။ ဒါကြောင့် ဒေါ်လာ ၁၂ဝဝဆိုတဲ့ ဈေးနှုန်းဟာ Ultrabook တစ်ခုအတွက်တော့ ဈေးကြီးတယ်လို့ မဆိုနိုင်တဲ့အပြင် စွမ်းဆောင်ပေးနိုင်မယ့် အားသာချက်တွေကတော့ လူတိုင်းရဲ့ အိပ်မက်တွေကို အကောင်းဆုံး ဆွဲဆောင်နေပါလိမ့်မယ်။

Ref: www.hothardware.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 14
MYANMAR ICT JOURNAL

## TV **Sharp** Aquos LC-60 E69U

လင်းထက်




### အားသာချက်

Screen Sizeက လက်မ ၆၀ တောင်ရှိတာမို့ ပုံရိပ်တွေကို မြင်ကွင်းကျယ် ကြည့်ရှုနိုင်ပါလိမ့်မယ်။ Display Formatက 1080p ရှိမှာဖြစ်ပြီး Refresh Rateနှုန်း 120Hz နဲ့ စွမ်းအင်ချွေတာနိုင်မှုမှာ မှတ်ချက်အကောင်းဆုံး ရရှိထားပါတယ်။ အနက်ရောင်နဲ့ အလင်းရောင် ပြန့်ထွက်မှုတွေက LED TVတွေနဲ့တောင်မှ နိုင်းယှဉ်ကြည့်နိုင်တယ် ဆိုပါတယ်။ ပြီးတော့ Displayအပိုင်းမှာ လက်မ ၆၀ အပြည့်ပြသပေးမှာဖြစ်လို့ Brand မမှန်တဲ့ ပစ္စည်းတွေလိုမျိုး Screen View လျော့တာတွေ မရှိပါဘူး။

### အားနည်းချက်

အားနည်းချက်အနေနဲ့တော့ TVအိမ် အနည်းငယ်ထူထဲတာက ပထမတစ်ချက်ပါ။ ဒါပေမဲ့ အကြမ်းခံနိုင်ရည်ကတော့ ပါးလွှာတဲ့ TVတွေနဲ့စာရင် သာလွန်တာမို့လို့ အပြစ်လို့တော့ မဆိုနိုင်ပါဘူး။ ဒုတိယတစ်ချက်က Setting အပိုင်း၊ Connection အပိုင်းတွေဟာ Smart TVတွေရဲ့ အရည်အသွေးတွေလောက် မမီတာပါပဲ။

### Speaker

Speakerကလည်း 16 Wattပဲ ထုတ်လုပ်ပေးနိုင်မှာဖြစ်လို့ အသံပိုင်းတော့ အားနည်းတာ တွေ့ရပါတယ်။ ဒါပေမဲ့လည်း အဲဒီပြဿနာက ခုခေတ်မှာ လွယ်လွယ်နဲ့ ဖြေရှင်းနိုင်နေတာပါ။ ဘာကြောင့်လဲဆိုရင် အိမ်တိုင်းလိုလိုမှာက TVမှာပါတဲ့ Built In Speakerတွေထက်စာရင် External Speakerတွေ Wooferတွေကို တစ်မျိုးမဟုတ်တစ်မျိုးတော့ သုံးနေကြတယ် မဟုတ်လား။ နောက်ဆုံးတစ်ခုကတော့ CCFL Backlightingစနစ်က LED TVတွေလို စွမ်းအင် မချွေတာပေးနိုင်တာ ဖြစ်ပါတယ်။

### ဈေးနှုန်း

အဓိက အားသာချက် တစ်ခုကတော့ ချိုသာတဲ့ ဈေးနှုန်းဖြစ်ပြီး ဝယ်ယူသူတိုင်းရဲ့ ထောက်ခံချက်ကို ရရှိနေပါတယ်။ ဈေးကွက်အပေါ် မူတည်ပြီးတော့ Sharp Aquos LC-60 E69Uဟာ အနိမ့်ဆုံး ဒေါ်လာ ၇၇၈ကနေ အမြင့်ဆုံး ၉၇၉ ဒေါ်လာအထိ ရှိနိုင်ပါတယ်။ ဒါကလည်း အခြေစိုက်ထုတ်လုပ်တဲ့ ကုမ္ပဏီရဲ့ တည်နေရာနဲ့ တင်သွင်းတဲ့ ဈေးကွက်ရဲ့ အကွာအဝေးတွေကြောင့် ဈေးနှုန်းကွာဟချက် ဖြစ်နေရတာပါ။

### General Feature

Input Portအနေနဲ့က HDMI Portသုံးခုပါရှိမှာဖြစ်သလို Component Inputက နှစ်ခုနဲ့ PC Inputတွေပါ ပါဝင်တာတွေ့ရပါတယ်။ Screen Resolutionက 1080 Pixelရှိမှာ ဖြစ်ပါတယ်။ အလေးချိန်က ၈၆ ပေါင်ဖြစ်လို့ သယ်ယူမှုမှာတော့ အနည်းငယ် အခက်အခဲ ဖြစ်စေနိုင်ပါတယ်။ အရောင်ကတော့ အနက်ရောင် တစ်မျိုးတည်းကိုပဲ တင်သွင်းရောင်းချထားပါတယ်။ Image Aspect Ratioက 16:09 ဖြစ်ပါတယ်။ အာမခံအပိုင်းကိုတော့ တစ်နှစ်သာ ခွင့်ပြုထားလို့ Warrantyက နည်းနေတာတွေ့ရပါတယ်။ ဒါကြောင့် ဈေးနှုန်း သက်သာပြီး ရုပ်ထွက်ကောင်းမွန်တဲ့ Sharp Aquos LC-60 E69U LCD TVကိုတော့ အဝယ်စာရင်းမှာ ထည့်ထားရင် မမှားနိုင်ဘူးလို့ ဆိုလိုက်ပါရစေဗျာ။

Ref: www.amazon.com

## Monitor **Dell** UltraSharp U2312HM

မင်းခန့်

### အားသာချက်

သူ့ရဲ့ အဓိက အားသာချက်ကတော့ UltraSharp U2312HMမှာ Userကို အကောင်းဆုံး Support လုပ်နိုင်တဲ့ နည်းပညာအသစ်တွေ ပါဝင် ထည့်သွင်း ထားလို့ ဖြစ်ပါတယ်။ Input Port အနေနဲ့ကတော့ DVI Port, VGAနဲ့ Display Portတွေ ပါဝင်ပါတယ်။ ပြီးတော့ USB Upstream Portနဲ့ USB Port တွေလည်း ပါဝင်ပါသေးတယ်။ အထူးသဖြင့် USB Upstream Port ပါဝင်တာက အားသာချက်တစ်ခု ဖြစ်သွားစေခဲ့ပါတယ်။ အကြောင်းကတော့ မော်နီတာ တော်တော်များများမှာ USB Upstream Portက Built-in အနေနဲ့ ပါဝင်လေ့မရှိဘဲ သီးသန့် ဝယ်သုံးရတာမို့ ဖြစ်ပါတယ်။ နောက်တစ်ချက်က View Pointကို ပြောင်းလဲ အသုံးပြုနိုင်တာဖြစ်ပြီး Tilt, Swivel, Pivotနဲ့ Heightဆိုတဲ့ Setting ပြောင်းတဲ့ Optionတွေ ပါဝင်တာ တွေ့ရပါတယ်။

### အားနည်းချက်

အားနည်းချက် အနေနဲ့ကတော့ HDMI Port သီးသန့် မပါဝင်တာ တစ်ခုကိုပဲ ပြောစရာ ရှိမှာပါ။ ဒါပေမယ့် Converter Cableကို ဝယ်ယူသုံးစွဲမယ်ဆိုရင် အဲဒီ ပြဿနာကို လွယ်လွယ်လေးနဲ့ ဖြေရှင်းလိုက်နိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ အမြင်ပိုင်း ရိုးရှင်းတာပါပဲ။ Dell UltraSharp U2312HMဟာ Dellရဲ့ ပင်ကိုယ်အတိုင်း ရိုးရှင်းတဲ့ ဒီဇိုင်းနဲ့သာ ထုတ်လုပ်ထားတာ တွေ့ရပါတယ်။

### Display

Displayအပိုင်းမှာ IPS Technologyကို သုံးစွဲ တည်ဆောက်ထားတာဖြစ်လို့ ပုံမှန်မော်နီတာတွေမှာ Video Response လုပ်နိုင်စွမ်းက 2 Million Secondsသာ ရှိပေမယ့် Dell Monitorကတော့ 8 Million Seconds အထိ မြန်ဆန်မှာပါ။ Display Screenက ၂၃လက်မရှိပြီး HD မြင်ကွင်းကျယ် LED အမျိုးအစား ဖြစ်ပါတယ်။ Resolution ကတော့ 1980×1080 Megapixel ဖြစ်လို့ နောက်ဆုံးထွက် မော်နီတာတွေနဲ့ ကွဲပြားမှု မရှိပါဘူး။ Display အပိုင်းကလည်း တစ်စောင်း အနေအထားနဲ့တောင်မှ ၁၇၈ ဒီဂရီအထိ ကြည်လင်တဲ့ ရုပ်ထွက်ကို ခံစားကြည့်ရှုနိုင်ပါလိမ့်မယ်။ ဒ့ါအပြင် Brightness Levelက 300 Candeals Per Square Meterထိ ချိန်ညှိနိုင်မှာ




ဖြစ်သလို Contrast Ratioကလည်း 1000:1 အထိ သုံးစွဲနိုင်မှာပါ။ Color ထုတ်ပေးနိုင်မှု မှာလည်း အရောင်ပေါင်း ၁၆.၇သန်းကို မြင်တွေ့နိုင်မှာ ဖြစ်ပြီး Wide Color Gamutက ၈၂ ရာခိုင်နှုန်းအထိ ရှိပါတယ်။

### General Feature

Help and Support အပိုင်းကိုတော့ Dellက သူ့ပစ္စည်းနဲ့ ပတ်သက်ပြီး ၃နှစ်တောင် အာမခံ အပြည့် ပေးထားတာကြောင့် Customerတွေရဲ့ ထောက်ခံချက်ကိုတောင် အပြည့်အဝ ရထားပြီးပါပြီ။ စွမ်းအင် အသုံးပြုမှုမှာလည်း 33 Wattsပဲ ရှိတာမို့ စွမ်းအင်ကို အကောင်းဆုံး ချွေတာနိုင်ပါလိမ့်မယ်။ အလေးချိန်ကတော့ ၁၄ပေါင် ရှိတာမို့ မော်ဒယ်လ်မြင့် မော်နီတာတွေထဲမှာတော့ ပေါ့ပါးတဲ့ အမျိုးအစားတစ်ခု ဖြစ်ပါတယ်။ ဈေးကွက်မှာ Dellကို အောင်မြင်မှု ရရှိစေတဲ့ နောက်တစ်ချက်ကတော့ ဈေးနှုန်း သင့်တင့်ခြင်းဖြစ်ပြီး အသွင်အပြင်ပိုင်းနဲ့ လက်တွေ့ အသုံးချမှု အပိုင်းတွေမှာ လွယ်ကူတာကြောင့် ဖြစ်ပါတယ်။ Dell UltraSharp U2312HM Monitorရဲ့ ဈေးနှုန်းက ဒေါ်လာ ၂၄၉.၉၉ ဖြစ်ပါတယ်။ ဒါကြောင့် Dell UltraSharp U2312HM Monitorဟာ ဈေးနှုန်းလည်း သင့်တော်ပြီး အားသာချက် များစွာရှိနေတာကြောင့် ဈေးကွက်ရဲ့ နံပါတ်တစ် နေရာကို ရရှိခဲ့တာဖြစ်ကြောင်း တင်ဆက်လိုက်ရပါတယ်။

Ref: www.toptenreviews.com

## Speaker **Logitech** X-140 2.0

လင်းထက်



Speaker တစ်လုံးရဲ့ တန်ကြေးက ၃၁.၂၅ ဒေါ်လာ ဆိုတော့ များလှချည်လားဆိုပြီး မတွေးလိုက်ပါနဲ့ဦး။ သူ့ရဲ့ စွမ်းဆောင်ရည်တွေကို ဆုံးအောင်ဖတ်ပြီးမှ ဝယ်မယ်၊ မဝယ်ဘူး ဆုံးဖြတ်လိုက်ပါဗျာ။

Speakerရဲ့ အရွယ်အစားက သေးငယ်ပေမယ့် PCသုံး Speaker တစ်လုံးနဲ့ မလိုက်အောင် 5 Watts ပါဝါသုံးပြီး အကောင်းဆုံး အသံတွေကို ထုတ်ပေးပါ လိမ့်မယ်။ Wire အခြေခံ စနစ်ဖြစ်တာမို့ Wirelessတွေလိုမျိုး Noiseတွေ၊ Delayတွေ မဖြစ်ပေါ်နိုင်ပါဘူး။ Inputအနေနဲ့ PCတွေမှာ အပြင် MP3၊ CD Playerတွေနဲ့ပါ ချိတ်ဆက် သုံးစွဲနိုင်ပါလိမ့်မယ်။ Controlတွေကိုလည်း Remoteက တစ်ဆင့် လုပ်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။ Speaker နှစ်လုံးထိုင် စနစ်ဖြစ်ပြီး Bass အသံတွေကိုပါ အတည်ငြိမ်ဆုံး ထုတ်ပေးနိုင်ပါတယ်။

အရောင်ကိုတော့ အနက်ရောင် တစ်ရောင်တည်းဖြစ်လို့ ရွေးချယ်လို့ မရပါဘူး။ အရွယ်အစားမှာတော့ မျက်နှာပြင်က ၃.၉ × ၉.၅ လက်မရှိမှာဖြစ်ပြီး ထုထည်ကတော့ ၄.၉ လက်မ ရှိပါလိမ့်မယ်။ အလေးချိန်က ၄.၃ ပေါင်ပဲရှိမှာ ဖြစ်လို့ အနေတော်လို့ပဲ ပြောပါရစေ။ အာမခံ အပိုင်းမှာတော့ နှစ်နှစ် အာမခံ ပေးထားလို့ စိတ်ချလက်ချ သုံးစွဲနိုင်ပါလိမ့်မယ်။

ဝယ်ယူသုံးစွဲသူများရဲ့ မှတ်ချက်တွေအရတော့ အကောင်းဆုံး အဆင့် မဟုတ်ပေမယ့် အရည်အသွေးကောင်းတဲ့ ပစ္စည်းအဖြစ် သတ်မှတ်ခံထားရပါတယ်။ ဈေးကွက် ဝယ်လိုအားမှာတော့ ၂၀၁၂ခုနှစ်ရဲ့ အရောင်းရဆုံး ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်း ဇယားမှာ နံပါတ် ၁၂နေရာတောင် ရယူထားနိုင်တာမို့ အထူးတလည် ညွှန်းနေစရာ မလိုတော့ပါဘူး။

Ref: www.amazon.com

# Mobile Sony Xperia L



အဆင့်မြင့် နည်းပညာသုံး စမတ်ဖုန်းတွေကို ထုတ်လုပ်တဲ့ Sony ကုမ္ပဏီဟာ ကင်မရာ အရည်အသွေးပိုင်းကို ဦးစားပေးထားတဲ့ Xperia L စမတ်ဖုန်းကို အသစ် ထုတ်လုပ်လိုက်ပါတယ်။ Sony Xperia L စမတ်ဖုန်းဟာ ကင်မရာပိုင်းမှာ ကောင်းမွန်ရုံတင်မကပဲ ဖုန်းအတွင်းပိုင်း လုပ်ဆောင်ချက်တွေကိုလည်း Performance ကောင်းကောင်းဖြင့် စွမ်းဆောင်ပေးနိုင်တဲ့ စမတ်ဖုန်း အမျိုးအစား ပါ။ Sonyရဲ့ ကင်မရာ အင်ဂျင်နီယာတွေ ကိုယ်တိုင် ဖန်တီး တီထွင်ထားတဲ့ Xperia L စမတ်ဖုန်းကို Android မိုဘိုင်းလ် ဒီဇိုင်းဖြင့် ပေါင်းစပ် ထုတ်လုပ်ထားတဲ့ ကင်မရာဖုန်း အမျိုးအစားပဲ ဖြစ်ပါတယ်။ ၂၀၁၃ခုနှစ်၊ မတ်လမှာ Sonyက မိုဘိုင်းလ်ဖုန်း သုံးစွဲသူများထံသို့ Xperia L စမတ်ဖုန်းကို အသိပေး ကြေညာခဲ့ပြီး ဈေးကွက်ထဲကိုတော့ ၂၀၁၃ခုနှစ် အလယ်ပိုင်းလောက်မှာ ဖြန့်ချိပေးမယ်လို့ ဖော်ပြထားပါတယ်။ Xperia Lရဲ့တန်ဖိုးကို ယူရိုငွေ ၂၇၉ သတ်မှတ်ပေးထားတာ တွေ့ရပါတယ်။ အရောင်ကိုတော့ အနက်ရောင်၊ အဖြူရောင်၊ အနီရောင်ဆိုပြီး သုံးမျိုး ထုတ်လုပ်ပေးထား ပါတယ်။

## Camera

Professional ကင်မရာတစ်လုံးလို အသုံးပြုနိုင်တဲ့ ကင်မရာရဲ့ ရုပ်ထွက် အရည်အသွေးက 8 Megapixel ရှိပါတယ်။ အနီးအဝေး မြင်ကွင်းတွေကို ဖမ်းယူပေးမယ့် Digital Zoom ပမာဏက 4x ရှိပြီး Auto Focus စနစ် ပါဝင်ပါတယ်။ Sony ကင်မရာတွေမှာ တပ်ဆင်ထားတဲ့ Exmor RS Image Sensor နည်းပညာကို Xperia Lမှာ ထည့်သွင်း အသုံးပြုထားတဲ့အတွက်ကြောင့် ထင်ရှားပြတ်သားတဲ့ ပုံရိပ်တွေကို ရိုက်ကူးနိုင်ပါတယ်။ ဓာတ်ပုံနှင့် ဗီဒီယိုတွေရဲ့ နောက်ခံ အလင်းရောင်တွေကို သဘာဝအတိုင်း လင်းလက် တောက်ပနေအောင် ဖန်တီးပေးမယ့် HDR (High Dynamic Range) နည်းပညာက ထောက်ပံ့ လုပ်ဆောင်ပေးပါလိမ့်မယ်။ အလွယ်တကူ ဓာတ်ပုံ ရိုက်ကူးနိုင်အောင်လို့လည်း ဖုန်းကိုယ်ထည် ဘေးနားလေးမှာ Camera Keyကို တပ်ဆင်ပေးထားပါတယ်။ HD 720p အရည်အသွေး ရရှိတဲ့အတွက်ကြောင့် ဗီဒီယိုတွေကို ရုပ်သံအရည်အသွေး ကောင်းမွန်စွာ မှတ်တမ်းတင် ရိုက်ကူးထားနိုင်ပါတယ်။ အင်တာနက်မှတစ်ဆင့် Video Calling ပြုလုပ်နိုင်ရန်အတွက် Front Facing Camera လည်း ပါဝင်ပါသေးတယ်။ ကင်မရာကို အကောင်းဆုံး စွမ်းဆောင်ပေးမယ့် Featuresတွေကတော့ (Geo-Tagging, Touch Focus, Face and Smile Detection, Image Stabilization, Sweep Panorama) အစရှိတဲ့ စနစ်တွေ စုံလင်စွာ ပါရှိပါတယ်။

## Connectivity

GSM ကွန်ယက်စနစ်သုံး စမတ်ဖုန်း အမျိုးအစားဖြစ်ပြီး 2G Networkနှင့် 3G Network နှစ်မျိုးစလုံး ထောက်ပံ့ ပေးထားပါတယ်။ 2G Networkမှာ ဆိုရင်တော့ (GSM 850/ 900/ 1800/ 1900)နှင့် 3G Networkမှာ (HSDPA 900/ 2100, HSDPA 850/ 1700/ 1900/ 2100) အစရှိတဲ့ ကွန်ယက် တွေကို အသုံးပြုနိုင်ပါတယ်။ GPRS စနစ်ကို 85.6kbpsနှင့် EDGE စနစ်ကို 237kbpsအထိ ရရှိနိုင်ပါတယ်။ Bluetooth v4.0 with A2DP, NFC, Micro USB v2.0 အစရှိတဲ့ နောက်ဆုံးပေါ် စနစ်တွေလည်း ပါဝင်ပါသေးတယ်။ ကြိုးမဲ့အင်တာနက် ချိတ်ဆက်ရန် Wi-Fi 802.11 a/b/g/n, Dual-Band, Wi-Fi Direct, DLNA, Wi-Fi Hotspot အစရှိတဲ့ ကြိုးမဲ့ ချိတ်ဆက်မှုတွေကို အသုံးပြု နိုင်ပါတယ်။

## Display & Design

Xperia Lရဲ့ မျက်နှာပြင် အရွယ်အစားဟာ ၄.၃လက်မ ရှိတဲ့အတွက် အရွယ်အစား အရမ်းကြီးမနေသလို အရမ်းလည်း မသေးငယ်တဲ့ အနေအထားမှာ ရှိပါတယ်။ ဒီဇိုင်းပုံစံ သေသပ်ကျနမှု ပေါ့ပါးပါးလွှာတဲ့ ကိုယ်ထည်ဖြင့် ဖန်တီးထားမှုတွေဟာ တခြား စမတ်ဖုန်းတွေနှင့်မတူ ထူးခြားနေအောင် Sonyမှ ဆန်းသစ်တဲ့ ဒီဇိုင်းဖြင့် ထုတ်လုပ်ထားတာပါ။ ဖုန်းကိုယ်ထည် အလယ်ပိုင်းနားလောက်မှာ အလူမီနီယံဖြင့် ပြုလုပ်ထားတဲ့ ပါ့ဝါခလုတ် ပါဝင်ပြီး ဖုန်းမျက်နှာပြင် အောက်ဘက်မှာတော့ Notification Lightကို တပ်ဆင်ပေးထားတဲ့အတွက် ဖုန်းနှင့် Messageတွေ ဝင်ရောက်လာရင်တော့ LED မီးအလင်းတန်းလေးနဲ့ အချက်ပြပေးပါလိမ့်မယ်။ Scratch Resistant Glassကို မျက်နှာပြင်မှာ ထည့်သွင်းပေးထားတဲ့အတွက် ထိခိုက်ပွန်းပဲ့တဲ့ ဒဏ်ကို ကောင်းမွန်စွာ ကာကွယ် ပေးနိုင်ပါတယ်။ TFT Capacitive TouchScreenကို အသုံးပြုထားပြီး Multi Touch စနစ်ကို လက်ချောင်း လေးချောင်းနှင့်အထက် အသုံးပြုနိုင်ပါတယ်။

## Hardware & OS

Xperia Lရဲ့ ဖုန်းအတွင်းပိုင်း လုပ်ဆောင်ချက်တွေကို တိကျ မြန်ဆန်စေဖို့အတွက် Dual Core 1 GHz Processorက တာဝန်ယူ လုပ်ဆောင် ပေးပါလိမ့်မယ်။ Chipsetကတော့ Qualcomm MSM8230 Snapdragonကို အသုံးပြုထားပြီး RAMကတော့ 1GB ရှိပါတယ်။ ဖန်သားပြင်ပေါ်က ပုံရိပ်တွေကို အကောင်းဆုံး ပုံဖော်ပေးမယ့် Adreno 305 GPUကို တပ်ဆင်ပေးထားပါတယ်။ Android OS v4.1 (Jelly Bean)ကို ထည့်သွင်း ထားပါတယ်။ Memoryပိုင်းကို ကြည့်မယ်ဆိုရင်တော့ အချက်အလက် သိမ်းဆည်းပေးဖို့အတွက် 8GB Internal Storage ပါရှိသော်လည်း တကယ်တမ်း Userတွေ အသုံးပြုနိုင်တဲ့ ပမာဏကတော့ 5.8GBပဲ အသုံးပြုနိုင်ပါလိမ့်မယ်။ MicroSD Cardကို 32GBအထိ ထပ်မံတိုးချဲ့ အသုံးပြုနိုင်ပါသေးတယ်။

## Body & Battery

Xperia Lရဲ့ အရွယ်အစားကတော့ 128.7x65x9.7 mm ရှိပြီးတော့ အလေးချိန် 137gသာရှိတဲ့ အတွက် ပေါ့ပေါ့ပါးပါးနဲ့ လက်ထဲမှာ အလွယ်တကူ ကိုင်ဆောင် သွားနိုင်ပါလိမ့်မယ်။ ဘက်ထရီ စွမ်းအားက Li-Ion 1750 mAh အမျိုးအစားဖြစ်ပြီး အသင့်အနေအထားမှာ နာရီပေါင်း ၄၉၈နာရီ၊ ဖုန်း ပြောဆိုချိန်မှာ ရှစ်နာရီခွဲ၊ သီချင်း နားထောင်နေချိန်မှာ ၄၃နာရီ၊ ဗီဒီယို ကြည့်ရှုချိန်ကတော့ ခုနစ်နာရီခွဲအထိ ဘက်ထရီ ခံနိုင်ရည်အား ကောင်းမွန်မှုကို ရရှိမှာပါ။

## Entertainment

Sony Media Applicationsတွေကို Xperia Lမှာ စုံလင်စွာ ထည့်သွင်းပေးထားပြီး Play Station Mobile, Walkman Application, 3D Games, Motion Gaming, Sony Entertainment Network အစရှိတဲ့ ဖျော်ဖြေရေး Applications ကောင်းများစွာ ပါဝင်တဲ့အတွက် Sony Xperia L စမတ်ဖုန်းဟာ သင့်က စိတ်ကြည်နူး ပျော်ရွှင်မှု တွေကို ပေးစွမ်းနိုင်မှာ အမှန်ပါပဲ။

# Mobile LG Optimus F7

LGက သူ့ရဲ့ Smart Phoneအသစ် LG Optimus F7ကို မကြာခင် ဈေးကွက်တင်တော့မယ်ဆိုတဲ့ အကြောင်းကို ဖေဖော်ဝါရီလအတွင်းက ကြေညာခဲ့ပါတယ်။ ဒါကြောင့် Smart Phone အသစ်တွေကိုမှ ရွေးချယ် ဝယ်ယူချင်သူတွေ အတွက် LG Optimus F7 အကြောင်းကို မိတ်ဆက် ပေးလိုက်ပါတယ်။

## OS စွမ်းဆောင်ရည်

Operating Sys အမျိုးအစားက Android 4.1.2ဖြစ်ပြီး Processorက Dual Core Processorကို တပ်ဆင်ပေးထားပါတယ်။ Processor Speedက 1500MHz ဖြစ်လို့ Parallel Casingတွေအတွက် အရမ်းကို မြန်ဆန် သွက်လက်စေပါလိမ့်မယ်။ GSM အမျိုးအစား တယ်လီဖုန်း ဆက်သွယ်ရေး စနစ်မျိုးစုံကို သုံးစွဲနိုင်မှာဖြစ်ပြီး အခြား စနစ်တွေဖြစ်တဲ့ HSDPAနဲ့ LTE စနစ်တွေမှာပါ သုံးစွဲနိုင်မှာပါ။

## Display

သူ့ရဲ့ မျက်နှာပြင်အကျယ်က ၅.၁၉×၂.၆၉လက်မ ရှိမှာဖြစ်ပြီး Display Screenကတော့ ၄.၇လက်မ ရှိမှာပါ။ Resolutionက ၇၂၀×၁၂၈၀ Pixels ဖြစ်ပြီး Pixel Densityက 1လက်မချင်းစီအတွက် Resolution Density က 312dpi ဖြစ်တာမို့ ရုပ်ထွက်ပိုင်းကတော့ အကောင်းဆုံးပါပဲ။ ပြစ်ချက် ကြီးကြီးမားမား မဟုတ်ပေမယ့် Screen အမျိုးအစားက IPS LCD ဖြစ်တာ တစ်ခုကတော့ ပြောစရာ ဖြစ်နေပါတယ်။ LCD အမျိုးအစားဖြစ်တာကြောင့် စွမ်းအင်ကိုတော့ သိသိသာသာ ချွေတာပေးနိုင်မှာပါ။ Touchscreen စွမ်းဆောင်ရည်တွေအဖြစ် Capacitiveနဲ့ Multi-Touchတွေကို အသုံးပြု နိုင်မှာမို့ Messageတွေ ရိုက်တဲ့အခါ၊ ဒါမှမဟုတ် Internet အသုံးပြုပြီး၊ chattingတွေ ထိုင်တဲ့ အခါတွေမှာတော့ အဆင်ပြေ ကောင်းမွန် ပါလိမ့်မယ်။ ဒါ့အပြင် Light Sensor, Proximity Sensorတွေပါ ပါဝင်တာကြောင့် LGရဲ့ နည်းပညာ ဆန်းသစ်မှုတွေကို ခံစား ထိတွေ့ နိုင်ပါလိမ့်မယ်။



## ကင်မရာ

ကင်မရာ အပိုင်းမှာတော့ 8 Megapixels အထိအောင် ဆွဲယူ ရိုက်ကူးနိုင်မှာမို့ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေကို အကောင်းဆုံး မှတ်တမ်းတင်နိုင်ပါလိမ့်မယ်။ ကင်မရာ Flashက LED အမျိုးအစား ဖြစ်ပြီး Auto Focus, Digital Zoomနဲ့ Geo Taggingတွေ လုပ်နိုင်မှာပါ။ ရှေ့ဘက် ကင်မရာလည်း ပါဝင်မှာဖြစ်ပြီး 1.3 Megapixel ရှိပါတယ်။

## General Feature

Battery Lifeက 2540 mAh Capacity ရှိမှာဖြစ်ပြီး၊ Sys Memoryအဖြစ်နဲ့က 2048 MB RAM ပါဝင်ပြီး Built-in Storageက 8 GBတောင် ရှိမှာပါ။ Expansion Storage အနေနဲ့က MicroSD နဲ့ MicroSDHC Cardအမျိုးအစားတွေကို 32 GB အထိ တိုးမြှင့် သုံးစွဲနိုင်ပါတယ်။ Internet Accessအပိုင်းမှာ Browser, You Tube, You Tube (Upload)နဲ့ Picasaတွေကို သုံးစွဲနိုင်မှာပါလိမ့်မယ်။ Speakerကတော့ Earpieceနဲ့ Loudspeakerတွေ ရရှိမှာပါ။ နည်းပညာ ဆန်းသစ်မှု အနေနဲ့ GPS, A-GPSစတဲ့ စနစ်တွေကို အခြေခံပြီး တည်နေရာတွေ ကောင်းစွာ မှတ်သား သိရှိနိုင် ပါလိမ့်မယ်။ Data အပိုင်းမှာ LTE, HSPA (Unspecified), UMTS, EDGEနဲ့ GPRSစတဲ့ စနစ်တွေကိုသုံးပြီး အမျိုးအစားတွေ ခွဲခြား သုံးစွဲနိုင်ပါလိမ့်မယ်။ ဈေးနှုန်းကိုတော့ သတ်မှတ်ကြေညာထားခြင်း မရှိသေးပေမယ့် သင့်တော်တဲ့ ဈေးနှုန်းနဲ့သာ ရောင်းချသွားမယ်လို့တော့ LGက ထုတ်ပြန်ထားပါတယ်။

Ref: www.phonearena.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 14
MYANMAR ICT JOURNAL

# Laptop msi GX 601AC-021US (Gaming)

ဂျက်ဆင်



USD 1,199

## အားသာချက်

Laptop Performance ကောင်းမွန်ပြီး Graphics ပိုင်းမှာလည်း 3D Gamesတွေကို ကောင်းကောင်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ရုပ်ထွက် ကောင်းမွန်မှု အတွက် Display Resolutionပိုင်းကိုလည်း 1920x1080 အထိ ရရှိမှာ ဖြစ်ပါတယ်။

## အားနည်းချက်

Laptopမှာ တပ်ဆင်ပေးထားတဲ့ Keyboardပိုင်း ညံ့တာတွေ့ရပြီး Battery သက်တမ်းလည်း နည်းတာတွေ့ရပါတယ်။ Touch Screen Featureလည်း ပါရှိတာ မတွေ့ရပါဘူး။

## သုံးသပ်ချက်

တန်းဖိုး သက်သက်သာသာနဲ့ Gmaming Laptop တစ်လုံး ဝယ်ယူမယ်ဆိုရင်တော့ ရွေးချယ်သင့်တဲ့ Laptop တစ်လုံး ဖြစ်ပါတယ်။ 3D Game ကစားခြင်းနဲ့ ဖျော်ဖြေရေးအတွက် Performance ကောင်းကောင်းနဲ့ ပေးစွမ်းနိုင်မှာဖြစ်ပြီး Screen Resolutionလည်း မြင့်မြင့်မားမား ရရှိမှာဖြစ်ပါတယ်။

## အသေးစိတ်ဖော်ပြချက်

Gaming Laptop အမျိုးအစားဖြစ်ပြီး AMD AM70 FCH Chipsetကို အသုံးပြု ပေးထားပါတယ်။ Laptopရဲ့ Processorပိုင်းကိုတော့ 2.3 GHz အမြန်နှုန်း ရှိတဲ့ AMD A10-4600M တပ်ဆင် အသုံးပြု ပေးထားတာ တွေ့ရပါတယ်။ Memoryပိုင်းမှာဆိုရင်လည်း RAM ပမာဏကိုလည်း 1600 GHz Speedနဲ့ DDR3 4GB နှစ်ချောင်း စုစုပေါင်း 8 GB ထည့်သွင်း ပေးထားပြီး Graphics ပိုင်းကိုတော့ AMD Radeon HD 7970m 2GB GDDR5ကို ထည့်သွင်း အသုံးပြုပေးထားတဲ့အတွက် နောက်ဆုံးထွက် Gaming တော်တော်များများကို ကစားနိုင်မှာဖြစ်ပြီး 3D Gaming တွေကိုပါ ကောင်းကောင်း Run နိုင်မှာ ဖြစ်ပါတယ်။ Operation System အတွက်ဆိုရင်တော့ Microsoft Windows 8 Multi-language (EN+FR+SP)ကို အသုံးပြုပေးထားပါတယ်။ Data သိမ်းဆည်းဖို့ အတွက်ဆိုရင်တော့ 7200 rpm လည်ပတ်နှုန်းရှိတဲ့ 750 GB Hard Drive တစ်လုံး တပ်ဆင် ပေးထားတဲ့အတွက် Data သိမ်းဆည်းမှု အတွက် လုံလုံလောက်လောက် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Laptopမှာ တပ်ဆင် ပေးထားတဲ့ Optical Driveကတော့ Blue-ray Disc Driveကို တပ်ဆင် ပေးထားပြီး HD Moviesတွေ၊ Blue-ray ရုပ်ရှင်တွေကို အကောင်းဆုံး ဖျော်ဖြေ တင်ဆက်ပေးနိုင်မှာ ဖြစ်ပါတယ်။ Built-in Webcam ပါရှိပြီး 720P HD Webcam အမျိုးအစားကို တပ်ဆင် ပေးထားပါတယ်။ Laptopရဲ့ Audio စနစ်အတွက်ကတော့ Speaker နှစ်လုံးနဲ့ Subwoofer တစ်လုံး တပ်ဆင် ပေးထားပါတယ်။ Network ချိတ်ဆက်မှု အတွက်ကတော့ Gaming Network LAN AW-NB100H Wi-Fi (802.11 b/g/n)နဲ့ Bluetooth စနစ်တွေပါ တပ်ဆင် ပေးထားပါတယ်။ အခြား Devicesတွေနဲ့ တပ်ဆင်ဖို့အတွက် Portတွေကတော့ USB 2.0, 3.0, HDMI, Mini Display Port, VGA Portတွေ အပြင် 5 In-1 Card Reader တစ်ခုကိုပါ တပ်ဆင် ပေးထားပါတယ်။

## Display & Design

Laptopရဲ့ Displayပိုင်းကိုတော့ 15.6 လက်မအကျယ် Full HD Display Panelကို အသုံးပြုပေးထားပြီး Resolution 1920 x 1080ထိ ရရှိမှာ ဖြစ်ပါတယ်။ အရောင်ကတော့ အနက်ရောင်ဖြစ်ပြီး ကိုယ်ထည် အတိုင်းအတာကတော့ အလျား 15 လက်မ၊ အနံ 10.27 လက်မနဲ့ အထူကတော့ 1.75 လက်မ ရှိပြီး Laptop တစ်လုံးရဲ့ အလေးချိန် 7.42ပေါင် ရှိပါတယ်။

## Battery Life

Laptopမှာ တပ်ဆင်ပေးထားတဲ့ Battery အမျိုးအစားကတော့ 9 Cell Battery အမျိုးအစားကို အသုံးပြုပေးထားပါတယ်။ Game ကစားခြင်း Wi-Fi အသုံးပြုခြင်း အတွက်ကတော့ 3 နာရီ 51 မိနစ်အထိ တောက်လျှောက် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

# Laptop Acer Aspire V5-471G (i5)

ပါးလွှာပေါ့ပါးပြီး သွက်လက်တဲ့ စွမ်းဆောင်ရည်နဲ့ အတူ 2.1 Kg အလေးချိန်ရှိပြီး 21 mm (0.82 inches) အထူသာရှိတဲ့ Acerရဲ့ Aspire V5-471G (i5)ကို မြန်မာပြည် ဈေးကွက်အတွင်းမှာ ဝင်ရောက်လာပြီ ဖြစ်ပါတယ်။ ပုံမှန် Notebookများထက် ၃၀ ရာခိုင်နှုန်း ပါးလွှာအောင် ပြုလုပ်ထားပြီး ၁၀ ရာခိုင်နှုန်း ပေါ့ပါးအောင် တီထွင်ထားတဲ့ ဒီဇိုင်းအသစ်ဖြစ်ပါတယ်။ Notebookအတွင်း Airflow Systemပါဝင်တာကြောင့် Notebookကို အမြဲ အေးမြနေစေပါလိမ့်မယ်။ ကြည်လင်ပြတ်သားတဲ့ HD ရုပ်ထွက်များနဲ့အတူ Dolby Advanced Audio V2 Surround Soundစနစ်သုံးဖြစ်လို့ အသံ ကြည်လင် ပြတ်သားမှုမှာလဲ အကောင်းဆုံး ဖြစ်မှာပါ။ USB 3.0 Power off Charging ပါရှိပြီး LAN/VGA Combo Portကို Extension အနေနဲ့ ထပ်မံ သုံးစွဲနိုင်မှာပါ။ Keypad စနစ်က Modern Track-Pad စနစ်ဖြစ်လို့ အမြန်ဆုံး Responseကို ပေးစွမ်းနိုင်မှာပါ။ ပုံမှန်ထက် ပါးလွှာ ပေါ့ပါးပေမယ့် စွမ်းဆောင်ရည် ပါဝင်မှုကို မလျော့ချဘဲ မူလ Notebook တစ်လုံးရဲ့ အရည်အသွေးအတိုင်း အသုံးပြုနိုင်ပါတယ်။ Intelရဲ့ HD Supportတွေဖြစ်တဲ့ Third Generation Core i5 3337U ( 1.7 GHz ), 4 GB DDR3 Memory, 500 GB HDD နှင့်အတူ Nvidia Geforce GT 710M 2 GB Graphicလည်း သီခြား ပါဝင်ပါတယ်။ DVD Super Multi DL Drive, 14" HD Acer Cinecrystal LED LCD တွေက မြင်ကွင်းကို အကောင်းဆုံး ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။ CardReader, Bluetooth 4.0, USB 3.0, HDMI, HD Webcamတွေကို ထပ်ပြီး တပ်ဆင်နိုင်မှာဖြစ်သလို Wireless LANကိုလည်း ချိတ်ဆက် အသုံးပြုနိုင်ပါတယ်။ LAN/VGAအတွက် Combo Portကိုတော့ Externalအဖြစ် ထပ်မံ ထည့်သွင်းရမှာဖြစ်ပြီး Batteryကိုတော့ 4 Cell Li-ion ကို သုံးထားတာ တွေ့ရပါတယ်။ Aspire V5-471G (i5) Notebookကို ရွှေလမင်းနဂါးမှ တင်သွင်းဖြန့်ချိပြီး Acer၏ Dealer, Reseller ဆိုင်များတွင် (၂) နှစ် အာမခံဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဈေးနှုန်း - 595,000 ကျပ်ဝန်းကျင်



# Laptop Acer Aspire V5-131 Mini



Aspire V5-131 Miniဟာ Acer ရဲ့ လူကြိုက်အများဆုံး Series ဖြစ်တဲ့ Aspire V5 Seriesကိုမှ Intel Core Processor အသုံးပြုထားတဲ့ ပေါ့ပါး ပါးလွှာတဲ့ Notebook ဖြစ်ပါတယ်။ အလေးချိန် 1.4 Kg သာရှိပြီး အထူ 0.8 လက်မနဲ့ Screen အကျယ်က 11.6 လက်မ အရွယ်အစားသာရှိတဲ့ Mini Laptop ဖြစ်ပါတယ်။ သယ်ယူရ လွယ်ကူတဲ့ ဒီဇိုင်းဖြစ်လို့ ကျောင်းသူ ကျောင်းသားတွေအတွက် အထူးသင့်တော်မယ့် Mini Laptop ဖြစ်ပါတယ်။ Intelရဲ့ Pentium Dual Core B987(1.5GHz)ကို အသုံးပြုထားခြင်းကြောင့် Data Processတွေကို မြန်ဆန်စွာ လုပ်ဆောင်နိုင်မှာဖြစ်ပြီး 2 GB Memory ပါဝင်တာ တွေ့ရပါတယ်။ SD Cardကို အသုံးပြုပြီး 320GB ပမာဏအထိ Memoryကို တိုးမြှင့်နိုင်ပါတယ်။ 11.6" LED LCD Screenက ပါဝါသုံးစွဲမှုကို ချွေတာပေးပြီး တိကျတဲ့ ရုပ်ထွက်တွေ ဖန်တီးပေးမှာပါ။ Intel HD Graphic Series ဖြစ်ပြီး Card Reader, Bluetooth, HDMI Portတွေ ပါဝင်တာ တွေ့ရပါတယ်။ Webcam ပါဝင်ပြီး Acer Instant Connect ပါဝင်လို့ ၂.၅ စက္ကန့်အတွင်း အင်တာနက်နဲ့ ချိတ်ဆက်နိုင်မှာ ဖြစ်သလို Wi-Fiလည်း သုံးစွဲနိုင်မှာပါ။ Batteryက 4 Cell Battery မျိုးဖြစ်ပြီး အာမခံ သက်တမ်း (၁)နှစ်ဖြင့် မြန်မာပြည်ရဲ့ တရားဝင် ကိုယ်စားလှယ် ရွှေလမင်းနဂါးမှ တင်သွင်းထားပါပြီး Acer၏ Dealer, Reseller ဆိုင်များတွင် စုံစမ်း မေးမြန်း ဝယ်ယူနိုင်ပါတယ်။

ဈေးနှုန်း - 298,000ကျပ်ဝန်းကျင်

# တန်ဖိုးကြီး ဖုန်းများအတွက် အလှမပျက် ရေစိုခံကာဗာ Survivor

သန့်စင်

သင်္ကြန်တွင်း ရောက်ပြီဆိုရင် အိတ်လေးတွေကို လည်ပင်းမှာ ချိတ်ပြီး ဖုန်းထည့်ထားတဲ့ ပုံစံက သင်္ကြန်ဖက်ရှင် တစ်မျိုးနဲ့တောင် တူနေပါတယ်။ အခု ဈေးကွက် ထဲမှာလည်း ဖုန်းတွေအတွက် ရေစိုခံ အိတ်တွေကလည်း ရောင်းနေပါပြီ။ ဖုန်းတွေကို လည်ပင်းမှာ ချိတ်ဆွဲထားရတာကို စိတ်ပျက်သူများလည်း ရှိနေမှာပေါ့။ ဒီအတွက် တန်ဖိုးကြီးဖုန်း ရေစိုခံကာဗာ တစ်ခုနဲ့ မိတ်ဆက် ပေးလိုက်ပါတယ်။

တန်ဖိုးကြီး ဖုန်းတွေအတွက်လို့ ဆိုလိုတာက ဖုန်းကာဗာ ကိုယ်ထည်က ကြီးနေတဲ့အတွက် Galaxy Note 1, 2, iPhone 4, 5, Samsung S2, S3တွေ အတွက်သာ အသုံးပြုလို့ရခြင်း ဖြစ်ပါတယ်။ ကာဗာပုံစံက စေ့စပ်မှု ရှိတဲ့အတွက် ရေစိုခံနိုင်ပြီး USB Charging အပေါက်လေးတွေကိုလည်း အဖွင့် အပိတ် လုပ်လို့ ရအောင် အပိတ်လေးတွေ ပါဝင်သည့်အတွက် ရေ၊ သဲဝင်နိုင်မှုကို တားဆီးပေးမှာပါ။ Fram နှစ်ထပ် ပါဝင်ပြီး ဖုန်း အနားသားတွေကို Silicon တွေနဲ့ ဖုံးအုပ် ပေးထားတဲ့အတွက် အကြမ်းခံ နိုင်မည် ဖြစ်ပြီး ခါးချိတ်လည်း ပါဝင်သည့်အတွက် သွားလေရာ အလွယ်တကူ သယ်ဆောင် သွားနိုင်မှာပါ။ အနီ၊ အဖြူ၊ အနက်နှင့် အဝါရောင်လေးများကို ကာလာရောစပ်ထားသည့် ဒီဇိုင်း ပုံစံလေး ရှိပါတယ်။ သူ့ရဲ့ ဈေးနှုန်းက တစ်သောင်းခွဲ ဖြစ်ပြီး ကိုဘီနီး ဂိမ်းဆိုင်၊ ဖုန်း - ၀၁-၂၅၆-၄၁၇တွင် မေးမြန်း ဝယ်ယူ ရရှိနိုင်ပါတယ်။



# သင်္ကြန်လည်ရင်း သီချင်း နားထောင်ချင်သူများအတွက် Dry Buds နားကြပ်

သန့်စင်



သင်္ကြန်နား နီးကပ်လာတဲ့အတွက် အိုင်တီ ပစ္စည်းတွေမှာ ဆက်စပ် ပစ္စည်းတွေသာ အဓိကထား ဝယ်ယူလာကြတာ တွေ့ရပါတယ်။ သင်္ကြန်တွင်း ခရီးထွက်တဲ့အခါ ဒါမှမဟုတ် ရုံးပိတ်ရက်တွေမှာ မိမိနေရပ်ကို ပြန်ကြတဲ့သူများက သယ်ရလွယ်တဲ့ အိုင်တီ ပစ္စည်း အသေးလေးတွေကို ဝယ်ယူကြတာဟာ နှစ်တိုင်း လိုလိုပါပဲ။ အခု မိတ်ဆက် ပေးချင်တာက သင်္ကြန်တွင်း ခရီးထွက်တဲ့အခါ သီချင်းလေးနဲ့ ငြိမ့်ပြီး သွားချင်သူများအတွက် ရေစိုခံ နားကြပ်လေးပဲ ဖြစ်ပါတယ်။

ထိုနားကြပ်လေးရဲ့ တံဆိပ်နာမည်က Dry Buds ဖြစ်ပြီး ရေစိုခံနိုင်မှု အတိုင်းအတာ တစ်ခုအနေဖြင့် ရေအောက်အနက် ၁၀ပေအနက်ထိ နားဆင်နိုင်တယ်လို့ သိရပါတယ်။ ရေစိုခံနိုင်မှု အတိုင်းအတာ ကောင်းသည့် အပြင် Music အသံကိုလည်း ကြည်လင် ပြတ်သားစွာ နားဆင်နိုင်သည့် အတွက် Music Crazyများအနေဖြင့် သင်္ကြန်တွင်း သီချင်းနှင့်ဝေးမှာ ပူပန်စရာ မလိုတော့ပါဘူး။ ဈေးနှုန်းအားဖြင့် နှစ်သောင်း ဝန်းကျင်ခန့် ရှိပြီး ဖုန်း ၀၁-၂၂၄-၃၆၀ လိုင်းခွဲ၂၀၆ တွင် မေးမြန်း ဝယ်ယူနိုင်ကြောင်း သိရသည်။

# သီချင်းချစ်သူများ ဖုန်းစပီကာ မနာစေဖို့ Doss Bluetooth Speaker

သန့်စင်

အိုင်တီ ဈေးကွက် အတွင်း ချစ်စရာ ဒီဇိုင်းမျိုးစုံနဲ့ စပီကာတွေ ပေါများ နေတဲ့အတွက် ရွေးချယ်ရ ခက်နေမယ်ဆိုလျှင် ဈေးကွက်ထဲ အသစ် ရောက်လာတဲ့ စပီကာလေး တစ်မျိုးနဲ့ မိတ်ဆက် ပေးချင်ပါတယ်။ ဒီစပီကာကတော့ Doss တံဆိပ် Bluetooth Portable Speakerလေးပဲ ဖြစ်ပါတယ်။ ဒီစပီကာကို iPhone, iPod, Tablets စသည်ဖြင့် Bluetooth Function ပါဝင်တဲ့ မည်သည့် ပစ္စည်းနဲ့မဆို တွဲဖက် အသုံးပြုနိုင်ပါတယ်။ စပီကာနဲ့ တွဲဖက်ပြီး သီချင်း နားထောင်ခြင်း ပြုလုပ်နိုင်ရုံ သာမက ဖုန်းပြောဆိုခြင်းကိုပါ ပြုလုပ်နိုင်တဲ့အတွက် ဇိမ်ခံကား တွေပေါ်မှာ အသုံးပြုလို့ သင့်တော်ပါတယ်။ Bluetoothနဲ့ ချိတ်ပြီး မသုံးချင်ဘူးဆိုရင်လည်း စပီကာရဲ့ ကိုယ်ထည်အတွင်းမှာ SD Memory ကဒ် ထည့်သွင်း အသုံးပြုနိုင်သည့်အတွက် ဖုန်းမရှိသူများအတွက်ပါ အသုံးပြုလို့ ရစေပါတယ်။ စပီကာရဲ့ ကိုယ်ထည် အပြင်ဘက်ကို Silicon ကာဗာ တပ်ဆင်ထားတဲ့အတွက် မတော်တဆ ပြုတ်ကျတာခဲ့လျှင်လည်း တော်ရုံနဲ့ ကွဲအက်ခြင်းမျိုး ဖြစ်စေမှာ မဟုတ်ပါဘူး။ ဖုန်းအားသွင်းကြိုး ပါရှိပြီး တစ်နာရီ အားသွင်းထားရင် မရပ်မနား ၅နာရီလောက် အသုံးခံစေမှာ ဖြစ်ပါတယ်။ ယိုးဒယားထုတ် ပစ္စည်းဖြစ်ပြီး အရွယ်အစား သေးငယ်စွာနဲ့ ချစ်စရာ ကောင်းတဲ့ ပုံစံရှိပါတယ်။ ဈေးနှုန်း ၈သောင်းခွဲ ဝန်းကျင် ရှိပြီး ကိုဘီနီးဂိမ်းဆိုင်၊ ဖုန်း - ၀၁-၂၅၆-၄၁၇တွင် မေးမြန်း ဝယ်ယူနိုင်ပါတယ်။




## Tablet Acer Iconia B1

Acerရဲ့ ပစ္စည်းအသစ်ဖြစ်သော Iconia Tablet B1ကို Acerမှ ဈေးနှုန်း ချိုသာစွာဖြင့် ထုတ်လုပ် ဖြန့်ချိလိုက်ပါသည်။ ၇ လက်မ အရွယ်သာရှိပြီး 0.3 kg အလေးချိန်ခန့်သာရှိသော B1 Tablet အမျိုးအစားကို အနက်ရောင် Coverပေါ်တွင် အပြာရောင် လိုင်းများနှင့် အလှဆင်ထားပါသည်။ Androidၡ နောက်ဆုံး Version ဖြစ်သော Jelly Bean 4.1.2ကို အသုံးပြုထားပြီး Tablet Processorတွင် နောက်ဆုံး ထွက်ရှိထားသော Mediatek Processor Dual Core, 1.2GHzကိုသုံးထားပြီး 512 MB RAM ပါရှိသည်။ Internal Memoryအနေဖြင့် 8GB ပါဝင်ပြီး SD Cardအား 32GB အထိ ထပ်မံတိုးချဲ့ အသုံးပြုနိုင်ပါသည်။ 0.3 MPအားရှိ ကင်မရာပါဝင်ပြီး Internet Wi-Fi အသုံးပြုနိုင်ရန်အတွက် 802.11 b/n/g ပါရှိပါသည်။ ထူးခြားမှု အနေဖြင့် Bluetooth 4.0 ပါရှိပြီး Battery အနေဖြင့် Lithium-ion Battery 10Wကို အသုံးပြုထားပါသည်။ အရည်အသွေးကောင်းမွန်ပြီး၊ သင့်တင့်သော ဈေးနှုန်း၊ လှပသော ဒီဇိုင်းများကြောင့် လူကြိုက်များသော Tabletအဖြစ် ရေပန်းစားလျှက်ရှိပါသည်။ Acer Iconia B1 Tabletကို ဝယ်ယူ အားပေးချင်သူများ အတွက် အာမခံ သက်တမ်း Part (၆)လနှင့် Service (၁)နှစ်ဖြင့် Acerၡ Delarနှင့် Resealer ဆိုင်ကြီးများတွင် ဝယ်ယူ အားပေးနိုင်ပါသည်။

Price - 120,000ကျပ်ဝန်းကျင်



## Tablet Zestpro 9" Wi-Fi (New Zestdroid)



ယခင် ထွက်ရှိထားခဲ့တဲ့ Zestpro အမျိုးအစား များစွာထဲမှာမှ ယခု လက်မ အရွယ်အစားနှင့် လိုင်းဆွဲအား ပိုမိုကောင်းမွန်တဲ့ Zestpro 9" Tablet ကတော့ Screen Size အကြီးကို နှစ်သက်သူတွေအတွက် အသုံးပြုသင့်ဆုံး Tabletပဲ ဖြစ်ပါတယ်။ CPU 1.5နှင့် Ram 1 GB ပါဝင်ပြီး Storage Internal 8 GB ပါဝင်တာကြောင့် Data သိမ်းဆည်းမှု လုံလောက်စွာ ရရှိမှာ ဖြစ်ပါတယ်။ External SD Card ထပ်မံ အသုံးပြုနိုင်ပြီး 32GB အထိ Support လုပ်နိုင်မှာ ဖြစ်ပါတယ်။ ရှေ့နောက် Dual Camera ပါဝင်ပြီး Colour အဖြူရောင်နှင့် အနက်ရောင်အစပ် ဖြစ်တာကြောင့် အလွန်လှပပြီး လူငယ်များနှင့် လူကြီးများပါ အကြိုက် တွေ့စေမှာ ဖြစ်ပါတယ်။ Android Version 4.0.4, ICS Versionကို အသုံးပြုထားတာကြောင့် မည်သည့် ဂိမ်းအမျိုးစားမဆို ထည့်သွင်း ဆော့ကစားနိုင်ပြီး Android Application များဖြစ်တဲ့ Microsoft Word, PowerPoint, Excelများကိုလည်း အသုံးပြုနိုင်ပါတယ်။ လှပတဲ့ Zestpro 9" Wi-Fi Tabletကို ဈေးနှုန်းသက်သာစွာဖြင့် SCS Computer၊ ဖုန်း - 01-290-384, 09-730-001-01တွင် ဝယ်ယူရရှိနိုင်ပါတယ်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 14
MYANMAR ICT JOURNAL

## Animation Review



**Title name - AKB0048 Next Stage**
**Genere - Drama**
**Studio - Science Fiction Action, Musical**
**Score - 4.5 out of 5**
**Studio - Satelight**

နေအောင်လတ်

AKB0048 Next Stageဟာ 2012က ထွက်ရှိခဲ့တဲ့ AKB0048 Animation Series ဇာတ်လမ်းတွဲရဲ့ တိုက်ရိုက် အဆက် ဖြစ်ပြီးတော့ အရင်လိုပဲ Science Fiction, Musicalနှင့် Action ဇာတ်လမ်း အမျိုးအစားတွေကို ပေါင်းစပ်ထားတဲ့ စိတ်ဝင်စားဖွယ် ဇာတ်လမ်းတစ်ခု ဖြစ်ပါတယ်။ AKB0048 Animation Seriesဟာ Japan နိုင်ငံရဲ့ နာမည်အကြီးဆုံး အမျိုးသမီး Idol Group ဖြစ်သလို နိုင်ငံတကာမှာလည်း Album ချပ်ရေ အများဆုံး ရောင်းချနေရတဲ့ J-Pop Group တစ်ဖွဲ့ ဖြစ်တဲ့ AKB48 အဖွဲ့ရဲ့ Member ဝင်များ ပါဝင်တဲ့ ဇာတ်လမ်းဖြစ်လို့ အစပိုင်းမှာ အဖွဲ့ Promotionအတွက်ပဲ ရည်ရွယ်ပြီး ထုတ်လုပ်ထားတဲ့ ဇာတ်လမ်းလို့ ထင်ခဲ့ကြပေမယ့် Season 1 အပြီးမှာ ဇာတ်လမ်းပိုင်းကော သီချင်းတွေပါ ကောင်းမွန်တဲ့အတွက် အရင်က AKB48 ပရိသတ် မဟုတ်သူများ ကိုပါ စွဲဆောင်နိုင်ခဲ့ပါတယ်။ ခု AKB0048 Next Stageမှာတော့ အဖွဲ့ဝင် (Successor)တွေနှင့် ပညာသင် (Understudy)တွေကို မိတ်ဆက်ပေးပြီး သွားပြီမို့ ဇာတ်လမ်း၊ ဇာတ်ကွက် အသစ်တွေကို ပိုပြီး ဂရုတစိုက် တင်ပြနိုင်ခဲ့လို့ မူလ Season 1 ထက်တောင် ပိုကြည့်ကောင်းတာ တွေ့ရမှာပါ။

AKB0048 အဖွဲ့ရဲ့ Memberဝင် ဖြစ်ချင်သူတွေဟာ အပြင်မှာလိုပဲ အဖွဲ့အတွင်းသို့ တိုက်ရိုက်ဝင်ခွင့် မရှိဘဲ Auditionလို့ခေါ်တဲ့ အလားအလာရှိသူ အဆိုတော်နှင့် Idolများ ရွေးချယ်ပွဲမှတဆင့် ဝင်ရောက်ရမှာ ဖြစ်ပါတယ်။ ဇာတ်လမ်းကတော့ အနာဂတ်မှာ နေရာယူထားတာ ဖြစ်တဲ့အတွက် လက်ရှိ Memberတွေက တိုက်ရိုက် ပါဝင်တာမဟုတ်ဘဲ သူတို့လိုမျိုး ကိုယ်ရည်ကိုယ်သွေး ရှိသူ ရုပ်တူသူတွေကို Yūko Ōshima the 9th, Yuki Kashiwagi the 6thနှင့် Mayu Watanabe Type 3 စသည်ဖြင့် Senbatsu Successor Members အဖြစ် ရွေးချယ်ထားပါတယ်။ Senbatsu Membersတွေကို နာမည်ကြီး AKB48 အဖွဲ့ဝင်တွေ ပုံစံရေးဆွဲထားပေမယ့် Seriesရဲ့ အဓိက ဇာတ်ကောင်တွေကတော့ Original Characterတွေဖြစ်တဲ့ Nagisa, Cheriနှင့် Orineတို့လို ပညာသင် (Understudy) အဖွဲ့ဝင်တွေ ဖြစ်ပါတယ်။ သီချင်းတွေအနေနှင့်ကတော့ AKB48ရဲ့ နာမည်ကြီး သီချင်းတွေဖြစ်တဲ့ Heavy Rotationနှင့် Aitakattaတို့လို သီချင်းတွေအပြင် AKB0048 ဇာတ်လမ်းအတွက် AKB အဖွဲ့ဝင်တွေနှင့် ဖွဲ့စည်းထားတဲ့ Sub-Unit ဖြစ်သော No Nameက သီဆို ပေးထားပါတယ်။

AKB0048ရဲ့ ဇာတ်လမ်းကို 21ရာစုခေတ် နောက်ပိုင်း လူသားမျိုးနွယ်စုများ စကြာဝဠာအတွင်းရှိ ဂြိုဟ်အများစုမှာ အခြေချ နေထိုင်ချိန်မှာ နေရာ ယူထားပြီး တစ်ဂြိုဟ်နှင့် တစ်ဂြိုဟ် တိုက်ပွဲဆင်နေကြချိန်မှာ နေရာယူထားပြီး ဂီတနှင့် ရုပ်ရှင်အပါအဝင် အခြား အနုပညာလှုပ်ရှားမှုများကို တားမြစ် ထားပါတယ်။ ဒါကြောင့်မို့လို့ AKB0048 အဖွဲ့ဝင်များဟာ ဂီတ ချစ်မြတ်နိုးတဲ့ ပရိသတ်အတွက် အတားအဆီးများ ကြားမှ စကြာဝဠာအနှံ့ ဖျော်ဖြေပွဲများ ကျင်းပပုံကို Musical Action ဇာတ်လမ်းပုံစံနှင့် မြင်တွေ့ရမှာပါ။ တချို့ နယ်မြေတွေမှာတော့ ဖျော်ဖြေရေးတွေကို တားမြစ်ထားခြင်း မရှိပေမယ့် DES Government လက်အောက်က နယ်မြေတွေမှာတော့ AKB0048 အဖွဲ့ဝင်တွေအနေနှင့် ပရိသတ်အတွက် ခေတ်မီနည်းပညာတွေနှင့် ဖျော်ဖြေရုံသာမက မိမိတို့ကို လာရောက် တားဆီးသူတွေကိုပါ ပြန်လည် တိုက်ခိုက်ရတာဆိုတော့ Animation Quality ကောင်းတဲ့ Action Sceneတွေပါ ကြည့်ရမှာပါ။

AKB0048 Next Stageကို ကြည့်ပြီး AKB48လိုမျိုး Idol Groupတွေဟာ ပရိသတ်တွေရှေ့မှာ အမြဲတမ်း ပျော်နေဟန် သရုပ်ဖော်နေရပေမယ့် နောက်ကွယ်မှာ မနားတမ်း လေ့ကျင့်ခဲ့ရတာတွေ၊ အဖြစ်အပျက်မျိုးစုံ ရင်ဆိုင်ပြီး အပင်ပန်းခံ၊ အနစ်နာခံခဲ့ရတာတွေကို မြင်တွေ့ရမှာပါ။ အရင် Season 1တုန်းကလို ဖျော်ဖြေပွဲတွေနှင့် ပွဲအတွက် လေ့ကျင့်ပုံတွေ၊ Action Sceneတွေ သာမကတော့ဘဲ Memberတွေအနေနှင့် Bungee Jumpingကနေ Dodgeball ကစားရတဲ့ အထိ စုံလင်တဲ့ Variety TV Showတွေမှာ ပါဝင်ရပုံတွေ အပြင်ကလိုမျိုး Single သီချင်းတွေ၊ Live Showတွေမှာ ပါဝင်ဖို့နှင့် ဘယ်သူတွေ လူကြိုက် အများဆုံးလည်းဆိုတာကို သိရှိရဖို့အတွက် General Electionလို့ ခေါ်တဲ့ ပရိသတ် မဲပေးပွဲတွေကို စကြာဝဠာ တစ်ခုလုံးက ပရိသတ်တွေ ထည့်သွင်းထားသလို မူရင်း AKB48 ပရိသတ်တွေက သဘောကျမည့်အပြင်၊ 2012 General Electionတုန်းကလိုမျိုး အရင်ထက် အဆင့် ကျသွားလို့ Itano Tomomiနှင့် Kojima Harunaတို့ အနေနှင့် ပရိသတ်ရှေ့မှာ ငိုရပုံမျိုးတွေကို Animation ဇာတ်လမ်းထဲ ထည့်သွင်းထားတာကို တွေ့ရမှာပါ။ ဇာတ်လမ်းကော၊ Production Qualityပါ အထူး ကောင်းမွန်တဲ့အတွက် Idol Music စိတ်ဝင်စားသူ ပရိသတ်များကော၊ Quality ကောင်းတဲ့ ဇာတ်လမ်းတွေ ကြည့်လိုသူတွေနှင့်ပါ သင့်တော်ပါတယ်။


## Movie Review

# NO PLACE ON EARTH



မင်းခန့်

၁၉၄၂ခုနှစ် အောက်တိုဘာလ အရောက်မှာ ဟစ်တလာ ဦးဆောင်တဲ့ နာဇီတပ်တွေဟာ ယူကရိန်းနိုင်ငံအထိ ပေါက်ရောက်အောင် ကိုလိုနီနယ်တွေ သိမ်းယူနေကြပါပြီ။ ဟစ်တလာဟာ ဂျူးမုန်းတီးရေးဂါဒကို လက်ကိုင်ထားပြီး ဂျူးလူမျိုးတွေကို ဖမ်းဆီး သတ်ဖြတ်နေတာကြောင့် Esther Stermerဟာ ယူကရိန်း ဒေသခံ ဂျူးလူမျိုးတစ်ယောက် ဖြစ်တဲ့အတွက် ဟစ်တလာရဲ့ ရန်ကို ရှောင်ရှားဖို့ သူ့မိသားစုဝင် လေးယောက်ကိုခေါ်ပြီး လူတွေ မထင်မှတ် နိုင်လောက်အောင် အလင်းရောင်မဲ့ပြီး အေးခဲစိုစွတ်တဲ့ မြေအောက်လိုဏ်ဂူ တစ်ခုမှာ တစ်နှစ်ခွဲလောက် ထိအောင် ပုန်းအောင်းနေခဲ့ပါတယ်။ နှစ်ဆယ်ရာစ အရောက် ယူကရိန်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာတဲ့အခါ မြေအောက် လိုဏ်ဂူ စနစ်တစ်ခုကို မြေပုံထုတ်ပြီး စီမံကိန်းကို အကောင်အထည် ဖော်ကြပါတယ်။ စီမံကိန်းကို ဦးဆောင်သူက Chris Nicolaဖြစ်ပြီး မြေအောက်လိုဏ်ဂူ တူးဖော်တဲ့အချိန်မှာမှ Estherတို့ နေထိုင်ခဲ့ကြတဲ့ လိုဏ်ဂူကို ရှာဖွေ တွေ့ရှိခဲ့ပါတယ်။ အဲဒီလို ရှာဖွေတွေ့ရှိခဲ့ပြီးမှ Estherတို့ ဘယ်လိုမျိုး ရှန်းကန်ပြီး နေထိုင်ခဲ့ကြတဲ့ အကြောင်းတွေကို ကြည့်ရှု ခံစားရမှာ ဖြစ်ပါတယ်။ လူတွေဟာ ကိုယ့်အသက်အန္တရာယ်နဲ့ ရင်ဆိုင် ကြုံတွေ့လာပြီဆိုရင် ဘယ်လောက်တောင် ဒုက္ခခံပြီး နေထိုင်နိုင်သလဲဆိုတာကို စိတ်ဂင်စားဖွယ် ကောင်းအောင် ရိုက်ကူးထားတဲ့ ဇာတ်ကားကောင်း တစ်ကားပါ။ PG 13 အဆင့်ရှိတဲ့ ဒီရုပ်ရှင်ကားကို ဒါရိုက်တာ Janet Tobiasက ရိုက်ကူးထားခြင်း ဖြစ်ပြီး Chris Nicola, Fruzsina Pelikanနဲ့ Saul Stermerတို့က အကောင်းဆုံး သရုပ်ဆောင် ထားပါတယ်။ ကြာမြင့်ချိန်က ၈၃မိနစ်ဖြစ်ပြီး English, Germany ဘာသာစကားနှစ်မျိုး အနေနဲ့ ပြသသွားမှာပါ။ ဖြစ်ရပ်မှန် ရုပ်ရှင်ကောင်း ကြည့်ချင်သူတွေ အကြိုက်တွေ့မှာ ဖြစ်ပြီး ဧပြီလ ၅ရက်နေ့က အမေရိကန်မှာ ရုံတင်ပြသခဲ့တာမို့ မကြာခင် ကြည့်ရှုရတော့မယ့် ဇာတ်ကားကောင်း တစ်ကားဖြစ်ပါတယ်




Easy One Mobile

» လူကြီးမင်းတို့ဘဝမှာ တစ်ခါမှမကြုံဖူးတဲ့ ဈေးနှုန်းချိုသာမှုနှင့် အကောင်းဆုံးဝန်ဆောင်မှုတွေကို ကြုံချင်ရင် Easy One Mobile ဆိုင်ကိုသာ လာခဲ့ပါ။

"စစ်မှန်သော ပစ္စည်းများကိုသာ ရောင်းချပေးပါသည်၊"

EZ1

အမှတ် (၁၆၃)၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ Tel: 01-250941
www.facebook.com/easyonemobile / easyone.mobile@hotmail.com

PROFIT Computer Training Centre 30 % Off

Practical A+ Special Course
- Desktop များသာမက Laptop များအကြောင်း အသေးစိတ် အချက်အလက်များအပြင် စနစ်တကျပြုပြင်တပ်ဆင်ခြင်း ၊
- Windows XP, 7, 8, Driver, Software, Game Installation,
- DOS command, Disk Management, Hard Disk Cloning, System Registry , Group Policy , Data Security , Data Backup & Recovery, System Backup & Recovery, Anti Virus System နှင့် အခြားသိသင့်သော system tools များ
- Networking ချိတ်ဆက်ခြင်းများအပြင် CCTV Camera များ တပ်ဆင် အသုံးပြုပုံများ ထည့်သွင်းသင်ကြားပေးပါသည်။
- ACER နှင့် MSI မှ Computer Technician များမှ Laptop များအကြောင်းကူညီပံ့ပိုး သင်ကြားပေးမည်ဖြစ်ပါသည်။

Graphic Design Course
ကြော်ငြာဒီဇိုင်း၊ ဗီနိုင်း၊ မွေးနေ့ကတ်၊ Phamplet, Logo Design, Visiting Card , Wedding Card များဖန်တီးခြင်း၊ ဓါတ်ပုံအသစ်၊ အဟောင်းများပြုပြင်ခြင်း၊ ကုန်ပစ္စည်းထုတ်ပိုးမှုဘူးခွံဒီဇိုင်းများ၊ အမှတ်တံဆိပ်များရေးဆွဲခြင်း၊ စာအုပ်မျက်နှာဖုံးဒီဇိုင်း၊ CD Sticker Design, CD-DVD Cover Design, Voucher Design, Background Design များဖန်တီးခြင်း၊ လှပဆန်းပြားသော စာလုံးပုံရိပ်ဒီဇိုင်းများဖန်တီးခြင်း၊ Graphic Animation များ ဖန်တီးခြင်း၊ Layoutချခြင်း၊ စာအုပ်စာစောင်ဖွဲ့ခြင်း စသည်တို့ကို ဖန်တီးပြုလုပ်နိုင်ရန် Trutorials ပေါင်းများစွာဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးပါသည်။
*Adobe Photoshop CS5, Adobe Illustrator CS5, Adobe Indesign CS5*

*I-Office , DTP , Advanced Excel , Vedio Editing Course, Animation (2D+3D)Course*

18(D-5), ဦးထွန်းလင်းခြံလမ်း၊ သပြေညို (၁) လှည်းတန်း၊ ကမာရွတ်။ Phone:09-73084751, 09-420160229

# ဒီတစ်ပတ်တော့ အမေရိကန်နိုင်ငံရဲ့ အကျော်ကြားဆုံး တေးဂီတ အယ်လ်ဘမ်များ

**1**



### The 20/20 Experience (Justin Timberlake)

ဖြန့်ချိသည့်ရက်စွဲ - ၁၅ ရက်၊ မတ်လ၊ ၂၀၁၃။
ဂီတအမျိုးအစား - Neo Soul

**2**




### Same Trailer Different Park (Kacey Musgraves)

ဖြန့်ချိသည့်ရက်စွဲ - ၁၉ ရက်၊ မတ်လ၊ ၂၀၁၃။
ဂီတအမျိုးအစား - Country

**3**




### Unorthodox Jukebox (Bruno Mars)

ဖြန့်ချိသည့်ရက်စွဲ - ၆ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၂။
ဂီတအမျိုးအစား - Pop, R&B, Rock, Soul, Reggae

**4**




### Spring Break . . Here To Party (Luke Bryan)

ဖြန့်ချိသည့်ရက်စွဲ - ၅ ရက်၊ မတ်လ၊ ၂၀၁၃။
ဂီတအမျိုးအစား - Country

**5**




### The Truth About Love (P!nk)

ဖြန့်ချိသည့်ရက်စွဲ - ၁၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၂။
ဂီတအမျိုးအစား - Pop, Pop Punk

**6**




### Night Visions (Imagine Dragon)

ဖြန့်ချိသည့်ရက်စွဲ - ၄ ရက်၊ စက်တင်ဘာလ၊ ၂၀၁၂။
ဂီတအမျိုးအစား - Alternative Rock, Indie Rock

**7**



### What About Now (Bon Jovi)

ဖြန့်ချိသည့်ရက်စွဲ - ၈ ရက်၊ မတ်လ၊ ၂၀၁၃။
ဂီတအမျိုးအစား - Rock, Hard Rock, Arena Rock

**8**



### Les Miserables (Claude Michel Schonberg)

ဖြန့်ချိသည့်ရက်စွဲ - ၂၂ ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၃။
ဂီတအမျိုးအစား - Film Soundtrack

**9**




### Babel (Mumford & Sons)

ဖြန့်ချိသည့်ရက်စွဲ - ၂၁ ရက်၊ စက်တင်ဘာလ၊ ၂၀၁၂။
ဂီတအမျိုးအစား - Folk Rock, Indie Folk

**10**



### Unapologetic (Rihanna)

ဖြန့်ချိသည့်ရက်စွဲ - ၁၉ ရက်၊ နိုဝင်ဘာလ၊ ၂၀၁၂။
ဂီတအမျိုးအစား - Pop, EDM, Dubstep

## New Games




### Assassin's Creed 3 Tyranny of King Washington Episode2

Genre - Political Simulation

Assassin's Creed 3 ဂိမ်းရဲ့ Expansion အသစ်ဖြစ်ပြီး မူလဇာတ်လမ်းအဆက် Alternate Dimension နေရာ တစ်ကနေ ဝင်ရောက် ကစားရမှာဖြစ်ပြီး ယခင် Gameplay Featuresတွေအပြင် ဝံပုလွေ၊ သိမ်းငှက်တို့ရဲ့ အစွမ်းတွေ ရရှိမှာဖြစ်သလို ဆိုးသွမ်းတဲ့ King Washingtonနှင့်လည်း ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။




### School Days HQ

Genre - Visual Novel

English ဘာသာဖြင့် အသစ်ထွက်ရှိထားတဲ့ Visual Novel ဂိမ်းအသစ်ဖြစ်ပြီး Gameplay Contents အများဆုံး Visual Novel ဂိမ်းတစ်ခု ဖြစ်သလို ဇာတ်သိမ်းနှင့် In-Game Choices မျိုးစုံနှင့်အတူ Animation Cutscenes ပေါင်းများစွာ ပါဝင်လို့ ဇာတ်လမ်းတွဲ တစ်ခု ကြည့်နေရသလို အရသာရှိမည့် ဂိမ်းတစ်ခု ဖြစ်ပါတယ်။




### Aselia - the Eternal

Genre - Strategy RPG

Strategy RPG ဂိမ်းအသစ်ဖြစ်တဲ့ Aselia the Eternalဟာ Visual Novelနှင့် RPG Gameplay နှစ်မျိုးပေါင်း ကစားရမယ့် ဂိမ်းဖြစ်ပြီး ကစားသူဟာ ရန်သူများကို တိုက်ခိုက်ဖို့ Warrior Spiritsများကို ဆင့်ခေါ်၍ Turn Based Battleများတွင် ဝင်ရောက် တိုက်ခိုက် ကစားရမှာ ဖြစ်ပါတယ်။ Story Ending ရမျိုးပါဝင်ပြီး နာရီပေါင်း ၃၀ကျော် ကစားရမှာ ဖြစ်ပါတယ်။




### Bioshock Infinite

Genre - First Person Shooter

Developer Irrational Gamesရဲ့ နာမည်အကြီးဆုံး FPS စီးရီးတစ်ခုလည်း ဖြစ်ပြီး ယခင် Bioshock ဂိမ်းများကဲ့သို့ ရေအောက်မြို့တော် Raptureတွင် နေရာ မယူထားဘဲ လေပေါ်တွင် တည်ဆောက်ထားသော New Columbia မြို့မှာ ဝင်ရောက် ကစားရမှာ ဖြစ်ပါတယ်။ FPSနှင့် RPG Gameplayဖြင့် Shooting ပိုင်းအပြင် Super Natual Abilityများ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။


RECOMMENDED STORE: Game Hive Video Game Sales & Service, Contact: 09 7311 8550, 09 541 7272

## Game Preview







ရထား

Capcomက ထုတ်တဲ့ Action ဂိမ်းတစ်ခုပါဘဲ။ ၂၀၁၃ မှာCapcom ခြေလှမ်းသွက်သွက်နဲ့ ဂိမ်းတွေ ထုတ်နေတယ် ထင်တယ်။ သူ့ရဲ့ဂိမ်းတွေက ထွက်လာတိုင်း မိုက်နေတော့လဲ ခက်သားလားဗျ။ အခုအမိုက်ဆုံး Actionဂိမ်းကို June 4ရက်နေ့မှာ USမှာ စတင် ဖြန့်ချိတော့မှာတဲ့။ Capcomက ထုတ်မယ့် Remember Me ဆိုတဲ့ Actionအကြောင်းလေး လေ့လာ ကြည့်ကြရအောင်ဗျာ။ Remember Meလို့ ဘာကြောင့် နာမည် ပေးထားတာလဲဆိုတာ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ကဲ Preview လုပ်လိုက်မယ်ဗျာ။ ဂိမ်းက Action ဂိမ်းဖြစ်နေတာရယ်၊ ဂိမ်းလောကထဲမှာ ဒီလိုမျိုးဇာတ်လမ်းကို အခြေခံထုတ်ထားတဲ့ ဂိမ်းမရှိသေးတာကြောင့် Remember Meက အနေအထားတစ်ခုထိရောက်လိမ့်မယ်ဆိုတာ တွေးလို့ရပါတယ်။ ဒီဂိမ်းရဲ့ ဇာတ်လမ်းနဲ့ တူတဲ့ ဇာတ်ကားမျိုး မရှိပေမယ့် In Time ဇာတ်ကားနဲ့ဆင်ပါတယ်။ In Time ဇာတ်ကားထဲကလို လူတွေကို သတ်မှတ်ပေးထားတဲ့ သက်တမ်းကို အချိန်နဲ့ တိုင်းတာထားတဲ့ ပုံစံမျိုးပါပဲ။ အဲ့ဒီအချိန်ကုန်သွားရင် လူတစ်ယောက် သေဆုံးမှာ ဖြစ်သလို တစ်ယောက်နဲ့ တစ်ယောက်လည်း အချိန် မျှပေးလို့ ရပါတယ်။

အချိန်တွေကိုတော့ လူတစ်ယောက်တိုင်းအတွက် Limitနဲ့ ပြန်ဖြည့်လို့ရပါတယ်။ ဒီလို ဇာတ်လမ်း သဘောမျိုး ဖြစ်ပေမယ့် Remember Meမှာတော့ တကယ့်အဖိုးတန်တာ ရွှေတွေ ငွေတွေ အချိန်တွေ မဟုတ်ပါဘူး။ လူတစ်ယောက်ရဲ့ မှတ်ဉာဏ်ဘဲ ဖြစ်ပါတယ်။ ဂိမ်းထဲမှာ သတ်မှတ်ပေးထားတဲ့ ဇုန်တစ်ခုက အရမ်းကို ထူးဆန်းနေပါတယ်။ အဲ့ဒီမြို့မှာရှိတဲ့ လူတွေရဲ့ မှတ်ဉာဏ်တွေက တနေ့တခြား ကုန်ဆုံးနေပါတယ်။ ရှိသမျှ လူတွေအကုန်လုံး တစ်စုံတစ်ယောက်ရဲ့ စေခိုင်းမှုအောက်ကို ကြရောက်နေကြပါတယ်။ အကုန်လုံး ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် မဟုတ်ကြတော့ပါဘူး။ ဒီမြို့ထဲမှာ အကြောက်ရဆုံး သူတွေက မှတ်ဉာဏ် ခိုးတဲ့လူတွေပဲ ဖြစ်ပါတယ်။ ဒါတွေကို ရင်ဆိုင်နေရတဲ့ ကောင်မလေးတစ်ယောက်က ဒီဒုက္ခတွေထဲက လွတ်မြောက်ဖို့ ကြိုးစားနေပါတယ်။ သူ့နာမည်က Nilinခေါ်တဲ့ မှတ်ဉာဏ် အခိုးခံခဲ့ရသူ တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ သူကလည်း Memory Hunterအဖြစ် မှတ်ဉာဏ်တွေ ပြန်ခိုးနေရပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ဘဝအမှန်ကို ပြန်ရအောင် ကြိုးစားနေရတဲ့အတွက်ပါ။

သူ့ကိုတစ်ချိန်လုံး ဘယ်ကိုသွားပြီး ဘာတွေလုပ်ရမလဲဆိုတာကို အမိန့်ပေးနေတဲ့ သူရှိပါတယ်။ ဒါကြောင့် သူဘယ်လိုမျိုး ဘဝအမှန်ကို ပြန်ရမလဲဆိုတာ စိတ်ဝင်စားစရာ ကောင်းပါတယ်။ ကစားသူက သူ့နေရာကနေ ဝင်ရောက် ကစားသွားရမှာ ဖြစ်ပါတယ်။ အမိန့်ပေးထားတဲ့ Mission တွေကို ပြီးမြောက်အောင် ဆောင်ရွက်ရမယ့်အပြင်၊ Puzzelတွေလည်း ကစားရဖို့ ရှိနေပါတယ်။ ဇာတ်လမ်းကတော့ လုံး၀ အသစ်ဖြစ်နေတဲ့အတွက် Actionဂိမ်းတွေကြိုက်တဲ့ TPS ဂိမ်းမာတွေအတွက်တော့ Remember Meက ရောက်လာတော့မှာပါ။ ဆက်ပြောနေရင် နစ်မျက်နှာလောက် ဖြစ်တော့မယ်ဗျို့။ DONTNOD Entertainmentက Developerတွေရဲ့ ဖန်တီးထားမှုတွေနဲ့အတူ ဇာတ်လမ်းအသစ်နဲ့ ဂိမ်းကောင်းတစ်ခုဖြစ်တဲ့ Remember Me ဂိမ်းကို စောင့်မျှော်နေမယ့် မြန်မာဂိမ်းမာတွေအတွက် သတင်းကောင်း ပါးလိုက်ပါတယ်ဗျာ။







## Game Review





မင်းခန့်

Grid 2ဟာ PC, Playstation 3နဲ့ Xbox 360တွေမှာ ကစားနိုင်မယ့် Racing Game အမျိုးအစား တစ်မျိုး ဖြစ်ပါတယ်။ Codemaster Southamရဲ့ ဖန်တီးမှု ဖြစ်ပြီး Namco Bandai Gamesက ဖြန့်ချိမှာ ဖြစ်ပါတယ်။ Gameထဲမှာပါတဲ့ ကားပြိုင်ပွဲတွေကို ကမ္ဘာပေါ်က အထင်ကရ နေရာတွေ ဖြစ်တဲ့ Abu Dhabi, Parisနဲ့ အမေရိကန်နိုင်ငံရဲ့ မြို့ပေါင်း တော်တော်များများကို ရွေးချယ်ပြီး ကစားနိုင်မှာပါ။ ပြိုင်ပွဲဝင် သုံးဦးဟာ မြို့တွင်း လမ်းတွေ၊ တောတောင် လမ်းကြမ်းတွေမှာ ဖြတ်သန်း မောင်းနှင်ရမှာ ဖြစ်ပါတယ်။ Single Player Campaign အနေနဲ့သာမကပဲ Onlineနဲ့ပါ ချိတ်ဆက် ကစားနိုင်ပါလိမ့်မယ်။ တကယ်လို့ Onlineနဲ့ ချိတ်ဆက်ပြီး ကစားချင်တယ် ဆိုရင်တော့ Codemasterရဲ့ Onlineကို ချိတ်ဆက်ပြီး Racenetမှာ ဝင်ရောက် ချိတ်ဆက် ကစားရမှာပါ။ ထူးခြားတာ တစ်ခုကတော့ Codemasterရဲ့ ဖန်တီးမှုအသစ် အနေနဲ့ True Feelလို့ အမည်ပေးထားတဲ့ ကားရဲ့ လက်ကိုင်ကို အကောင်းဆုံး ထိန်းချုပ်နိုင်မယ့် စနစ်တစ်ခုကိုပါ ထိတွေ့ ခံစားရမှာပါ။ Grid 2ဟာ PCတွေ ထက်စာရင် အခြား Mediaတွေနဲ့ ကစားရင်တော့ ပိုမို များပြားတဲ့ ကားအမျိုးအစားတွေ၊ လမ်းကြောင်းတွေကို Supported ဖြစ်ပါလိမ့်မယ်။ Single Playerနဲ့ Multiplayerတွေကို စိတ်ကြိုက် ရွေးချယ် ကစားနိုင်မှာ ဖြစ်ပါတယ်။ လာမယ့် မေလ ၃၁ ရက်နေ့မှာ ဖြန့်ချိမယ့် Grid 2ကို ကြိုတင် ဝယ်ယူချင်ရင်တော့ မတ်လ ၆ ရက်နေ့ကတည်းက မှာယူ ထားနိုင်ပါပြီ။

Ref: www.game.co.uk



Mitsubishi Coltမှာ ရွေးချယ် တပ်ဆင်နိုင်တဲ့ အင်ဂျင်တွေက 1.1Litre၊ 1.3Litreနဲ့ 1.5Litre Turbo Engineတွေ ဖြစ်တာမို့ စွမ်းအင် ထုတ်လုပ်ပေးနိုင်မှု အနေနဲ့တော့ အားနည်းတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ သူ့အထွာနဲ့ သူဆိုသလိုတော့ အင်ဂျင်ပါဂါနည်းသလို ဆီစားလည်း သက်သာတာကြောင့် ကားကြပ်တဲ့ ရန်ကုန်မြို့လိုဒေသနဲ့ အသင့်တော်ဆုံးပါပဲ။ မြို့တွင်းမောင်းနှင်မှုတွေနဲ့ အသင့်တော်ဆုံး အင်ဂျင်က 1.1Litre ဖြစ်ပြီး၊ ကျန်အင်ဂျင်တွေကတော့ မြို့တွင်း မြို့ပြင် နှစ်မျိုးစလုံးအတွက် ကောင်းမွန်ပါတယ်။ အင်ဂျင်တွေရဲ့ အပူချိန် ထွက်ရှိမှုနဲ့ အသံ ဆူညံမှုတွေကတော့ အနည်းငယ်စီပဲ ကွာဟချက်ရှိတာ တွေ့ရပါတယ်။ အထူးသဖြင့် အပူချိန်ထုတ်လုပ်မှု အားနည်းတာကြောင့် ခရီးဝေး မောင်းနှင်ရချိန်တွေမှာတော့ အတော်လေး အဆင်ပြေပါတယ်။ အားနည်းချက်တစ်ခုက Coltရဲ့ Gearစနစ်ဖြစ်ပြီး အနည်းငယ် လေးလံတတ်တာမို့ Coltကို ဝယ်ပြီးပြီဆိုရင်တော့ ကားပြင်ဆိုင်မှာ သွားပြင်ထားမှ အဆင်ပြေပါစေလိမ့်မယ်။ Steeringအပိုင်းကတော့ သေးငယ်ပေါ့ပါးတဲ့ ပုံစံလေးဖြစ်လို့ မိန်းကလေးတွေတောင်မှ မောင်းနှင်ဖို့ အကောင်းဆုံး ဖြစ်စေမှာပါ။ အဓိက အားသာချက်တွေ အနေနဲ့ကတော့ ဈေးနှုန်းသက်သာခြင်း၊ မောင်းနှင်သွားလာရ လွယ်ကူခြင်း၊ ဝန်သေးငယ်ခြင်း၊ ရိုးရှင်းတဲ့ ဖွဲ့စည်းပုံများနဲ့ တည်ဆောက်ထားခြင်းတို့ ဖြစ်ပါတယ်။ ဒါ့အပြင် RalliArt စနစ်ကို ထည့်သွင်း တပ်ဆင်ထားတာကြောင့် ပုံမှန် အင်ဂျင်ပါဂါ ထုတ်ပေးနိုင်မှုထက် ပိုအောင် စွမ်းအင် ထုတ်ပေးနိုင်ခြင်းတွေ ဖြစ်ပါတယ်။ အတွင်းပိုင်း တည်ဆောက်ပုံ ဆန်းသစ်မှု အားနည်းတာကြောင့် ဒီဇိုင်းပိုင်းတော့ ထူးခြားမှု မရှိပါဘူး။ ကိုယ်ထည်ပိုင်း ခိုင်မာမှုကတော့ အထူးပြောနေစရာ မလိုတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ Mitsubishiဟာ ဥရောပဈေးကွက်ဝင် ကားကုမ္ပဏီတွေထဲက ကိုယ်ထည်ပိုင်း တည်ဆောက်မှုရဲ့ အခိုင်ခန့်ဆုံး တည်ဆောက်နိုင်မှုမှာ နံပါတ်လေးနေရာကို ရရှိထားလို့ ဖြစ်ပါတယ်။ ကိုယ်ထည်ကိုတော့ Five Doors စနစ်ကို အခြေခံပြီး Two Body Styleပုံစံနဲ့ ထုတ်လုပ်ထားတာကြောင့် ဝန်စည်စလယ်တွေအတွက်ပါ နေရာတော်တော်လေး ကျယ်ဝန်းပါတယ်။ ဆီစားနှုန်းကတော့ ဆီတစ်ဂါလံကို ပျမ်းမျှ ၅၆.၅ မိုင်အထိတောင် မောင်းနှင်နိုင်မှာမို့ ရေရှည်အနေနဲ့ စီးပွားရေး တွက်ခြေကိုက်မှာ ဖြစ်သလို စွမ်းအင် ချွေတာရာလည်း ရောက်မှာဖြစ်ပါတယ်။ ဈေးနှုန်းက စတာလင်ပေါင် ၉,၅၀၀ ကနေ ၁၄,၉၅၀အတွင်း ဈေးကွက်နဲ့ မော်ဒယ်လ် အနိမ့်အမြင့်၊ အင်ဂျင် ရွေးချယ်မှုတွေအပေါ် မူတည်ပြီးတော့ ကွာဟမှု ရှိနိုင်ပါတယ်။

## Recommended Drive



အိုင်စီတီ ဂျာနယ်
Volume 2, Issue 14
MYANMAR ICT JOURNAL

# မြန်မာနိုင်ငံအား ကုန်သွယ်ရေးခွန် ကင်းလွတ်ခွင့်ပြုရန် ဥရောပပါလီမန်အတွင်း အဆိုတင်သွင်း

TZO


Image Credit: capreform.eu

မြန်မာနိုင်ငံအနေဖြင့် ဥရောပဈေးကွက်တွင် ကုန်သွယ်ရေးခွန်နှင့် ကုန်ပစ္စည်းအပေါ် သတ်မှတ်သော ကိုတာ ကင်းလွတ်စွာဖြင့် ကုန်သွယ်နိုင်ရေးအတွက် ဥရောပသမဂ္ဂမှ ပြန်လည်ခွင့်ပြုပေးရန် ဥရောပပါလီမန်နိုင်ငံတကာ ကုန်သွယ်ရေး ကော်မတီက တောင်းဆိုလိုက်ကြောင်း သိရပါသည်။ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၊ အထူးသဖြင့် အဓမ္မလုပ်အားပေးခိုင်းစေမှု (Force Labour) ပပျောက်အောင် ကြိုးပမ်းမှုများကို အားပေးရန်အတွက် ဥရောပကော်မရှင်၏ အဆိုပြုချက်များကို ထောက်ခံပေးပါရန် ဥရောပ ပါလီမန်နိုင်ငံတကာ ကုန်သွယ်ရေး ကော်မတီက တိုက်တွန်းလိုက်ခြင်း ဖြစ်သည်။

လက်နက်နှင့် ခဲယမ်း ရောင်းဝယ်မှုများမှ လွဲ၍ အခြားပစ္စည်းများကို မြန်မာနိုင်ငံအနေဖြင့် အခွန်နှင့် ကိုတာ ကင်းလွတ်စွာ ရောင်းဝယ်ခွင့်ပေးရန်ကိစ္စကို ဥရောပပါလီမန် နိုင်ငံတကာကုန်သွယ်ရေး ကော်မတီတွင် မဲအများဆုံးဖြင့် ဆုံးဖြတ်ထားပြီး ဖြစ်သော်လည်း ဥရောပပါလီမန်တွင် မဲခွဲဆုံးဖြတ်ရန် လိုအပ်နေသေးကြောင်း သိရသည်။ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအတွက် အီးယူက သတ်မှတ်ထားသော မူအရ မြန်မာနိုင်ငံအနေဖြင့် အီးယူနှင့် လွတ်လပ်စွာ ကုန်သွယ်ခွင့်ရှိခဲ့သော်လည်း ၁၉၉၇ခုနှစ်တွင် အဓမ္မလုပ်အား ပေးခိုင်းစေမှုများ ကျယ်ကျယ်ပြန့်ပြန့် ရှိခဲ့သည့်အတွက် ၁၉၉၇ခုနှစ်မှစပြီး ယင်းအခွင့်အရေးကို ရုပ်သိမ်းခဲ့ခြင်း ဖြစ်သည်။

အထက်ပါ ကင်းလွတ်ခွင့်ကိစ္စကို ဥရောပပါလီမန်တွင် မဲခွဲဆုံးဖြတ်ပြီးနောက် ဥရောပ ကောင်စီ၏ တရားဝင် အတည်ပြုချက် ရယူရန် လိုအပ်ဦးမည်ဟု သိရပါသည်။

# iWatchနှင့် ပြိုင်မည့် Samsung IS



Image Credit: inurg.com

Apple ကုမ္ပဏီမှ မကြာမီ ထုတ်လုပ်တော့မည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသော iWatch နာရီကို ယှဉ်ပြိုင်နိုင်ရန်အတွက် Samsungမှ 1.5နာရီကို ထုတ်လုပ်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။ နည်းပညာကုမ္ပဏီကြီးနှစ်ခုမှ ထုတ်လုပ်သည့် နာရီများသည် မိုဘိုင်းလ်ဖုန်းများနှင့် ချိတ်ဆက်အသုံးပြုနိုင်မည့်အပြင် အင်တာနက်မှ Application ပြုလုပ်ခြင်း၊ Download ပြုလုပ်ခြင်းနှင့် Email ပို့ခြင်းများကိုလည်း ပြုလုပ်နိုင်မည် ဖြစ်သည်။

ISနာရီသည် ဝယ်ယူသူများကို ထူးခြားသော စွမ်းဆောင်မှုများကို ပေးစွမ်းနိုင်သည့် ပထမဆုံး နာရီဖြစ်လာမည် ဖြစ်ကြောင်း၊ ISနာရီသည် စမတ်ဖုန်းများ၏ လုပ်ဆောင်မှု အများအပြားကို လုပ်ဆောင်နိုင်မည် ဖြစ်သော်လည်း နာရီပိုင်းနှင့် စပ်လျဉ်း၍ အသေးစိတ် အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်း မရှိပါ။ ၎င်းနာရီသည် ပြေးလွှားနေစဉ် ဖုန်းခေါ်ဆိုမှုအား ဖြေကြားရန်အတွက် နာရီလက်ပတ်အိမ်မှ ဖြုတ်၍ အင်္ကျီအိတ်အတွင်း ထည့်ထားနိုင်သည်။

မိုဘိုင်းလ်ဖုန်းများကို နာရီအဖြစ် ဝတ်ဆင်နိုင်ရန်အတွက် ဒီဇိုင်း ပြောင်းလဲထုတ်လုပ်ထားခြင်း ဖြစ်ပြီး အသုံးအဆောင် ပစ္စည်း ထုတ်လုပ်သူများနှင့် ဒီဇိုင်း ထုတ်လုပ်သူများက အမျိုးမျိုးသော ပုံသဏ္ဌာန်များဖြင့် ယှဉ်ပြိုင် ထုတ်လုပ်လာကြပြီး Apple ကုမ္ပဏီမှ iPadကို မိတ်ဆက်စဉ်က Tablet ဈေးကွက်တွင် အကြီးအကျယ် အောင်မြင်မှု ရရှိခဲ့သည့် နည်းလမ်းအတိုင်း နာရီသစ်များကို မိုဘိုင်းလ်ဖုန်း ဈေးကွက်တွင် ရောင်းချသွားမည်ဟု ကျွမ်းကျင် ပညာရှင်များမှ ယူဆလျက်ရှိကြောင်း သိရပါသည်။

# အရေပြားအတွင်း သွေးစစ်နိုင်မည့် ကြိုးမဲ့ ကိရိယာ အသေးစား တီထွင်


Image Credit: www.theverge.com

ဆွစ်ဇာလန် သိပ္ပံပညာရှင်များသည် အရေပြားအောက်တွင် ထားရှိပြီး သွေးစစ်ဆေးနိုင်သော အသေးစား ကိရိယာလေးတစ်ခု တီထွင်ခဲ့ကြောင်းနှင့် ယင်းကိရိယာသည် သွေးစစ်ဆေးမှု ရလဒ်များကို မိုဘိုင်းလ်ဖုန်းမှ တစ်ဆင့် ချက်ချင်း ပေးစွမ်းနိုင်ကြောင်း သိရသည်။ အရှည် လက်မဝက် (၁၄မီလီမီတာ)ခန့်သာ ရှိသော အဆိုပါကြိုးမဲ့ ကိရိယာသည် သွေးအတွင်းရှိ ကွဲပြားခြားနားသော အရာဝတ္ထု (၅)မျိုးကို ချက်ချင်း စစ်ဆေးနိုင်ကြောင်း ရလဒ်များကို မိုဘိုင်းလ်ဖုန်းမှ Bluetoothစနစ်အား အသုံးပြု၍ ဆရာဝန်များထံသို့ ပေးပို့နိုင်ကြောင်းနှင့် လေးနှစ်အတွင်း ယင်းကိရိယာ အသုံးပြု၍ လူနာများကို စမ်းသပ်မှုများ ပြုလုပ်နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိပ္ပံပညာရှင်အဖွဲ့က ပြောကြားပါသည်။

အပ်တစ်ချောင်း အသုံးပြု၍ ၎င်းကိရိယာကို ခန္ဓာကိုယ်၏ ဝမ်းဗိုက်၊ ခြေထောက် (သို့မဟုတ်) လက်၏ အရေပြားအောက်ရှိ Interstitial တစ်သျှူးအတွင်းသို့ ထည့်သွင်းနိုင်ရန် ဒီဇိုင်းရေးဆွဲ ထုတ်လုပ်ထားပြီး အရေပြားအောက်တွင် လများစွာ ထားရှိနိုင်ကြောင်း သိရသည်။ အထူးသဖြင့် ယခု ထုတ်လုပ်ထားသော ကိရိယာသည် ကိုလက်စထရော မြင့်မားမှုနှင့် ဆီးချိုကဲ့သို့သော နာတာရှည်ရောဂါများကို စောင့်ကြည့်စစ်ဆေးရာတွင် အသုံးပြုနိုင်သည့်အပြင် ဓာတုကုထုံးကဲ့သို့သော ဆေးကုသမှု၏ အကျိုး သက်ရောက်မှုကို ခြေရာခံရန်အတွက် အသုံးပြုနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားပါသည်။

အဆိုပါ ကိရိယာကို သွေးစစ်ဆေးမှု အကြိမ်ကြိမ် ပြုလုပ်ရန်လိုအပ်သော လူနာများအပါအဝင် အနီးကပ် စောင့်ကြည့်ရန် လိုအပ်သော လူနာများနှင့် အရေးပေါ်ကုသနေရသော လူနာများတွင် စတင်စမ်းသပ်မှုများ ပြုလုပ်သွားရန် မျှော်လင့်ထားကြောင်း၊ ယင်းကိရိယာကို ဓာတ်ခွဲခန်းအတွင်း စမ်းသပ်မှုများနှင့် တိရစ္ဆာန်များတွင်လည်း စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြပြီး ယင်းကိရိယာသည် သွေးအတွင်း ကိုလက်စထရောနှင့် သကြားဓာတ်များကို စစ်ဆေးနိုင်သည့်အပြင် အခြားသော အရာများကိုလည်း စစ်ဆေးနိုင်ကြောင်း သိရသည်။

# AP သတင်းဌာန မြန်မာပြည်ရုံးခွဲ ပထမဆုံး ဖွင့်လှစ်


Image Credit: abcnews.go.com

မြန်မာနိုင်ငံ အစိုးရသစ် လက်ထက် မီဒီယာများအပေါ် ကန့်သတ်မှုများ ဆက်တိုက် ဖြေလျှော့လာရာတွင် နိုင်ငံတကာ သတင်းဌာနများကိုလည်း ရုံးခွဲများ စတင် ဖွင့်လှစ်ပေးခဲ့ရာ AP နိုင်ငံတကာ သတင်းဌာန၏ ပထမဆုံး မြန်မာနိုင်ငံတွင် တရားဝင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ AP၏ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် ဒေါ်အေးအေးဝင်းက The Voiceသို့ ပြောကြားသည်ဟု သိရသည်။ အခြားနိုင်ငံတကာ သတင်းဌာနအချို့အနေဖြင့် မြန်မာနိုင်ငံတွင် ရုံးခန်းများ ဖွင့်လှစ်ထားသော်လည်း သက်ဆိုင်ရာ သတင်းဌာန၏ နိုင်ငံခြား သတင်းစာဆရာများနှင့် မြန်မာနိုင်ငံသား သတင်းစာဆရာများ တရားဝင် လုပ်ကိုင်နိုင်မည့် အစိုးရ အသိအမှတ်ပြု နိုင်ငံတကာ သတင်းဌာနအဖြစ် APက ပထမဆုံး ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ တရားဝင် သတင်းဌာန ဖွင့်လှစ်နိုင်ခြင်းကြောင့် ပြည်ပ သတင်းထောက်များအနေဖြင့် မြန်မာ့အရေးကို တစိုက်မတ်မတ် လေ့လာနိုင်ပြီး သတင်းများကို ယခင်ကထက် ပိုမို ပြည့်စုံစွာ ဖော်ပြရေးသားနိုင်မည် ဖြစ်ကြောင်း ဒေါ်အေးအေးဝင်းက ဆက်လက်ပြောကြားပါသည်။ ကမ္ဘာကျော် အမေရိကန် သတင်းအေဂျင်စီ တစ်ခုဖြစ်သည့် AP၏ မြန်မာနိုင်ငံရုံးခွဲတွင် မြန်မာနိုင်ငံသား ၄ဦးနှင့် ပြည်ပနိုင်ငံသား ၂ဦးတို့ တာဝန်ထမ်းဆောင်မည် ဖြစ်ပြီး မြန်မာနိုင်ငံ၏ သမိုင်းဝင် ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်များကို ပိုမို ကျယ်ပြန့်စွာ မှတ်တမ်းတင်နိုင်မည်ဖြစ်ကြောင်း AP၏ အမှုဆောင် အယ်ဒီတာ တစ်ဦးဖြစ်သူ Ms.Kathleen Carnolက ပြောကြားခဲ့ပါသည်။ နယူးယောက်အခြေစိုက် နိုင်ငံတကာ သတင်းအေဂျင်စီ APသည် ၁၈၄၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင် သတင်းသမား ၂၀၀၀ကျော် ရှိ၍ သတင်းနှင့် ဓာတ်ပုံများအတွက် ပူလစ်ဇာဆုပေါင်း ၅၀ရရှိထားကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် တရားဝင်နိုင်ငံတကာ သတင်းဌာနအဖြစ် APနှင့်အတူ ဂျပန်နိုင်ငံတကာ သတင်းဌာန NHKကလည်း ခွင့်ပြုချက် ရရှိထားပြီး ဖြစ်ကြောင်း သိရှိရပါသည်။

ICT MYANMAR JOURNAL အိုင်စီတီ ဂျာနယ်
Volume 2, Issue 14
THE WEEK OF APR 8 - 15, 2013


# အုပ်ချုပ်မှု အတတ်ပညာနှင့် ခေါင်းဆောင်မှု အတတ်ပညာဆိုသည်မှာ


Image Credit: www.africaheritage.com

Management နှင့် Leadership ဆိုသည့် အကြောင်းအရာများသည် တူမယောင်နဲ့ ကွဲပြားခြားနားသည်ကို တွေ့ရှိရပါသည်။ Management ဆိုသည်မှာ စီမံခန့်ခွဲမှုအပိုင်းကို ဖောင်းပေးထားခြင်း ဖြစ်ပြီး အုပ်ချုပ်မှု အတတ်ပညာကို ဆိုလိုခြင်းဖြစ်ပါသည်။ Leadershipကို အဓိပ္ပာယ် ဖွင့်ဆိုကြည့်သောအခါ ဦးစီး ဦးဆောင် ထမ်းရွက်ခြင်းနှင့် ခေါင်းဆောင်မှု အတတ်ပညာပင် ဖြစ်ပါတော့သည်။

## MANAGEMENT

အုပ်ချုပ်မှု အတတ်ပညာဆိုသည်မှာ Companyမှ ချမှတ်သော ပေါ်လစီပေါ်တွင် မူတည်ပြီး ဝန်ထမ်းအား ထိန်းချုပ်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အကြောက်တရားဖြင့် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ခြင်းတို့ အပြင် တစ်နည်း ငွေကြေးဖြင့် ဆွဲဆောင်ပြီး လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ခြင်းလည်း ရှိသလို လုပ်ပိုင်ခွင့်အပေါ် အမှီပြုပြီး ဟိန်းဟောက် ခိုင်းစေခြင်းမျိုး၊ နောက်တစ်ချက်က အားနည်းချက် ရှာဖွေပြီး ချုပ်ကိုင် လုပ်ကိုင်စေခြင်းနှင့် မရေရာသော မျှော်လင့်ချက်များပေးပြီး လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်စေခြင်း တို့ဖြင့် ပြည့်နှက်နေပေမည်။ အုပ်ချုပ်မှု ပိုင်းတွင် ဝန်ထမ်းအသစ်တွေကို မှန်ကန်တဲ့ လမ်းကြောင်းပေါ် ရောက်ရှိစေဖို့ ရည်မှန်းချက်တွေ သတ်မှတ် ချမှတ်ပေးဖို့ တာဝန်ရှိပါသည်။ အဲဒီလို ရည်မှန်းချက်တွေ၊ လုပ်ဆောင်ချက်တွေ သတ်မှတ်ပေးလိုက်တဲ့အတွက် ဝန်ထမ်းတွေကို ဘာတွေ အောင်မြင် ပြီးမြောက်ဖို့ မျှော်လင့်ကြောင်း အသိပေးလိုက် သကဲ့သို့ ဖြစ်သည့် အပြင် အောင်မြင်မှုတွေရရှိဖို့ အတွက် ဘယ်လို တိုင်းတာမလဲဆိုတာတွေကို လမ်းညွှန်ပြသဖို့ လိုအပ်လှပါသည်။ အမှန်အားဖြင့်တော့ Management ဆိုလိုက်တာနဲ့ ကိုယ်ကိုယ်တိုင်မလုပ်ပဲ တစ်နည်းနည်းနဲ့ လက်အောက် ငယ်သားတွေ ခိုင်းစေတာမျိုးလို့လည်း ယေဘုယျ အားဖြင့် ပြောလို့ရပါသည်။

Managementရဲ့ အဓိက အစိတ်အပိုင်းတွေအကြောင်း ပြောရအောင်၊ အဲဒါတွေက လူတိုင်း မကြာခဏ ပြောနေတဲ့ Processကို လည်ပတ်တဲ့ Planning, Organizing, Leading, Coordinating, Monitoring, Controllingတွေရဲ့အကြောင်းပါပဲ။ အဲဒါတွေကို မပြောခင် ရည်မှန်းချက်၊ ပန်းတိုင် Goalအကြောင်း အရင်ပြောရရင် ကျွန်မတို့ လူသားတိုင်းမှာ ရည်မှန်းချက် ကိုယ်စီနဲ့ အသက်ရှင် ရပ်တည်နေသူတွေပါ။ ဟုတ်တယ်မလား။ ရည်မှန်းချက် မရှိသူဟာ လမ်းလျှောက်ရင်း လမ်းပျောက်နေသူ တစ်ဦးလို့ပြောရင်လည်း ရမယ်ထင်ပါတယ်။ ဒါပေမယ့် ကိုယ့်ဘဝ အတွက် အကျိုးရှိတဲ့ ရည်မှန်းချက် တစ်ခုကို ဘယ်လိုရှာမလဲ၊ Define လုပ်မလဲဆိုတာ သိတဲ့လူ နည်းပါတယ်။ ဒီတော့ ဘယ်လို ရည်မှန်းချက် ထားမလဲဆိုတာကို ကျွန်မ လေ့လာကြည့်တော့ SMART ဆိုတဲ့ Approchကို သွားတွေ့တယ်။ ဟုတ်ပါတယ်။ မိမိ ဘဝရဲ့၊ မိမိလုပ်ငန်းရဲ့၊ မိမိတို့ Organizationရဲ့ Goal/ Objectiveတွေဟာ SMART ဖြစ်ဖို့လိုပါတယ်။ SMART ဆိုတာ ဘာတွေလဲ။ လူတိုင်းရဲ့ ပါးစပ်ဖျားမှာတော့ ဒီလူဟာ SMART ရှိလိုက်တာ၊ ဘယ်လို ကြည့်ကြည့် စမတ်ကျတယ်လို့ သုံးနှုန်းဖူး ကြမယ် ထင်ပါတယ်နော်။ ဒီတော့ SMARTရဲ့ အဓိပ္ပာယ်လေးကိုတော့ ဒီလိုဆိုရင်ကော

S – Specific တိကျ သေချာမှုရှိတဲ့ ရည်မှန်းချက်၊ Goal ဖြစ်ရမယ်။

M – Measurable ဖြစ်ထွန်းမှုကို တိုင်းတာနိုင်ရမယ်။

A – Achievable ဖြစ်နိုင်၊ လုပ်နိုင်၊ ရနိုင်တဲ့ Goal ဖြစ်ရမယ်။

R – Relevant လက်ရှိ အခြေအနေ အရပ်ရပ်နဲ့ ဆီလျော်နေရမယ်။

T – Time-bound အချိန်ကာလတစ်ခု ထားရပါမယ်။

ဒါဆိုရင်တော့ တကယ့် SMART ရှိတယ်၊ ကျတယ်လို့ ခံယူလို့ရပြီ ထင်ပါတယ်နော်။ ဒီတော့ ဖြစ်ချင်တာတွေ ဖြစ်ခွင့်ရရင် သင်ကော ဘာလုပ်မလဲဆိုတာ မေးကြည့်ချင်ပါတယ်။ ကဲ နောက်တစ်ခု ဆက်သွားရအောင်။

## LEADERSHIP

ခေါင်းဆောင်မှု အတတ်ပညာ ဆိုသည်မှာ ရည်မှန်းချက် ပန်းတိုင်ရှိပြီး နောက်တွင် လိုက်ပါသော အဖွဲ့အစည်းအား ပန်းတိုင်သို့ အတူတကွ ရောက်ရှိအောင် ညင်သာစွာ ကိုင်တွယ် ထိန်းချုပ်ခြင်း ဖြစ်သဖြင့် မွေးရာပါ အများပြည်သူ ယုံကြည်အားကိုးမှု ရရှိထားသော သူလို့ ပြောနိုင်တဲ့ ခေါင်းဆောင်ကောင်း တစ်ဦးဆိုလည်း မမှားပါဘူး။ ကိုယ်ပိုင် အရည်အချင်းကြောင့် အများပြည်သူ အားကိုးချင်လာသူ ဖြစ်တဲ့အပြင် ယုံကြည် ကိုးကွယ်ရာကြောင့် အများ လေးစား လက်ခံနိုင်သူလို့ ဆိုနိုင်ပါသည်။ ဖြစ်သလိုလုပ်ပြီး လုပ်သလို ဖြစ်သူတို့သာ အောင်မြင်စွာ ဆောင်ရွက်နိုင်ပေမည်။ ခေါင်းဆောင်မှု ဆိုသည့်အတိုင်း ကိုယ်တိုင် ပါဝင် ရှေ့ဆောင် လုပ်ဆောင်မှု ပြည့်ဝဖို့တော့ လိုပေလိမ့်မည်။ အားလုံး သိကျတဲ့အတိုင်းပါပဲ ကျွန်မတို့ရဲ့ ဗိုလ်ချုပ် အောင်ဆန်းဟာ ဆိုရင်ဖြင့် Leadershipလို့ ခေါ်တဲ့ ခေါင်းဆောင်မှု အပိုင်းမှာ စိတ်ရော၊ ကိုယ်ရော ရှေ့ဆောင်နိုင်တဲ့ ခေါင်းဆောင်မှုဆိုတာ ဒါပါလားလို့ ပြသနိုင်တဲ့ တကယ့် ဦးဆောင်ရေး ပိုင်းမှာ အရည်အချင်းပြည့်ဝပြီး နောင်လာနောင်သားတွေ အတုယူလေးစား လိုက်နာသင့်ပါသည်။ Leadershipဟာ Management ထက်ပိုပြီး နက်နဲပါတယ်။ အဲ Leadershipကို မသွားခင် Leader ဆိုတာကို သိဖို့လိုပါတယ်။ Leader ဆိုတာ အလွယ်ပြောရရင် ခေါင်းဆောင်ပေါ့။ ခေါင်းဆောင်ဆိုတာ Processတစ်ခု Goal တစ်ခုကို ဦးတည်ရာမှာ ဦးဆောင် ဦးရွက်ပြုတဲ့သူကို ခေါ်တာပါ။

အသင်းအဖွဲ့များနှင့် ဆောင်ရွက်တတ်မှု အဓိကထားပြီး ခေါင်းဆောင်မှုစွမ်းရည် (Leadership Skills)ကို ရရှိစေဖို့အတွက် အချို့သော အဖွဲ့အစည်းတွေဟာ သူတို့ရဲ့ ဝန်ထမ်းတွေကို Experiential Programs ဆိုတဲ့ အစီအစဉ်တွေ ပြုလုပ်ဆောင်ရွက် သင်တန်း ပေးတာတွေလည်း ရှိပါတယ်။

ခေါင်းဆောင်နဲ့ မန်နေဂျာတွေမှာ ရှိသင့်တဲ့ အရည်အသွေးတွေနဲ့ ကွာခြားပုံကို ဆက်ရအောင်။ ပထမပြောချင်တာက Manager ဆိုတာပါ။ Manager ဆိုတာ ရာထူးတစ်ခု သက်သက်ပါ။ Organizationက ပေးအပ်ထားတဲ့ ရာထူး၊ အာဏာ၊ ပါဝါ ဆိုတာပဲ ရှိပါတယ်။ သူမှာ လူတွေကို ခိုင်းနိုင်၊ အပြစ်ပေးနိုင်၊ ဆုပေးနိုင်တဲ့ အာဏာရှိသူသက်သက်ပါ။ ရှင်းရှင်းပြောရရင် Manager ဆိုတာ Organizational Goal တစ်ခုရဖို့ ဦးနောက်ချည်း သက်သက်နဲ့ အလုပ်စေခိုင်းပါတယ်။ မရရင် အပြစ်ပေးမယ်။ ရရင်ဆုချမယ်။ ပြီးရင် မရရအောင် စေခိုင်းပါတယ်။ Reportတွေကို ကြည့်မယ်။ ဒါထက် မပိုပါဘူး။ အဲလိုလူများကိုလည်း မြင်ဖူးကြမယ် ထင်ပါတယ်။ သူ့လက်အောက် ငယ်သားတွေက သူ့ကို အရာရှိဖြစ်လို့သာ နေတာပါ။ သူ့သာပြုတ်ကြည့် လှည့်တောင် မကြည့်တော့ပါ။ ဒါမန်နေဂျာရဲ့ သဘောပါပဲ။ Leader ကျတော့ ဒီလို မဟုတ်ဘူး။ အလုပ်တစ်ခုကို ပြီးဖို့ ဦးနှောက်တင်မကဘဲ နှလုံးသားနဲ့ပါ ပေါင်းကာ ကိုယ်ရောစိတ်ပါ လုပ်တဲ့ သူတွေပါ။ သူ့ရဲ့ငယ်သားတွေကို ဆူပူတာမျိုး သိပ်မရှိပဲ ရင်ဝယ်သားလို အုပ်ချုပ်တတ်တယ်။ တစ်ဦးချင်းရဲ့ Abilityကို သာမကပဲ စိတ်သဘောထား၊ လက်ရှိ အခြေအနေ စတဲ့ အချက်တွေကိုပါ ကြည့်ပြီး တာဝန်ပေးတာ မဟုတ်ဘဲ တာဝန်ယူ စေတဲ့ သူတွေပဲ ဖြစ်ပါတယ်။ လုပ်ငန်း လည်ပတ်မှုကောင်းအောင် Motivateလဲ လုပ်တယ်။ လက်ရှိ အခြေအနေပေါ် မူတည်ပြီး Flaxible ဖြစ်အောင် အလုပ်လုပ်ပါတယ်။ လုပ်ငန်းခွင်မှာ Conflitတွေ မရှိစေဘဲ Team Work Spiritကို ရှင်သန်စေပါတယ်။ အဲဒါ Leader ပါပဲ။ ဒီလိုလူမျိုးဟာ Manager ဖြစ်ချင်မှ ဖြစ်မယ်။ လုပ်ငန်းထဲက လူတွေက ပုဂ္ဂိုလ်ရေးအရကို လေးစားချစ်ခင်ကြတယ်။ ဘယ်နေရာမှာ တွေတွေ့ မောင်နမတွေလို ကိုယ့်ရဲ့ ရဲဘော်ရဲဘက် သဘောမျိုး လေးစားခံရသူတွေပါ။ အဲ အဲဒီ ၂မျိုး အပြင် နှလုံးသားလည်း မရှိ၊ ခေါင်းလည်း မပါတဲ့ ဦးဆောင်မှုလည်း ရှိသေးတယ်။ အရည်အချင်း မရှိတဲ့ ဦးဆောင်မှုပေါ့။ Administrationလို့ ခေါ်တဲ့ တသွေးတသံ တမိန့် ဆိုတဲ့ ပုံစံမျိုးပေါ့။ ကဲ ဒီတော့ သင်ကော ဘာဖြစ်ချင်လဲ မေးကြည့်မယ်ဆိုရင် Leader ဖြစ်ချင်တယ်ပဲ ပြောမှာမလား။

ဒီတော့ ဆက်လက် ပြောချင်တာ ကတော့ A Good Leader is A Good Follower ဆိုတာပါပဲ။ ဆိုလိုတာက ခေါင်းဆောင်ကောင်းဟာ နောက်က နေခဲ့ရရင်လည်း နောက်လိုက်ကောင်း ဖြစ်ရပါမယ်။ Managerဟာ လုပ်တာတွေကို မှန်စေပြီး Leaderဟာ မှန်တာတွေကို လုပ်စေသူပါ။ လူတစ်ယောက်ဟာ Managerလည်းဖြစ်၊ Leaderလည်း ဖြစ်ခဲ့ရင်တော့ အကောင်းဆုံးလို့ ပြောရမှာပေါ့နော်။

MANAGEMENTသည် လုပ်ငန်း အောင်မြင်မှုကို အဓိက ထားပြီး LEADERSHIPသည် ပန်းတိုင်သို့ အတူတကွ ရောက်ရှိမှုကို အဓိက ထားသည်။ MANAGEMENTသည် ဝန်ထမ်း စိတ်ဓာတ်၊ ကာယ ထိခိုက်မှုထက် လုပ်ငန်း သတ်မှတ်ချိန်အတွင်း ပြီးစီးမှုက အဓိက ကျသည်။ LEADERSHIPသည် ပန်းတိုင်ရောက်အောင် ချီတက်ရာတွင် ပါလာသော အင်အားစုအား စိတ်ဓာတ်နှင့် ကာယ ပင်ပန်းနွမ်းနယ်မှု အနည်းဆုံးနှင့် ပန်းတိုင် ရောက်ရှိပြီးဆုံးရန် အဓိကကျသည်။

ဒီတော့ ဘယ်အရာတွေက ဘာတွေ ဖြစ်မလဲ။ ဘယ်လို အရေးကြီးပြီး ဘယ်အပိုင်းတွေ အဓိက ကျသလဲ ဆိုတာ လေ့လာ ဆန်းစစ်နိုင်ဖို့ သိမှတ်ထားသမျှ ပြန်လည် တင်ပြလိုက်ရခြင်းပင် ဖြစ်ပါသည်။ လူသားအားလုံး Manage လုပ်နိုင်ပြီး Leader ကောင်း တစ်ယောက် ဖြစ်နိုင်ကြပါစေလို့ ဆန္ဒပြု ရေးသား လိုက်ရပါတော့သည်။

# မီးခိုးထုထဲမှာ မြင်နိုင်သည့် မီးသတ်ခမောက် တီထွင်

ဗြိတိန်နိုင်ငံ ရှက်ဖီးလ်တက္ကသိုလ် Center for Roboticsမှ သုတေသီများသည် မီးသတ်သူများ အမှောင်ထဲ သို့မဟုတ် မီးခိုးထုထဲ၌ မြင်နိုင်သော မီးသတ်ခမောက်ကို စံပြုစုရင်း တီထွင်လိုက်ပြီဟု သိရသည်။ သုတေသီများက "ဂိုဇဲန်းဘော" တံဆိပ် မီးသတ်ခမောက်ကို ပြုပြင်တည်ဆောက်ထားခြင်း ဖြစ်ပြီး ခမောက်၌ အသံလွှန်လှိုင်း အာရုံခံပစ္စည်း အမြောက်အများကို ထည့်ပေး၍ ပတ်ဝန်းကျင်ရှိ ပစ္စည်းများဆီမှ ထောက်ပြန်လာသော အသံလှိုင်းအားဖြင့် "အသိ"ပုံဖော်ယူခြင်း ဖြစ်သည်။

မြေကြွက်များသည် ၎င်းတို့၏ နှုတ်ခမ်းမွေးများဖြင့်အထိ အာရုံသုံးလျက် လမ်းကြောင်းထွင်ခြင်းကို အခြေခံထားခြင်း ဖြစ်သည်။ မီးသတ်သမားသည် သန်ခမောက်နှင့် ထိနေသော နဖူးအားဖြင့် ပတ်ဝန်းကျင်၏ အနေအထားကို သိလာခြင်း ဖြစ်သည်ဟု ဆိုသည်။ ယင်းသုတေသနကို ၂နှစ်ကြာမျှ ပြုလုပ်ပြီး ယခု စံပြုမူရင်း (Photo Type)ကို ရလာခြင်း ဖြစ်သည်။

ပတ်ဝန်းကျင်မှ အသံလှိုင်းကို အထိအာရုံအဖြစ်သို့ ပြောင်းပေးခြင်းဖြစ်ပြီး ထိုအထိ အာရုံကို ဦးထုပ်နှင့် နဖူးနေရာကို သုံးရခြင်းမှာ မီးသတ်သမားသည် စက္ကန့်ပိုင်းနှင့်အမျှ အပျက်အစီး အန္တရာယ်အတွင်း၌ အမြင် အကြား အနံ့အာရုံများကို အစွမ်းကုန်သုံးရင်း လက်နှင့် ခြေများလည်း မအားဘဲ ဖြစ်နေရာ အထက်ပါ "အထိ"အာရုံသစ်ကို လက်များမှာ ပေးထား ခြင်းထက် နဖူးမှာပေးထားခြင်း အားသာချက်ရှိနေခြင်း ဖြစ်ပါသည်။

မီးသတ်သမားများ ရရှိသော အာရုံသစ်မှာ စက္ခုအမြင်ဖြင့် မဟုတ်ဘဲ နံရံများ အပါအဝင် ပတ်ဝန်းကျင်ရှိ ရုပ်ဝတ္ထုပစ္စည်းများကို အဝေး၊ အနီး၊ အကြီး၊ အသေးအဖြစ် သိရှိနိုင်ခြင်း ဖြစ်သည်ဟု သိရသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 14
MYANMAR ICT JOURNAL

MYANMAR JOB SEARCH

ဤကဏ္ဍတွင် အခမဲ့ ကြော်ငြာလိုပါက www.myanmarjobsearch.com တွင် အချက်အလက်များကို ဝင်ရောက် ဖြည့်စွက်နိုင်သည်။

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Management, Executive

| | |
|---|---|
| NAME | San Lwin |
| SEEKING | Manager |
| AGE | 36 |
| Contact | 940002892 |
| NAME | Zin Mar Thein |
| SEEKING | Purchasing Manager |
| AGE | 26 |
| Contact | 4294967295 |
| NAME | U Saw Naing Win |
| SEEKING | Phone Hardware & Software |
| AGE | 25 |
| Contact | 73247096 |
| NAME | Win Min Htun |
| SEEKING | Admin Manager or Operation Manager |
| AGE | 34 |
| Contact | 420718092 |

### Web Site Development

| | |
|---|---|
| NAME | Kaung Khant Kyaw |
| SEEKING | Web Designer |
| AGE | 20 |
| Contact | 4294967295 |
| NAME | May Thu Aung |
| SEEKING | Web Developer, Web Design |
| AGE | 19 |
| Contact | 95142775 |

### Engineering

| | |
|---|---|
| NAME | Yiywe Aung |
| SEEKING | Autocad Engineer |
| AGE | 22 |
| Contact | 973551602 |
| NAME | Pyae Phyo Zaw |
| SEEKING | Site Engineer |
| AGE | 24 |
| Contact | 943118562 |
| NAME | Toe Tet Aung |
| SEEKING | Engineering job |
| AGE | 22 |
| Contact | 09-431-79323 |

### Other

| | |
|---|---|
| NAME | Aye Aye Mon |
| SEEKING | Chemical Engineer |
| AGE | 44 |
| Contact | 831168929 |
| NAME | San Lwin |
| SEEKING | Manager/ Officer/ Program Coordinator |
| AGE | 36 |
| Contact | 400028928 |
| NAME | Kyaw Kyaw |
| SEEKING | Chinese Translator |
| AGE | 31 |
| Contact | 4294967295 |
| NAME | Mya Hnin Yee |
| SEEKING | Quality Assurance / Quality Control/ Laboratory |
| AGE | 28 |
| Contact | 973221883 |

### Computer/ ICT/ Electronics

| | |
|---|---|
| NAME | Phu Pwint Zaw |
| SEEKING | IT |
| AGE | 23 |
| Contact | 09-450-014-443 |
| NAME | Lu Lu Aung |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 91005209 |
| NAME | Aye Min |
| SEEKING | Hardware/Network Engineer |
| AGE | 24 |
| Contact | 4294967295 |
| NAME | Wonnakoko |
| SEEKING | Software Developer |
| AGE | 25 |
| Contact | 95068854 |
| NAME | Pyi Phyo Han |
| SEEKING | Network Engineer |
| AGE | 27 |
| Contact | 450020858 |

### Education and Training

| | |
|---|---|
| NAME | Hlaing Minn Paing |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 943206636 |

### Accounting

| | |
|---|---|
| NAME | Khin Mu Lwin Kyaw |
| SEEKING | Accounting |
| AGE | 27 |
| Contact | 420071210 |
| NAME | Nway Nway |
| SEEKING | Administration staff/ Accounting and Office staff |
| AGE | 27 |
| Contact | 240702 |
| NAME | Su Myat Mon |
| SEEKING | Accounting |
| AGE | 26 |
| Contact | 420102147 |
| NAME | Chit Chit Po |
| SEEKING | Admin |
| AGE | 21 |
| Contact | 940153118 |
| NAME | May Su |
| SEEKING | Accountant |
| AGE | 23 |
| Contact | 421100204 |

### Banking and Financial Services

| | |
|---|---|
| NAME | May Phyu Hnin |
| SEEKING | Any (suitable) |
| AGE | 23 |
| Contact | 4294967295 |
| NAME | Kaung Htet |
| SEEKING | Junior Assistant |
| AGE | 20 |
| Contact | 973148391 |

### Logistics, Transport and Supply

| | |
|---|---|
| NAME | Phyo Si Thu Nyunt |
| SEEKING | Warehouse Supervisor |
| AGE | 28 |
| Contact | 973109621 |

### Sales and Marketing

| | |
|---|---|
| NAME | K Htet |
| SEEKING | General Manager |
| AGE | 29 |
| Contact | 943051496 |
| NAME | Shwe San Myay |
| SEEKING | Executive and Manager |
| AGE | 35 |
| Contact | 947224440 |

## အလုပ်ရှင်များ၏ ခေါ်စာများ (Vacant Position)

### Y.K.M Sevices CO.,Ltd

| | | |
|---|---|---|
| VACANT | Sales Staff | 3 |
| PHONE | 09-43066218 | |
| ADDRESS | No.226,Room 101,Wizaya Plaza,Dhamazedi Road, Bahan, Yangon. | |

### Medecins Sans Frontiers

| | | |
|---|---|---|
| VACANT | Field Technical Logistician | 3 |
| PHONE | 01525935, 01534679, 01524379, 01505247, 015058248 | |
| ADDRESS | No. 62A, Bawdiyeiktha-Thanlwin Road, Bahan Township, Yangon. | |

### klj inc

| | | |
|---|---|---|
| VACANT | manager | 5 |
| PHONE | 13601883131 | |
| ADDRESS | China | |

### EQHO Communications

| | | |
|---|---|---|
| VACANT | Burmese Translators | - |
| PHONE | (+66(0))2 637 8060, Fax. +66(0) 2 637 8422 | |
| ADDRESS | Chartered Square, 152 North Sathorn Road, Bangkok 10500 Thailand | |

### DPS (Design Printing Service)

| | | |
|---|---|---|
| VACANT | Graphic Designer | 5 |
| PHONE | (95-1)204020, 204200 | |
| ADDRESS | N0. 165, 1st Floor, 35th Street, ( Middle Block), Kyauktada Township, Yangon. | |

### Isola Garden Cafe and Restaurant

| | | |
|---|---|---|
| VACANT | Service Crew | 4 |
| | Data Entry | 2 |
| | Administrative Assistant | - |
| PHONE | 532124 | |
| ADDRESS | 80 University Avenue Rd, Bahan Township, Yangon. | |

### LinkUPCRM Private Ltd

| | | |
|---|---|---|
| VACANT | Senior Software Developer (Web Application) | 3 |
| PHONE | 01-523460 | |
| ADDRESS | 26(A).Mingalar st, Hledan, Kamaryut Township, Yangon. | |

### Advanced Technologies And Solutions

| | | |
|---|---|---|
| VACANT | Network & A+ Trainer | 1 |
| | Website Development Trainer | 2 |
| | J2SE & J2EE Trainer | 1 |
| | .Net with C# Programming Trainer | 1 |
| PHONE | (01) 218437, 218438, 09-73176248, 09-73112672 | |
| ADDRESS | 39(B), Thazin Lane, Baho Road, Ahlone Township, Yangon. | |

### PARKROYAL Yangon

| | | |
|---|---|---|
| VACANT | Marketing and Communications Manager | 1 |
| PHONE | (951)250388 | |
| ADDRESS | 33, Alan Pya Phaya Road, Dagon Township, Yangon. | |

### Machinery and Solutions Co., Ltd

| | | |
|---|---|---|
| VACANT | Logistics Coordinator | 1 |
| PHONE | 01-667110 | |
| ADDRESS | 146-L/2, Shwe Hnin Si Street, Mayangone Township, Yangon. | |

သင် ရောင်း/ဝယ် လိုသော ပစ္စည်းများကို ဤစာမျက်နှာတွင် အခမဲ့ ဖော်ပြနိုင်ရန် classified@myanmarict.comသို့ email ပေးပို့လိုက်ပါ။

FREE CLASSIFIEDS

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | Laptop, Ultrabooks, Notebook, Netbook, Mackbook, MacbookPro, Macbook Air |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Apple, Samsung, HTC, Nokia, Blackberry, Sony LG SKY, HUAWEI and All kind of Android Device |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPad, iPhone, iPad, Samsung Tablet and all kind of Tablet PSP External Hardisk |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-517-8391 |
| Condition | Used |
| Description | Laptop, Notebook, Netbook, iPad Mini, Samsung Galaxy Tablet and All Kind of China Tablet |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung Galaxy S, S Plus, S Advance, S3, Galaxy Note, Galaxy Note2, Sony Xperia, HTC, Nokia |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPod Touch 4G/5G, Apple Macbook Air, Macbook Pro All Kind of Apple Device |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-503-8222 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | Acer Aspier 4740 Intel Core i5 Ram 2GB H.D.D 320GB Finger Print Display 14" Blue Colour |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Acer Aspier 4740 Intel Core i5 Ram 2GB H.D.D 320GB Finger Print Display 14" Blue Colour |
| Quantity | 1 |
| Price | K 350,000 |
| Contact | 01-248-076 |
| Condition | Used |
| Description | iPad 4 32GB White 4G, iPad 3 32GB White, Wi-Fi, iPad Mini 64GB Black, Wi-Fi |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Dell Inspiron N5110 Intel Core i7 Ram 8GB H.D.D 640GB Graphics 1GB Display 15.6" Red Colour |
| Quantity | 1 |
| Price | K 550,000 |

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 5, 4S, 4G & 3GS, iPad 1,2,3,4 & Mini. |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung Note 2, Note 1, S2, S3 & Etc. |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-448-003-125 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | Samsung Galaxy Note 2, Note 1, S2, S3 |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPhone 5/4S /4, iPad 4/3/2/ Mini |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPod 5/4, Macbook Pro, Macbook Air |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung Note 1/2, S2 /S3 & Any Laptop |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Acer Aspire 4743G Intel Core i3 Ram 2GB H.D.D 320GB Graphics 512MB Display 14" Black Colour |
| Quantity | 1 |
| Price | K 280,000 |
| Condition | Used |
| Description | Dell, Acer, ASUS, Laptop Core i3, i5, i7 |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPhone 4S 64GB White |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPhone 4G 16GB Black |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450-039-844 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။
အလဲထပ် လုပ်ပေးသည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 2G/ 3G/ 3GS/ 4G/ 4S/ 5 |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPad 1/ 2/ 3/ 4/ Mini Wi-Fi Only & Wi-Fi +3G, iPod Touch 4G/ 5G |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung / SonyEricsson / HTC / Huawei / Nokia |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Desktop PC / All in one PC / Notebook / NetBook |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Mac Book Pro / Mac Air / iMac / Mac Mini / Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450-039-844 |
| Condition | Used |
| Description | iPhone 2G/ 3G/ 3GS/ 4G/ 4S/ 5 |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Desktop PC/ Notebook/ NetBook/ Used Mac Book Pro/ Mac Air/ iMac/ Mac Mini/ Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-730-521-97 |

အိုင်စီတီ ဂျာနယ်
Volume 2, Issue 14
MYANMAR ICT JOURNAL

# ရှင်းရှင်းလင်းလင်းနဲ့ ပေါ့ပေါ့ပါးပါး ဒီဇိုင်းတွေပဲ ကြိုက်တဲ့

# ခရစ္စတီးနား



ဒေဝီ

**အခု လတ်တလော အနုပညာလှုပ်ရှားမှုလေးကို ပြောပြပေးပါဦး။**

TV Channelတွေ ရိုက်ဖို့ရှိတယ်။ နယ် Showပွဲတစ်ခုမှာ သီချင်းသွားဆိုဖို့ ရှိတယ်။
TV Channelမှာ အလှအပရေးရာ ကဏ္ဍလေးတွေ ရိုက်ကူးမှာပါ။

**အခုလက်ရှိ အသုံးတည့်နေတဲ့ အိုင်တီပစ္စည်းလေးတွေ ရှိမယ်ဆိုရင် အဲဒီ ပစ္စည်းလေးတွေအကြောင်း Myanmar ICTမှတစ်ဆင့် ပရိသတ်တွေကို ပြောပြပေးပါဦး။**

ဖုန်းကတော့ iPhone 5ပါ။ ဂိမ်းဆော့ဖို့အတွက် iPad၊ သီချင်းနားထောင်ဖို့ဆိုရင် iPodသုံးပါတယ်။ Laptopက မွေးနေ့ လက်ဆောင်ရထားတဲ့ Toshiba တံဆိပ်နဲ့ Cameraကတော့ Canon Digitalပါ။

**အခုစီးနေတဲ့ ကားက ဘာအမျိုးအစားလဲ။**

Super Customပါ။

**ပရိသတ်တွေကို ဘယ် Social Networkနဲ့ ဆက်သွယ်ပါသလဲ။**

Facebook သုံးပါတယ်။ ပုံတွေ တင်တယ်။ ပရိသတ်ကြီးနဲ့ တွေ့တယ်။ အနုပညာလှုပ်ရှားမှု ပုံတွေတင်ပေးပါလို့ ပရိသတ်ကြီးက တောင်းဆိုတာနဲ့ ပုံတွေကို တင်ပေးဖြစ်တယ်။

**အင်တာနက်သုံးတဲ့အခါ ဘာတွေအများဆုံး အသုံးပြုဖြစ်လဲ။ အကယ်၍ ဝက်ဘ်ဆိုက်တွေ ကြည့်တာမျိုး ရှိတယ်ဆိုရင် ပရိသတ်ကြီးကို ပြောပြပေးပါဦး။**

အင်တာနက်သုံးတဲ့အခါမှာ ဝက်ဘ်ဆိုက်တွေအနေနဲ့ဆိုရင် Fashionနဲ့ ပတ်သက်တဲ့ ဝက်ဘ်ဆိုက်တွေကို အများဆုံး ဝင်ကြည့်ဖြစ်တယ်။

**အားလပ်ချိန်တွေမှာ ဘာတွေလုပ်ဖြစ်လဲ။**

TV ကြည့်တယ်၊ စာတွေ ဖတ်တယ်၊ အင်တာနက်တွေကို ဝင်ကြည့်တယ်။ သူငယ်ချင်းတွေနဲ့ Shoppingထွက်တယ်။

**အခု လတ်တလော ဘယ်လို Fashion Designကို အကြိုက်ဆုံးလဲ။**

ရှုပ်ရှုပ်ရှက်ရှက်တွေ များတဲ့ဒီဇိုင်းတွေကို မကြိုက်ဘူး။ ရှင်းရှင်းလင်းလင်းနဲ့ ပေါ့ပေါ့ပါးပါး ဒီဇိုင်းမျိုးကိုပဲ ကြိုက်ပါတယ်။

**သင်္ကြန်မှာ ညီမလေးအနေနဲ့ ဘယ်မှာ ရှိမလဲ၊ ဘာအစီအစဉ်တွေ ရှိပါသလဲ။**

သင်္ကြန်တော့ ရန်ကုန်မှာ ရှိဖြစ်ဖို့ များတယ်။

**အိုင်စီတီဂျာနယ်မှတစ်ဆင့် ပရိသတ်တွေအတွက် စကားလက်ဆောင်လေးကို ပြောပြပေးပါဦး။**

နှစ်သစ်မှာ ပရိသတ်ကြီး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

# ဘယ်သူပြိုင်ပြိုင် လှနိုင်ပါပြီ

TZO

၁၊ ၄၊ ၂၀၁၃ ရက်နေ့ထုတ် The Voice နေ့စဉ် သတင်းစာမှာ မြန်မာနိုင်ငံ စာတတ်မြောက်ရေး လှုပ်ရှားမှု "အ"သုံးလုံး စီမံချက်ကို ဧပြီလ ၁ရက်နေ့မှ စတင်ပြီး မြို့နယ် ကိုးခုမှာ ဆောင်ရွက်သွားရန် ရှိကြောင်း သတင်းတစ်ပုဒ် ပါလာပါတယ်။ တက္ကသိုလ် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူနှင့် ဒေသခံ လုပ်အားပေးဆရာ၊ ဆရာမပေါင်း ခြောက်ထောင်ကျော် ပါဝင်ပြီး လမ်းစရိတ်၊ စားစရိတ်တို့ကို ပညာရေး ဝန်ကြီးဌာနမှ ထောက်ပံ့ပေးမည့်အပြင် သင်ကြားသူများအတွက်လည်း ပြဋ္ဌာန်း စာအုပ်များနဲ့ ဗလာစာအုပ်များ ပံ့ပိုးပေးသွားမှာ ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ဒီ "အ"သုံးလုံး လုပ်အားပေးမှုဟာ မေလ ၁၅ရက်နေ့အထိ ဖြစ်တယ်လို့ သိရပါတယ်။

ဒီ "အ"သုံးလုံး လုပ်အားပေး သတင်းကို တွေ့လိုက်တော့ ကိုဘအေးတို့ ကျောင်းသားဘဝ လုပ်အားပေး ထွက်ခဲ့ရတာကို သွားပြီး အမှတ်ရမိပါတယ်။ ပုသိမ်ကောလိပ် မြန်မာစာ ဒုတိယနှစ် တက်နေတုန်းကပေါ့။ ၁၉၆၉ခုနှစ် ကာလ ဖြစ်ပါတယ်။ အဲဒီတုန်းက ပုသိမ်ကောလိပ်က ဒုတိယနှစ်အထိပဲ ရှိတော့ ဥပစာကောလိပ်လို့ ဆိုရပါမယ်။ ကိုဘအေး တတိယနှစ် အရောက်မှာ ကျောင်းကလည်း တတိယနှစ်အထိ ဖြစ်သွားပါတယ်။ ရန်ကုန်တက္ကသိုလ် တက်ချင်တဲ့ ကျောင်းသားတွေကတော့ (ကိုဘအေးတို့ သူငယ်ချင်းတချို့လည်း ပါတယ်) Tarsfer လုပ်ပြီး၊ ကျောင်း ပြောင်းသွားကြပါတယ်။ ဒါပေမယ့် အဲဒီတုန်းက ပြောင်းသွားတဲ့ ကျောင်းသားတွေက အဆောင် မရဘူးလို့ ပြောပါတယ်။ ကိုဘအေးလည်း မြကျွန်းညိုညိုမှာ ကွန်းခိုချင်ပေမယ့် သစ်ပုပ်ပင်ကြီး အောက်မှာ နှစ်ယောက်သား စကားတွေ ဖောင်ဖွဲ့ချင်ပေမယ့် အပြင်ဆောင်မှာ နေနိုင်တဲ့ အင်အားမရှိလို့ တတိယနှစ်ကို ပုသိမ်ကောလိပ်မှာပဲ ဆက်တက်ခဲ့ရပါတယ်။

ကိုဘအေး Final Year စတုတ္ထနှစ် အရောက်မှာ လေးနှစ် တက်ရတဲ့ ပုသိမ်ဒီဂရီကောလိပ် ဖြစ်သွားပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ ပရဝဏ်မှာ ကိုဘအေး ခိုလှုံခွင့် မရခဲ့တော့ပါ။ ဦးချစ်ဆိုင်တို့၊ ဂျပ်ဆင်ဟောတို့၊ အင်ယားကန်စပ်က ဘူးသီးကြော်ဆိုင်တို့ ဆိုတာ ရာထူးဝင် စာမေးပွဲတွေ ဖြေတဲ့ အချိန်မှာမှ သူငယ်ချင်းတွေနဲ့ လျှောက်သွားလို့ ရောက်ဖူးခဲ့ပါတယ်။ ထားပါတော့ "အ"သုံးလုံး အကြောင်းပဲ ပြန်ဆက်ရအောင်။

၁၉၆၉ခုနှစ်၊ ဒုတိယနှစ် နွေရာသီ ကျောင်းပိတ်ရက်မှာ ကိုဘအေးတို့ ပုသိမ်ကောလိပ်အုပ်စု "အ"သုံးလုံး လုပ်အားပေးအဖွဲ့က မန္တလေးတိုင်း၊ မြစ်သားမြို့နယ်ကို သွားရပါတယ်။ ကိုဘအေးနဲ့ သူငယ်ချင်း တစ်ယောက်က (နိုင်တော့ပါတယ်၊ နာမည် အပြည့် အစုံတော့ မမှတ်မိတော့ဘူး) အဲဒီမြို့နယ်ထဲက "ဒိုင်း"ကိုင်တဲ့ သူတွေနေခဲ့တဲ့ ရွာလို့ ပြောပါတယ်) ပန်းလောင်မြစ်ကမ်းဘေးမှာ ရှိပါတယ်။ (အမှန်က ချောင်းသာသာပဲ ရှိပါတယ်။ "မမြင်ဖူး မူးမြစ်ထင်"ဆိုတဲ့ စကားရှိတယ် မဟုတ်လား၊ အဲဒီအတိုင်းပါပဲ)။ ကင်းတားသည် ရေလွှတ်မှ ချောင်းထဲမှာ ရေရှိပါတယ်။ ဆည်က ရေလွှတ်မှ လူတွေရော နွားတွေရော ရေတစ်ဝကြီး ချိုးကြရ၊ သုံးကြရပါတယ်။ ကျန်တဲ့ အချိန်မှာတော့ သောက်ရေအတွက် လက်ယက်တွင်းလေးတွေကနေ ခပ်ရတဲ့ အခြေအနေပါ။

ကိုဘအေးတို့တွေ မြစ်သားရောက်တော့ ခွဲတမ်းကျတဲ့ ရွာတွေကို သွားဖို့ သက်ဆိုင်ရာ ကျေးရွာအုပ်စုက တာဝန်ရှိသူတွေ လာကြိုကြပါတယ်။ လုပ်အားပေးရမယ့် ရွာကိုတော့ အဲဒီ ကျေးရွာအုပ်စု ရွာကြီးကနေ ၂မိုင်လောက် လမ်းလျှောက်ရပြီး ရဲတပ်ဖွဲ့ဝင် နှစ်ယောက်က လိုက်ပို့ပါတယ်။ ရွာမှာတော့ ရွာက မူလတန်းကျောင်း ဆရာတစ်ယောက်နေတဲ့ အိမ်မှာနေရာချထားပေးပါတယ်။ သူလည်း ရွာခံတော့ မဟုတ်ဘူး။ ဆရာ လာလုပ်တာ ၃နှစ်လောက်ရှိပြီလို့ ပြောပါတယ်။ ကိုဘအေးတို့ စားရေး သောက်ရေးအတွက်တော့ တစ်အိမ်ကို ထမင်းတစ်နပ် အလှည့်ကျ ကျွေးပါတယ်။ တချို့အိမ်တွေက မနက်၊ ည နှစ်နပ် ကျွေးပါတယ်။ ရွာက ခေါင်ပြီး ရှားပါးတဲ့ ဒေသဖြစ်လို့ အထူးတလည်တော့ တည်ခင်း မနေနိုင်ပါ။ သူတို့စားသလိုပဲ စားရတာပါ။ တစ်ခါတလေ တောဝက်ရရင် ဝက်သား စားရပါတယ်။ ဂျီသားတို့၊ ယုန်သားတို့လည်း တစ်ခါတလေ စားရပါတယ်။ အဲဒီကျမှ ပဒတ်ဆိုတာကို စားဖူးတာပဲ။ တောက်တဲ့လို အကောင်မျိုးလို့ ပြောရမလား။ ဒီကောင့်ကို မီးကင်ပြီး အရေဆုတ် နုပ်နုပ်စင်းပြီး ကြက်သွန်နဲ့ ကြော်ထားတာပါ။ ကိုဘအေးတို့လည်း မစားဝံ့၊ စားဝံ့နဲ့ ဗိုက်ထဲတော့ ဝင်သွားပါတယ်။ ဒီအချိန်မှာ ပုတ်သင်ညို ကြော်ကျွေးလည်း စားရမှာပါ။ တစ်ခါတော့ ရွာက ကလေးတွေ သစ်ပင် တစ်ပင်ရဲ့ ခြေရင်းက တွင်းထဲမှာနေတဲ့ ဖွတ်ကြီးတစ်ကောင်ကို လေးခွတွေနဲ့ ဝိုင်းပစ်နေတာ တွေ့လိုက်ရတယ်။ ဖွတ်သားတော့ မစားခဲ့ရပါဘူး။

ကိုဘအေးတို့ ရေချိုးတော့ ချောင်းထဲ သွားချိုးရပါတယ်။ သောက်ရေ ကိုတော့ ကလေးမလေးတွေက လက်ယက်တွင်း တွေကနေ ခပ်ပေးပါတယ်။ ပြဿနာ တစ်ခုက အိမ်သာပါ။ တစ်ရွာလုံးမှာ အိမ်သာက သုံးလုံးပဲ ရှိပါတယ်။ ကျေးရွာ ရာအိမ်မှူးအိမ်ရယ်၊ မြေယာကော်မတီ ဥက္ကဋ္ဌအိမ်ရယ်၊ မူလတန်းကျောင်းရယ်မှာပဲ ရှိပါတယ်။ ကိုဘအေးတို့က ကျောင်း အိမ်သာကိုပဲ သုံးပါတယ်။ မူလတန်း ကျောင်းလေးက ရွာအစွန်မှာပါ။ တည်းတဲ့ အိမ်နဲ့က နည်းနည်း လှမ်းပါတယ်။ သွားရမယ့် အိမ်သာရှိတာပဲ ကျေးဇူးတင်ရပါမယ်။ နို့မဟုတ်ရင် သူတို့လိုတော့ မထိုင်တတ်တော့ အခက် တွေ့ရမှာပါ။

စာသင်ချိန်ကို Time Table ဆွဲလိုက်တော့ ကိုဘအေးတို့ သူငယ်ချင်း နှစ်ယောက်က အမျိုးသမီးတွေ (ဆယ်ကျော်သက် အရွယ်ကနေ အဒေါ်ကြီးတွေ အထိပါတယ်)ကို နေ့ဘက်မှာ သင်ရမှာ ဖြစ်ပြီး ရွာက မူလတန်းဆရာနဲ့ မြို့ပေါ်က ဆရာလေး တစ်ယောက်က အမျိုးသားတွေကို ညဘက်မှာ သင်ရပါတယ်။ ကျောင်းဘေးမှာ သရက်တောရှိတော့ သရက်သီး သွားခူးနေကြလို့ စာသင်ခန်းထဲမှာ လူစုံဖို့ စိတ်ရှည်ရှည်နဲ့ စောင့်ရပါတယ်။ ပြန်လာကြရင်တော့ ခူးလာတဲ့ သရက်သီးတွေကို ဆရာလေး သားပါဦး (စားပါဦး)လို့ ကျွေးပါတယ်။ (သူတို့တွေက "စ"နဲ့ "သ"ကို မကွဲပါ။ မျက်စိဆိုရင် မျက်သိလို့ ပြောပါတယ်) နောက်တော့ သူတို့ နားလည်အောင် ပြောရပါတယ်။ စာသင်ရတဲ့အချိန်က တိုတိုလေးပါ။ ရတဲ့အချိန်မှာ စာဖတ်တတ်အောင် ကြိုးကြိုးစားစား သင်ကြပါ။ စာသင်ချိန် ပြီးသွားမှ ကိုယ်လုပ်ချင်တာ လုပ်ကြပါလို့။ ကိုဘအေးကိုတော့ စာသင်သားတွေက ချစ်ကြပါတယ်။ ကိုဘအေးကတော့ ပြေပြေပြစ်ပြစ်နဲ့ နားဝင်အောင် ပြောလို့ပါ။ နေ့တိုင်း ကိုဘအေး စားပွဲပေါ်မှာ ပဲခြမ်းကြော်ဖြစ်ဖြစ်၊ ကုလားပဲကြော် ဖြစ်ဖြစ် ပဲကြော်သုတ်လေး တစ်ပွဲ အမြဲထားပေးပါတယ်။ ဟိုဘက်ခန်းက သူငယ်ချင်းကိုတော့ ကြောက်စရာကြီးလို့ ပြောကြတယ်။ သူက တုတ်တစ်ချောင်း ကိုင်ထားပြီး ငေါက်ငမ်းတတ်လို့လေ။

သင်္ကြန်ပိတ်ရက်မှာတော့ ကိုဘအေးတို့ ပုသိမ်ကောလိပ်က လုပ်အားပေး အဖွဲ့တွေ မြစ်သားမြို့ပေါ်က ပြန်စုပြီးတော့ ပုဂံညောင်ဦး၊ ပုပ္ပါးကို ဘုရားဖူး ပို့ပေးပါတယ်။ သင်္ကြန်ပြီးတဲ့အခါ ကိုယ့်ရွာကိုယ် ပြန်ကြပြီး သင်တန်းတွေ ပြန်စကြပါတယ်။ လုပ်အားပေး စခန်း သိမ်းပွဲကိုတော့ ကျေးရွာအုပ်စု ရွာကြီး (ရွာနာမည် မေ့နေတယ်)မှာ အငြိမ့်တွေ ဘာတွေ သွင်းပြီးတော့ လုပ်ပေးပါတယ်။ ကိုဘအေးတို့ လုပ်အားပေးရွာကနေ လှည်းတွေနဲ့ သွားကြရပါတယ်။ လှည်းတွေ အပြိုင်မောင်းကြတာ တကယ့်ကို ပျော်စရာကြီးပါ။ ဖုန်တွေ တထောင်းထောင်းနဲ့ပေါ့။ စခန်းသိမ်းပြီးတော့ ကိုဘအေးတို့က မနစ်က ပုသိမ်ကောလိပ်အနေနဲ့ အသုံးလုံး စမ်းသပ်နယ်မြေ လုပ်ခဲ့တဲ့ ပင်းတယမြို့နယ်ထဲက ပွေးလှရွာကို တစ်ဖွဲ့၊ တောင်ကြီးကို တစ်ဖွဲ့ ဆိုပြီး စရိတ်ထပ်ထည့် ပြီးသွားကြပါတယ်။ ကိုဘအေးက ပင်းတယအဖွဲ့နဲ့ လိုက်ပါတယ်။ နွေခေါင်ခေါင်တောင် အေးတုန်းမို့လို့ ရွာက တည်းအိမ်မှာ ဂွမ်းစောင်တွေတောင် ထားပေးပါတယ်။ မီးဖိုဘေးမှာ အိပ်ကြရပါတယ်။ တာတက်ပွဲ ဆိုတာနဲ့ ကြုံလို့ ကိုဘအေးတို့ ရှမ်းသိုင်း အကတွေ မကတတ်၊ ကတတ်နဲ့ ဝင်နွှဲလိုက်ကြပါသေးတယ်။ ရှမ်းဆန်စေးစေးကို အဲဒီကျမှ စားဖူးတာပဲ။

"အ"သုံးလုံး လုပ်အားပေးခဲ့ရတာဟာ ကိုဘအေးဘဝမှာ တကယ့်ကို တစ်သက်လုံး မမေ့နိုင်တဲ့ အမှတ်တရ တစ်ခုဖြစ်ပါတယ်။ ဆရာကြီး ဦးသုခ ရိုက်ကူးပြီးတော့ ဇော်ဝမ်း၊ ဝင်းလှိုင်၊ တင်တင်ညို၊ တင်တင်လှ၊ အံ့ကျော်၊ မေနွဲ့တို့ ခေါင်းဆောင် ပါဝင်ထားတဲ့ "ဘယ်သူပြိုင်လို့ လှပါတော့နိုင်"ဆိုတဲ့ ရုပ်ရှင်ကားဟာ ကိုဘအေးတို့ "အ"သုံးလုံး လုပ်အားပေးဘဝကို ပြန်လည်ပြီး အမှတ်ထင်ထင် ဖြစ်စေခဲ့ပါတယ်။ ဒေါ်မေနွဲ့ကြီးရဲ့ အမှတ်ထင်ထင် ဖြစ်စေခဲ့ပါတယ်။ ဒေါ်မေနွဲ့ကြီးရဲ့ "ညဥ္ဆကာလသားလာ၏"ဆိုတဲ့ ဝါကျကို "ည၏ ကာလသားက နိုက်လို့ ဖတ်ပြခဲ့တာကို ပရိသတ်တွေ သဘောခွေ့ကြရသလို အံ့ကျော်ရဲ့ တစ်ကောင်ကြွက် ထန်းတက် သမားကို ချစ်စရာအဖြစ် သရုပ်ဆောင်ကွက် တွေကိုလည်း သဘောကျ နှစ်ခြိုက် ခဲ့ကြရပါတယ်။

"ဝထကလသ"ဆိုတဲ့ စာအံသံလေးတွေ မကြားရတာနှစ် ၂၀ကျော်ရှိပြီဖြစ်လို့မို့ အခုလို စာတတ်မြောက်ရေး စီမံချက် "အ"သုံးလုံး လှုပ်ရှားမှုကို ပြန်ပြီး အသက်သွင်းကြတဲ့ တာဝန်ရှိသူတွေကိုရော၊ လုပ်အား ပေးကြတဲ့ ဆရာ၊ ဆရာမများနဲ့ ကျောင်းသူ၊ ကျောင်းသားများကိုရော ဒီလုပ်အားပေးဟောင်းကြီး ကိုဘအေးက ဝမ်းမြောက် ဂုဏ်ယူပါကြောင်း ထောပနာ ပြုလိုပြီး မြန်မာနိုင်ငံမှာ စာတတ်မြောက်ရေး လှုပ်ရှားမှုကြီး ပြန်လည် အသက်ဝင်လာပြီဖြစ်လို့မို့ "ဘယ်သူပြိုင်လို့ လှပါတော့နိုင်" မဟုတ်တော့ဘဲ "ဘယ်သူပြိုင်ပြိုင် လှနိုင်ပါပြီ"လို့ ကိုဘအေးတစ်ယောက် ဟစ်ကြွေးလိုက်ချင်ပါတယ်။ အရေး အဖတ် အတွက် ပညာ အမြဲပဲ ဒို့လေ့လာ။



Image Credit: www.burmaeducationdigest.wordpress.com

# ပြန်လည်အသက်ဝင်လာသည့် "အ"သုံးလုံး လှုပ်ရှားမှု ဧပြီ ၁ရက်မှ စတင်

တက္ကသိုလ်ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူနှင့် ဒေသခံ လုပ်အားပေး ဆရာ၊ ဆရာမ ခြောက်ထောင်ကျော် ပါဝင်သော တစ်နိုင်ငံလုံး စာတတ်မြောက်ရေး "အ"သုံးလုံး လှုပ်ရှားမှုကို ဧပြီ ၁ရက်နေ့မှ စတင်၍ မြို့နယ် ၉ခုတွင် ဆောင်ရွက်သွားရန် ရှိပြီး မေလ ၁၅ရက်နေ့အထိ သတ်မှတ်ထားသော မြို့နယ်အလိုက် သွားရောက် သင်ကြားကြမည် ဖြစ်ကြောင်း၊ လုပ်အားပေး ကျောင်းသားများမှာ ပထမနှစ်က စပြီး ပါဝင်မှာ ဖြစ်ကြောင်း၊ လုပ်အားပေး ကျောင်းသား၊ ကျောင်းသူများ အတွက် ပညာရေး ဝန်ကြီးဌာနက လမ်းစရိတ်တို့ကို ထောက်ပံ့ပေးသည့်အပြင် သင်ကြားသူများအတွက်လည်း ပြဋ္ဌာန်း စာအုပ်၊ ဗလာစာအုပ်များ ပံ့ပိုးပေးကြောင်း မြန်မာနိုင်ငံ ပညာရေး သုတေသနဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြတ်ကျော်၏ ပြောကြားချက်အရ သိရသည်။


မြန်မာနိုင်ငံ၌ နှစ်ပေါင်း ၂၀ကျော်ကြာမှ ပြန်လည် စတင်ခဲ့သော "အ"သုံးလုံး စီမံချက်ကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၅ခုတွင် ဧပြီ ၁ရက်နေ့၌ စတင် ဆောင်ရွက်မည် ဖြစ်ကြောင်း၊ အဆင့်မြင့် ပညာဦးစီးဌာန (အထက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းက The Voiceသို့ ပြောကြားသည်ဟု သိရပါသည်။

"အ"သုံးလုံး စီမံချက်အတွက် လက်ရှိ ရွေးချယ်ထားသော မြို့နယ်များမှာ တီးတိန်၊ ဘားအံ၊ မုဒုံ၊ ကျိုက်ထို၊ ရေဦး၊ ချောင်းဦး၊ ကလေး၊ ရေစကြို၊ ဖဲမြို့နယ်တို့ ဖြစ်ပြီး ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ မော်လမြိုင် တက္ကသိုလ်၊ ဘားအံ တက္ကသိုလ်၊ ရွှေဘို တက္ကသိုလ်၊ မကွေး တက္ကသိုလ်၊ ကလေး တက္ကသိုလ်တို့မှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ ပါဝင် လုပ်အားပေးကြကြောင်း သိရှိရသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 14
MYANMAR ICT JOURNAL

# သူများပျော်လို့ မပျော်နိုင် ဂျူတီကျလို့မှိုင်

Dr.PTS


Image Credit: www.imt.ie

"ဖြူဖြူပြာပြာ နီနီဝါဝါ ဝေဆာမြူးလို့လွင် ပေါတစ်ရုံ ပေါတစ်ရုံ" ပူပြင်းလှသော နွေရာသီပင် ဖြစ်သော်ငြား လတန်ခူးနီးပြီမို့ အခါထူးတဲ့နှစ်ဦး သင်္ကြန်၏ အငွေ့အသက်များက ရင်ကို လွန်စွာ အေးမြစေပါသည်။ ရပ်ကွက်ထဲတွင် ရှိသော ဆိုင်တိုင်းလိုလိုပင် အတာသင်္ကြန်၏ အကြိုနိမိတ် အဖြစ်ဖြင့် သင်္ကြန်တေးများကို အပြိုင်အဆိုင် ဖွင့်နေကြသည်မှာ သင်္ကြန်ပိုး ရှိသူများ၏ စေတနာကြောင့် နိုင်ငံ့ဝန်ကို ထမ်းရသော ဝန်ထမ်းများလည်း တစ်နှစ်တာ အတွက် ပိတ်ရက်ရှည် ခံစားကြရမည်မို့ ပို၍ပျော်စေပါသည်။ အခြား ရုံးဝန်ထမ်းများအဖို့ကား "သင်္ကြန်ပိတ်ရက်" "အလုပ်နားရက်"ဟူ၍ သတ်မှတ်ပြီး ရုံးပြန်ဖွင့်မှသာ ပြည်သူတို့၏ ဝန်ကို ပြန်ထမ်းကြရမည် ဖြစ်သော်လည်း ကျန်းမာရေး ဝန်ထမ်းများကား ထိုသို့ အခွင့်အရေး "သင်္ကြန်ပိတ်ရက် နေမကောင်း မဖြစ်ရ၊ ဆေးရုံမတက်ရ"ဟူ၍ ပိတ်ပင်၍ မရနိုင်သကဲ့သို့ "ဆေးရုံပိတ်ရက်" ဟူ၍ မရှိဘူးခဲ့။ ထို့ကြောင့် ကျန်းမာရေး ဝန်ထမ်းများကို သင်္ကြန် ရေပက်ခံ ထွက်သူများက ဆေးရုံရှေ့မှ ဖြတ်သွားတိုင်း "သူများပျော်လို့ မပျော်နိုင် ဂျူတီကျလို့မှိုင်" ဟူ၍ စနောက်သွားကြသည် မဟုတ်ပါလော။

စာရေးသူတို့ ငယ်စဉ်အချိန် ပုသိမ်မြို့တွင် နေခဲ့စဉ်အခါကဆိုလျှင် ဆေးရုံ ဝန်းအတွင်း၌ပင် သင်္ကြန်ရေကစား မဏ္ဍပ်ဆောက်၍ ဂျူတီ မကျသည့် နေ့ရက်များတွင် ရေကစားခဲ့ကြသည့် အစဉ်အလာ ရှိခဲ့သော်လည်း ယခု ခေတ်အခါများ၌မူ စာရေးသူတို့ တာဝန်ကျရာ ဆေးရုံများ၌ ရေကစား မဏ္ဍပ်ဆောက်သော အစဉ်အလာမရှိတော့။ သင်္ကြန်ရုံးပိတ်ရက်များ မတိုင်မီ သက်ဆိုင်ရာ Wordများ၌သာ မိမိ အစီအစဉ်ဖြင့် မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း အစရှိသည်တို့ကို ကျွေးမွေးကြသည့် အလေ့အထမျှသာ ရှိတော့သည်။ အုပ်ချုပ်သူ ဆရာကြီး၊ ဆရာမကြီးများ၌ "သင်္ကြန်ပိုး"ရှိလျှင်တော့ အကြီးအကျယ် လုပ်တတ်ကြသည်ဟု သူငယ်ချင်း ဆရာဝန်များထံမှ ကြားရဖူးသည်။

သင်္ကြန်ဟူသည် နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောရန် ဆင်နွှဲကြသည်ဟု သိရှိထားပါသည်။ သို့သော် ဆရာဝန်တစ်ဦး အနေဖြင့် တွေ့ကြုံရသည်များကား လူများအနေဖြင့် တစ်နှစ်ပတ်လုံး မလုပ်ဖြစ်ခဲ့သော အကုသိုလ်၊ အဆိုးအပြစ်တို့ကို လုပ်ဆောင်ခွင့် ရရှိပြီး ဆေးရုံနှင့် နစ်ပါး သွားကြရသည်က များကြသည်။ သင်္ကြန် (၃)ရက်မျှ ဆင်နွှဲပြီးသည်နှင့် (၃)လ (၃)နှစ်မက ဝေဒနာ ခံစားရသူများလည်း ဒုနှင့်ဒေး။ ထို့ကြောင့် လူကြီး မိဘများကား "သင်္ကြန်ရောက်မှာ တွေးကြောက်တယ်" ဟူ၍လည်း ဆိုတတ်ကြသည်။ ခေတ်မီ တိုးတက်လာသည်နှင့်အမျှ သန့်ရှင်းလှသော၊ ရည်ရွယ်ချက် ကောင်းလှသော သင်္ကြန်၏အလှသည် အမည်းစက် ထင်လာသည်။ ညစ်ညမ်း စွန်းထင်းမှု များလာတော့သည်။ ထို့အပြင် လူမဆန်သူ အဖွဲ့အချို့၏ အဖျက်အမှောက် လုပ်ငန်းများကြောင့် အကျည်းတန် ယုတ်ဆိုးခဲ့သော နှစ်များလည်း ရှိခဲ့ပေရာ သင်္ကြန်ဟူသည် ပျော်စရာလား၊ ဝမ်းနည်းစရာလားဟူ၍ မေးရမည့် အနေအထားရောက်ခဲ့ရသည့် မိဘပြည်သူများ အတွက်ကား လွယ်လွယ် နှင့် ဖြေဖျောက်နိုင်ရန် ဖြစ်မည်မထင်။

ကျန်းမာရေးနှင့် ပတ်သက်သော သင်္ကြန် ပြဿနာများသည်လည်း ရေတွက်၍ မကုန်ပါ။ တစ်နှစ်တာတွင် မတော်တဆ ဖြစ်မှု၊ ထိခိုက်အန္တရာယ် ဖြစ်ပွားမှု၊ ခိုက်ရန်ဒေါသ ဖြစ်ပွားမှု၊ လုယက် ခိုးယူမှု၊ မုဒိန်းမှု အစရှိသည့် ဥပဒေနှင့် ငြိစွန်းပြီး ကျန်းမာရေးနှင့် ဆက်နွှယ်သည့် အမှုအခင်းများလည်း သာမန်ထက် နှစ်ဆ သုံးဆမျှ သင်္ကြန်တွင်းတွင် ဖြစ်ပွားတတ်သည်။ အရက်သေစာ သောက်စား မူယစ်ပြီး လမ်းလျှောက်ခြင်း၊ စက်ဘီး၊ ဆိုင်ကယ်စီးခြင်း၊ မော်တော်ယာဉ်၊ စက်တပ်ယာဉ်၊ ရေယာဉ်များ မောင်းနှင်ခြင်းတို့ကြောင့် ၎င်းတို့ကို ကိုယ်တိုင်ရော အပြစ်မရှိသူ ပြည်သူများပါ အန္တရာယ် ရောက်ကြရသည်။ ထိုမျှမက မူးယစ်ရမ်းကားပြီး ခိုက်ရန် ဖြစ်ပွားမှုတို့ကြောင့် ဆေးရုံ ရောက်ရသူများလည်း မနည်း၊ စာရေးသူတို့ ရန်ကုန်မေတ္တာဝီ ဆေးရုံကြီး၏ ခွဲစိတ်ဆောင်တွင် တာဝန် ထမ်းစဉ်တုန်းကဆိုလျှင် လူငယ်နှစ်ဖွဲ့ ရန်ဖြစ်ကြပြီး လေးငါးဦးမျှ ဒဏ်ရာများဖြင့် ဆေးရုံ ရောက်လာကြသည်။ စာရေးသူ တို့က သက်ဆိုင်ရာ စစ်ဆေးမှုများ ပြုလုပ်ပြီး အကွဲအပြဲများကို ချုပ်တန်ကချုပ်၊ အကျိုးအပဲ့များကို ကျောက်ပတ်တီး ကိုင်တန်က ကိုင်ပြီး ကုသပေးခဲ့သည်။ ထိုညတွင်ကား ထိုသူများကို သတင်း လာမေးသော နှစ်ဘက်အဖွဲ့မှ လူငယ်များ ဆေးရုံအတွင်း၌ ပြန်ဆုံမိပြီး မပြေသေးသော ရန်ငြိုးရန်စတို့ကြောင့် ဆေးရုံအတွင်း ရန်ပွဲကြီး အကြီးအကျယ် ထပ်ဖြစ်ပွားခဲ့၍ ရဲတပ်ဖွဲ့ကိုပင် ခေါ်ယူ၍ ထိန်းသိမ်းခဲ့ရဖူးသည်။

ယမကာ၏ အပြစ်သည်ကား များလှသည်။ ထို့ကြောင့်လည်း မြတ်စွာဘုရားရှင်က ငါးပါးသီလတွင် တစ်ပါး အပါအဝင်အဖြစ် ထည့်သွင်း တားမြစ်ထားခြင်း ဖြစ်ပါသည်။ "ဘီယာဆိုတာ အရက်တော့ မဟုတ်ပါ၊ တငွေ့ငွေ့လေးနဲ့ အတော်လာတာ..."ဟု ဆိုပြီး ဘဝပျက်သွားသူများလည်း ဒုနှင့်ဒေး။ အထူးသဖြင့် လူငယ်၊ လူရွယ် သားသမီးရှင် မိဘများအနေဖြင့် မိမိတို့၏ သားသမီးများအပေါ်တွင် မေတ္တာတရားကြောင့် အလိုလိုက် လွန်မသွားစေရန် ဖြစ်သည်။ စာရေးသူတို့ ကျန်းမာရေး စာပေအရ "Tolerate" လူပိန်း အခေါ်အရ "အူရိုင်း" ခေါ်သော နည်းနည်း သောက်ရုံဖြင့် များများမူးတတ်သော၊ အတွေ့အကြုံ မရှိသော သူများအဖို့ အန္တရာယ် များလှသည်။ "အချမ်းဓာတ်လေး ပျောက်အောင်ကွာ၊ ကိုယ့်ကိုချစ်ရင် တစ်ငုံလောက်ပဲ သောက်ပါကွာ"ဟူ၍ အပျော့စွဲဖြင့် အချော့တွဲသည်ကို ယုံမှားမိသဖြင့် ဘဝပျက်သွားသူ မိန်းကလေးများလည်း မနည်းလှပါ။ ထို "တစ်ငုံ"ဆိုသော ပမာဏက လူကို ယစ်မူး သွားစေရုံမျှမက ခုခံနိုင်စွမ်းပါ မရှိတော့ဘဲ မိမိအား အပျော်ကြံမည့်သူ၏ လက်တွင်း ခုန်ဆင်းသကဲ့သို့ ဖြစ်စေနိုင်သည်ကို သမီးပျိုတိုင်း သိစေနိုင်ရန် မိဘများက "မလောင်ခင်က မီးကိုတားသလို" ကြိုတင် ပြောပြထားသင့်သည်။ သိလျက်နှင့် "ငါ့ကိုယ်ငါ ထိန်းနိုင်ပါတယ်"ဟု အရဲစွန့်ပြီး လက်တည့်စမ်းသူများလည်း ဘဝ ပျက်ကြရမည်သာ။ ထို Tolerate Levelမှ Tolerate မဖြစ်တော့ဘဲ ထပ်၍ထပ်၍ ထိုးသောက်ရင်းနှင့် အရက်သမား လုံးလုံး ဖြစ်ကြရသည်မှာလည်း ဤသင်္ကြန်မှ အစဖြစ်သည်။

သို့ဆိုလျှင် စာရေးသူသည် သင်္ကြန်ကို မုန်းသူလား၊ သင်္ကြန်၏ အပုပ်ကို ဖော်နေသလားဟု စာဖတ်သူများက သံသယ ဖြစ်ဖွယ် ရှိပါသည်။ စာရေးသူ သင်္ကြန်ကို သိပ်ချစ်ပါသည်။ ပျော်လည်း ပျော်ပါသည်။ သို့သော် တစ်နိုင်ငံသားလုံး ရော မိမိပါ ပျော်စေချင်၍ ဖြစ်ပါသည်။ လှပသော သင်္ကြန်၊ အေးချမ်း သာယာပြီး၊ အစွန်းအထင်း ကင်းသော သင်္ကြန် ဖြစ်စေချင်၍ ဖြစ်ပါသည်။

သင်္ကြန်ရေသည် တန်ခိုးကြီးလှသည်။ မေတ္တာရေစင် ဖြစ်သည့်လား တစ်ကိုယ်လုံး စိုရွှဲသွားသည့်တိုင် အဖျားအနာ မရတတ်။ ဤနွေ ဤအပူ၌ ရေဘယ်လောက် လောင်းလောင်း အပူ မရှုပ်သည်မှာ သင်္ကြန်အခါပင် မဟုတ်လော။ ဆေးပညာရှင်တို့လည်း မဖော်ထုတ်နိုင်သေးပါ။ သို့သော် သေချာသည်က အရက်သေစာနှင့် ယမကာမျိုးစုံတို့ကား ဖြူစင်လှသော သင်္ကြန်ကို ညစ်နွမ်းစေမည်သာ။ ထို့အပြင် မိန်းမောစေတတ်သော ဆေးဝါးများနှင့် လိင်စိတ်ကို နိုးကြွစေသော ဆေးဝါးများလည်း မြန်မာပြည်၌ မသမာသူများ၏ လက်ဝယ်တွင် ရှိနေသည်ကို မိမိတို့၏ သားပျို၊ သမီးပျိုများ အဝိုက် မမိရလေအောင် အသိ ပေးထားသင့်သည်။ "အပျော်" ဘဝမှ "အပျက်" ဘဝသို့ မရောက် ရလေအောင် သတိရှိရှိဖြင့် သန့်ရှင်းစွာ ပျော်ရွှင် ကြစေလိုသည်။ ယခုအချိန်တွင် ဘက်စုံ ကဏ္ဍစုံ၌ တိုးတက်မှုများ ရှိနေသကဲ့သို့ အဖျက်အမှောက် လုပ်ငန်းများဖြင့် သင်္ကြန်ကို အရောင် ဆိုးကြလိုသူများ၏ အန္တရာယ်ကိုလည်း သတိထားကြရမည်။ "သပြေခက်နှင့် ရေပက်"သည့် ခေတ်မှ Pumpဖြင့် ထိုးသည့်ခေတ်ကို ရောက်လာသော်လည်း ရှေးလူကြီးများမှ ဦးဆောင်၍ ယနေ့ခေတ်လူငယ်များ နှစ်သစ် မင်္ဂလာ အတာသင်္ကြန်၏ အပြစ်ကင်းသော အညစ်မစွန်းသော ပျော်ရွှင်စရာ အရသာ အပြည့်အဝကို ခံစားနိုင်ကြရပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ရပါတော့သည်။



# လင်ရယ်၊ မယားရယ် ဖြစ်မှတော့

WinWin




Image Credit: www.colourbox.com

အော်စကာ - မင်္ဂလာပါ ဘကြီးဖြိုး။

ဘကြီးဖြိုး - မင်္ဂလာပါ အော်စကာ။

အော်စကာ - ဒီအပတ်တော့ ဘကြီးဖြိုးကို လက်ထပ်တဲ့အကြောင်း ဆွေးနွေးချင်တယ်။

ဘကြီးဖြိုး - တယ်ဟုတ်ပါလား။ အော်စကာရဲ့ မင်းတော့ လူပျိုကြီးဘဝက ကျွတ်တော့မယ်ထင်တယ်။ Traderလား၊ Sedonaလား။

အော်စကာ - မဟုတ်ပါဘူး၊ ဘကြီးဖြိုး၊ ကြင်ဖော်ကြင်ဖက်လည်း မတွေ့သေးပါဘူး။ တွေ့ရင်လည်း Trader, Sedonaမှာ လက်မထပ်ပါဘူး။ နှစ်ဖက်လူကြီးမိဘဆွေမျိုးတွေ အသိအမှတ်ပြုစေပြီး တရားရုံးမှာ လက်မှတ်ထိုးလိုက်ရင် ပြီးတာပဲ ဘကြီးဖြိုး။ အကျယ်မချဲ့ပါဘူး။

ဘကြီးဖြိုး - ဒါလည်း ကောင်းပါတယ်။ ဒါပေမယ့် တရားရုံးမှာ လက်မှတ်ထိုးတယ် ဆိုပေမယ့် လက်ထပ်မယ့် မင်္ဂလာ သတို့သားနဲ့ သတို့သမီးတွေက ဘယ်ဘာသာကို ကိုးကွယ်လည်း ဆိုတာလည်း ကြည့်ရတယ်။

အော်စကာ - လက်ထပ်တာနဲ့ ဘာသာအယူဝါဒ ကိုးကွယ်တာနဲ့ ဘာဆိုင်လို့လဲ။

ဘကြီးဖြိုး - မြန်မာ ဗုဒ္ဓဘာသာကို ကိုးကွယ်သူတွေက မြန်မာ့ဓလေ့ ထုံးတမ်းနဲ့အညီ လက်ထပ်ကြရတယ်။ ဒီလိုပဲ မဟာဗေဒင်ဘာသာ ကိုးကွယ်သူတွေက မဟာဗေဒင်ဥပဒေ၊ ခရစ်ယာန်ဘာသာဝင်တွေက ခရစ်ယာန်ဥပဒေတွေနဲ့ အညီ လက်ထပ်ကြရတယ်။

အော်စကာ - တကယ်တော့ ဘကြီးဖြိုးရယ်၊ လက်ထပ် ထိမ်းမြား အိမ်ထောင်တည်ရေးဟာ ဘာသာရေး ကိစ္စမဟုတ်ဘဲ လူမှုရေးကိစ္စပဲ မဟုတ်လား ဘကြီးဖြိုးရဲ့။

ဘကြီးဖြိုး - လက်ထပ်ထိမ်းမြား အိမ်ထောင် တည်ရေးသည် ဘာသာရေး ကိစ္စမဟုတ်၊ လူမှုရေး ကိစ္စဖြစ်ကြောင်း ကျွန်ုပ်တို့ နိုင်ငံ၌ အစွန့်ရှည်ကြာစွာ လက်ခံကျင့်သုံးခဲ့ကြသည်။ အနောက်နိုင်ငံများနှင့် ခရစ်ယာန်ဘာသာဝင်များကလည်း ထိုသို့ပင် ပို၍ ယူဆလာကြပြီး ခရစ်ယာန်ဘာသာဂိုဏ်းကြီးများကလည်း အိမ်ထောင်ရေး ကိစ္စများအပေါ် နှစ်ပေါင်းများစွာက ချမှတ်ထားခဲ့သော ပညတ်ချက်များကို ပြန်လည်သုံးသပ်၍ လျော့ပေါ့ခြင်း ရုပ်သိမ်းခြင်းများ ပြုနေကြပြီလို့ ပြည်ထောင်စု မြန်မာနိုင်ငံ (ကိုသန်းဌေ (ခ) ဦး၊ ဂျီ၊ တာရှန်းနှင့် မခင်ရီ၊ အမှုစီရင်ထုံး ၁၉၆၆ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံး စာမျက်နှာ ၆၀၇ (၆၁၂)မှာ ရေးဖွဲ့ထားတယ်။

အော်စကာ - မှန်တာပေါ့၊ ဘကြီးဖြိုးရာ၊ အိမ်ထောင်တည်တာဟာ လူမှုရေးကိစ္စပဲ ကျွန်တော် လက်ခံတယ်။

ဘကြီးဖြိုး - အဲဒီစီရင်ထုံးမှာ ထုံးဖွဲ့ထားတာလေးက မှတ်သားစရာလေး ဖြစ်တယ်။

အော်စကာ - ရှင်းပြပါဦး ဘကြီးဖြိုး။

ဘကြီးဖြိုး - သတို့သားနဲ့ သတို့သမီးတို့ နှစ်ဦးလုံးက ခရစ်ယာန်ဘာသာဝင်တွေလေ၊ လင်မယားအဖြစ် အတူ အိုးအိမ် ထူထောင် ခဲ့ကြတယ်။ ရပ်ရွာကလည်း လင်မယားအဖြစ် အသိအမှတ်ပြုခဲ့ကြတယ်၊ ၂နှစ်ခန့် ပေါင်းကြပြီး သူတို့အချင်းချင်း မသင့်မတင့်လို့ ခွဲခွာနေထိုင်ကြတယ်။ ဒီတော့ မိန်းမက ယောကျ်ားအပေါ်မှာ မယားစရိတ် တောင်းတယ်။

အော်စကာ - မယားစရိတ်ကို ဘယ်လို တောင်းတာလဲ။

ဘကြီးဖြိုး - မယားစရိတ်ကို ရာဇဝတ်ကြောင်းအရ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈အရ တရားရုံးမှာ လျှောက်ထား တောင်းဆိုတာ ဖြစ်တယ်။

အော်စကာ - တရားမကြောင်းအရလည်း တောင်းဆိုနိုင်တယ်မို့လား။

ဘကြီးဖြိုး - တရားမကြောင်းအရလည်း မယားစရိတ် ရလိုမှု စွဲဆိုတောင်းခံနိုင်တယ်။ တရားမရုံးမှာ စွဲရင် လင်ယောကျ်ားရဲ့ အဆင့်အတန်းအလိုက် ဝင်ငွေရဲ့ သုံးပုံတစ်ပုံ မယားစရိတ် ရနိုင်တယ်။ လင်ယောကျ်ားက ဒုတိယမယားယူရင်တော့ ပထမမယားက လင်ယောကျ်ားဝင်ငွေရဲ့ ၆ပုံ ၁ပုံပဲ ရနိုင်တယ်။

အော်စကာ - ရာဇဝတ်ကြောင်း စွဲရင်ရော မယားစရိတ် ဘယ်လောက် ရနိုင်လဲ။

ဘကြီးဖြိုး - ရာဇဝတ်ကြောင်း စွဲရင် တစ်လလျှင် ကျပ်ငါးသောင်းထက် မပိုတဲ့ငွေကို ရနိုင်တယ်လို့ ပြင်ထားတာ တွေ့မိတယ်။

အော်စကာ - ရာဇဝတ်ကြောင်း တရားစွဲတာနဲ့ တရားမကြောင်း တရားစွဲတာ ဘာကွာလဲ ဘကြီးဖြိုး။

ဘကြီးဖြိုး - ရာဇဝတ်ကြောင်းအရ စွဲတာက အမှုကို မြန်မြန်ကျဉ်းကျဉ်း စစ်ဆေးပြီး လိုအပ်တဲ့ အကူအညီဖြစ်တဲ့ မယားစရိတ်ကို မကြန့်မကြာ စရိတ်စက အကုန်အကျ နည်းနည်းနဲ့ ရနိုင်တယ်။ တရားမကြောင်း စွဲရင်တော့ ရုံးခွန်တော် ထမ်းဆောင်တာ များပြီး ပိုပြီး ကြန့်ကြာတယ်လေ၊ စရိတ်လိုလို့ တရားစွဲတောင်းကာမှ အချိန်သိပ်ကြာနေရင် စားဝတ်နေရေး ခက်တော့တာပေါ့။

အော်စကာ - ခုနက ပြဿနာ ဆက်ရအောင်၊ ရာဇဝတ်ကြောင်းအရ မယားစရိတ် တောင်းတာ ဘယ်လို ဖြစ်သွားလဲ။

ဘကြီးဖြိုး - သတို့သမီးက ဘက်ပတစ်ဂိုဏ်းဝင်ဖြစ်ပြီး သတို့သားက ရိုမင်ကတ်သလစ် ဂိုဏ်းဝင်ဖြစ်တယ်၊ သူတို့ဟာ ခရစ်ယာန် ဂိုဏ်းဝင်များ ဖြစ်ကြတဲ့အတွက် ခရစ်ယာန် လက်ထပ်ထိမ်းမြားရေး အက်ဥပဒေအရ လက်မထပ်ခဲ့လို့ တရားဝင် ဇနီး မဟုတ်တဲ့အတွက် မယားစရိတ် မရထိုက်ဘူးလို့ ယောကျ်ားက ထုချေတယ်။

အော်စကာ - အဲဒီတော့ မယားဘက်က ဘာပြောလဲ။

ဘကြီးဖြိုး - မယားဖြစ်သူက သူတို့ဟာ ခရစ်ယာန်လက်ထပ် ထိမ်းမြားရေး အက်ဥပဒေအရ လက်ထပ်ထိမ်းမြားခြင်း မပြုလုပ်ခဲ့ပေမယ့်၊ မိတ်ဆွေတွေကို ဂရင်းဟော်တယ်ကို ဖိတ်ကြားကျွေးမွေးပြီး အကြင်လင်မယားအဖြစ် အသိအမှတ် ပြုစေခဲ့တယ်။ အကြင်လင်မယားအဖြစ် ၂နှစ်တိုင်တိုင် ပေါင်းသင်းခဲ့ပြီးမှ လင်မယား ရန်ဖြစ်တဲ့အခါ ယောကျ်ားက မိန်းမကို အိမ်တွင် မနေနိုင်အောင် ညှင်းပန်း နှိပ်စက်တဲ့အတွက် မယားက ယောကျ်ားထံက မယားစရိတ် တောင်းခံခြင်း ဖြစ်ပါတယ်လို့ ပြောတာပေါ့။

အော်စကာ - ယောကျ်ားကရော ဘာပြောသေးလဲ။

ဘကြီးဖြိုး - ယောကျ်ားက ဧည့်ပရိတ်တွေရှေ့မှာ ထိမ်းမြား လက်ထပ်ကြပြီး၊ အကြင်လင်မယားအဖြစ် အတူ နေထိုင်ခဲ့တာ မှန်ပါတယ်။ လင်မယား ကွဲကွာနေရခြင်းမှာ မယားက သစ္စာမဲ့လို့ စားစရိတ်မရထိုက်လို့ ချေပခဲ့တယ်။

အော်စကာ - တရားသူကြီးတွေအဖို့ စဉ်းစားရတာပေါ့နော်။

ဘကြီးဖြိုး - အဲဒီတော့ သူတို့ နှစ်ယောက်ဟာ ဧည့်ခံပွဲ ပြုလုပ်ပြီး လူအများက လင်မယားအဖြစ် အသိအမှတ် ပြုခြင်းကိုခံပြီး ၂နှစ်ခန့် အတူနေထိုင်ခဲ့တာ အငြင်း မပွားကြဘူးလေ။

အော်စကာ - မှန်တယ်၊ လင်နဲ့မယား၊ လျှာနဲ့ သွားဆိုသလို ရန်ဖြစ်တာ ဆန်းတာမှ မဟုတ်တာ။

ဘကြီးဖြိုး - လက်ထပ်တုန်း က ခရစ်ယာန် လက်ထပ်ထိမ်းမြားရေး အက်ဥပဒေပုဒ်မ ၄နှင့် ၅အရ ခရစ်ယာန်ဘုန်းကြီး မှတ်ပုံတင် အရာရှိ စသည်တို့ မပါဝင်ခဲ့တဲ့အတွက် တရားဝင် လက်ထပ်ထိမ်းမြားခြင်း မဟုတ်ဘူးလို့ လင်ယောကျ်ားရဲ့ ရှေ့နေကြီးကလည်း တင်ပြတာပေါ့။

အော်စကာ - ခရစ်ယာန် လက်ထပ် ထိမ်းမြားရေး အက်ဥပဒေပုဒ်မ ၄နဲ့ ၅ကို အတိအကျ လိုက်နာခြင်း မပြုခဲ့တာတော့ မှန်တာပေါ့နော်။

ဘကြီးဖြိုး - ဟုတ်တယ်၊ ဒါပေမယ့် အဲဒီလို ဖြစ်ခဲ့တာဟာ ယောကျ်ားလုပ်သူက နှစ်ဦးကျေနပ် သဘောတူပြီး လူအများ ရှေ့မှာ လက်ထပ်ရင် လင်ခန်းမယားခန်း မြောက်တယ်ဆိုလို့ လက်ခံခဲ့တာလို့ မယားက ပြောတာပေါ့။

အော်စကာ - နှစ်ဖက် အမှုရင်ဆိုင်ကြရင် တရားသူကြီးက အမှန်အမှား ဝေဖန်ပိုင်းခြား ဆုံးဖြတ်ရမှာပဲနော်။

ဘကြီးဖြိုး - မှန်တာပေါ့။ အမျိုးသမီးများရဲ့ ဘဝလုံခြုံမှုကို စောင့်ရှောက် ကာကွယ်ဖို့ အစိုးရမှာ လူမှုရေးအရ တာဝန်ရှိတယ်လေ။ Russ v Russ (1962-63)weeldy law Reports 930, eourt of Appeal, 41/ c.w.n 898မှာ အိမ်ထောင်ရေးနှင့် ပတ်သက်သော အတွေးအခေါ်များသည် ခရစ်ယာန်ဘာသာ အများစု ကိုးကွယ်သော နိုင်ငံများ၌ပင် ဘာသာရေးမှ လွတ်ကင်း၍ လူမှုရေး နယ်တွင်းသို့ ချဉ်းနင်း ရောက်ရှိ၍ လက်တွေ့ကျကျ ဖြစ်ပေါ်လျက်ရှိပြီလို့ သုံးသပ်ထားတယ်။

အော်စကာ - တရားရုံးက ဘယ်လို သုံးသပ်လဲ ဘကြီးဖြိုး။

ဘကြီးဖြိုး - အခု မယားစရိတ် တောင်းတာက ရာဇဝတ်ကြောင်းအရ တောင်းတာလေ။ ဒီအမှုမှာ လင်မယား ဟုတ်၊ မဟုတ် ကွဲကွာ၍ နေ၊ မနေ၊ ယောကျ်ားဖြစ်သူက အကြောင်း အလုံအလောက် မရှိဘဲ စရိတ်ထောက်ပံ့ရန် ပျက်ကွက်ခြင်း ဟုတ်၊ မဟုတ် စသည်တို့ကို စစ်ဆေးပြီး တရားရုံးက သင့်တော်တဲ့ အမိန့်ကို ချမှတ်ရမှာ ဖြစ်တယ်။ နက်နဲရှုပ်ထွေးတဲ့ ပြဿနာတွေ ပေါ်ပေါက်ရင် တရားမရုံးတွေကသာ ထိုပြဿနာကို အပြီးသတ် ဖြေရှင်း ဆုံးဖြတ်ရမှာ ဖြစ်တယ်။

အော်စကာ - အခုဟာက လက်ထပ်တာ ဥပဒေပြဋ္ဌာန်းတဲ့ နည်းလမ်းအတိုင်း မဟုတ်လို့ တရားမဝင်ဘူးလို့ ပြောပေမယ့် ဇနီးဖြစ်သူမှာ တရားဝင် လက်ထပ်၍ မယားအဖြစ် သက်ရောက်စေနိုင်တဲ့ အရည်အချင်း တစ်စုံတစ်ရာ ချို့တဲ့နေပါတယ်လို့ ဆိုမထားဘူးနော်။

ဘကြီးဖြိုး - ဇနီးဖြစ်သူဟာ အရည်အချင်း ချို့ငဲ့ခြင်း မရှိခဲ့ဘဲ လက်ထပ်တဲ့နေရာမှာ ဘုန်းကြီး သို့မဟုတ် မှတ်ပုံတင် အရာရှိ ရှေ့မှောက်၌ ပြုလုပ်ရန် ပျက်ကွက်ခဲ့ခြင်းသာ ဖြစ်တယ်။ အဲဒီလို ပျက်ကွက်ခဲ့ရတာကလည်း ယောကျ်ားက တရားဝင် လင်ခန်း၊ မယားခန်း မြောက်နိုင်ပါသည် ဆိုသောကြောင့် ဖြစ်ခဲ့ရတာ၊ လူအများရဲ့ ရှေ့မှောက်မှာ လက်ထပ်ခဲ့ကြပြီးနောက် ၂နှစ်ကျော် လင်မယားအဖြစ် အထင်အရှား ပေါင်းသင်း နေထိုင်ခဲ့ကြပြီးပြီ၊ အဲဒီအခြေအနေမှာ လက်ထပ်စဉ်က နည်းလမ်းမကျခဲ့သည်ကို ယောကျ်ားက အခွင့်အရေး ယူနိုင်မည်ဆိုလျှင် သဘာဝတရားမျှတမှုနှင့် ဆန့်ကျင် ပေလိမ့်မည် ထိမ်းမြားရေး အက်ဥပဒေကိုပင် အခွင့်အရေးယူရာ ရောက်စေလိမ့်မည်လို့ တရားသူကြီးက သုံးသပ်တာပေါ့။

အော်စကာ - အိုး....မှန်တာပေါ့ဗျာ။ ဒါဆို အမျိုးသမီးက နိုင်တာပေါ့နော်။

ဘကြီးဖြိုး - လက်ထပ်ခဲ့စဉ်က နည်းလမ်းနှင့် အပြည့်အဝ ကိုက်ညီမှု မရှိခဲ့ခြင်းကြောင့် ယောကျ်ားက မိန်းမကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈အရ မယားစရိတ်ပေးရန် တာဝန်မရှိလို့ ခုခံခြင်း မပြုနိုင်ဘူး။ မယားက သစ္စာမဲ့ခဲ့၍ မယားစရိတ်မရထိုက် ဆိုတာကိုတော့ စစ်ဆေးပြီး ဆုံးဖြတ်ရမှာပေါ့။

အော်စကာ - ဥပဒေနဲ့အညီ တရားရုံးတွေက တရားမျှတ မှန်ကန်စွာ စီရင် ဆုံးဖြတ်နိုင်ဖို့ လိုတာပေါ့နော်။

ဘကြီးဖြိုး - ဒီအပတ်တော့ ဤမျှသာ။

UNIVERSALLY PRESENTABLE...
World-Class Websites
Intuitive Design & Printing
Unique Decoration
MEDIALANE
THE CREATIVE AGENCY
01.430.897, 01.553.918
58B Myanma Gon Yaung Housing
Than Thu Mar Road Tamwe Township 11211
Yangon Myanmar
www.medialane.com.au
ALL THE WAY FROM AUSTRALIA.

# ခန္ဓာကိုယ်ထဲက အင်္ဂါအစိတ်အပိုင်းတွေရဲ့ သဘောကို သိကြည့်ခြင်း

လူတွေ ဘာ့ကြောင့် ဒုက္ခရောက်နေတာလဲ ဆိုတော့ လူဖြစ်နေလို့ပဲ။ လူတွေကို ဒုက္ခပေးနေတာ ခန္ဓာကိုယ်ထဲက ပစ္စည်းတွေနဲ့ စိတ်စေတသိက်တွေပဲ။ ခန္ဓာကိုယ် ရှိနေလို့ စိတ်စေတသိက်တွေ ဖြစ်ခွင့်ရကြတာ။ ခန္ဓာကိုယ်နဲ့ စိတ်တွေဟာ ဒုက္ခမီးလောင်စေတဲ့ လောင်စာတွေပဲ။

ကမ္ဘာမြေပုံထဲက ဘယ်နိုင်ငံမှာပဲ နေနေ၊ ဘာလူမျိုးပဲဖြစ်ဖြစ်၊ ဘယ်ဘာသာပဲ ကိုးကွယ် ကိုးကွယ်၊ ယောက်ျားပဲ ဖြစ်ဖြစ်၊ မိန်းမပဲ ဖြစ်ဖြစ်၊ လူကြီးပဲ ဖြစ်ဖြစ်၊ လူငယ်ပဲ ဖြစ်ဖြစ်၊ ပညာတွေ တတ်တတ်၊ မတတ်တတ်၊ ဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ၊ ဘယ်လောက်ပဲ ဆင်းရဲ ဆင်းရဲ၊ လူသားမှန်ရင် ခန္ဓာကိုယ်ထဲမှာ ဒီပစ္စည်းတွေပဲ ရှိတယ်။

လူ့ခန္ဓာကိုယ်ထဲက ပစ္စည်းတွေဟာ လူ့လောကထဲကို လူအဖြစ်ရောက်ရှိဖို့ သေချာ ကတည်းက ခန္ဓာကိုယ်နဲ့အတူ ပါလာတဲ့ ပစ္စည်းတွေပဲ။ ယောက်ျား၊ မိန်းမလို့ ခွဲခြားတဲ့ ပစ္စည်းတွေကလွဲရင် လူသားအားလုံးရဲ့ ခန္ဓာကိုယ်ထဲမှာ ဒီပစ္စည်းတွေပဲ ပါတယ်။ ဂေါတမ မြတ်စွာဘုရားမှာလည်း ဦးခေါင်းက တစ်ခုတည်း၊ ဦးနှောက်ကလည်း တစ်ခုတည်း၊ မျက်စိနှစ်လုံး၊ နားရွက်နှစ်ခု၊ နှာခေါင်းတစ်ခု၊ ပါးစပ်ထဲမှာ လျှာတစ်ခု၊ လက်နှစ်ဖက်၊ ခြေထောက် နှစ်ဖက် အပိုပစ္စည်း မပါဘူး....။ ဒါပေမယ့်... မြတ်စွာဘုရားရဲ့ သမ္မာသမ္ဗုဒ္ဓေါ ဆိုတဲ့ ဂုဏ်တော်အရ သိစရာမှန်သမျှကို အကြွင်းအကျန်မရှိ အကုန်အစင် ဆရာမလို ကိုယ်တော်တိုင် ကိုယ်ပိုင်ဉာဏ်နဲ့ ထိုးထွင်းပြီး သိတယ်....., ဆိုတဲ့ သိခြင်းဉာဏ်တော် ကတော့ အံ့ဩစရာ ကောင်းလောက်အောင် ရှိသေလေးစား၊ ကြည်ညို ညွတ်ကျိုး၊ ပူဇော် ကန်တော့ရတဲ့ အထိ ကြီးကျယ်တဲ့ အရည်အချင်းပါပဲ။ တစ်ကမ္ဘာလုံးရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစတဲ့ သာမန်လူသား အသိုင်းအဝိုင်းတွေမှာလည်း လူချင်းအတူတူ နံပါတ်တစ် ဆိုတဲ့နေရာတွေမှာ တစ်ယောက်တည်း ဖြစ်နေတာ ဘာ့ကြောင့်လဲ? ခန္ဓာကိုယ် ရှိတာချင်းအတူတူ၊ စိတ်တွေ ရှိတာချင်း အတူတူ ဘယ်နေရာမှာ ကွဲပြားခြားနားသွားတာလဲ?

အသိရှိတာချင်း မတူကြလို့လား? သတိရှိတာချင်း မတူကြလို့လား ? အရင်ဦးဆုံး ခန္ဓာကိုယ်ထဲက အင်္ဂါအစိတ်အပိုင်းတွေကို လေ့လာကြည့်ရအောင်။

၃၂ ကောဋ္ဌာသတို့မှာ

၁. ဆံပင်
၂. အမွေး
၃. လက်သည်း ခြေသည်း
၄. သွား
၅. အရေ
၆. အသား
၇. အကြော
၈. အရိုး
၉. ရိုးတွင်းခြင်ဆီ
၁၀. အညှို့
၁၁. နှလုံး
၁၂. အသည်း
၁၃. အမြှေး
၁၄. အဖျဉ်း
၁၅. အဆုတ်
၁၆. အူမ
၁၇. အူသိမ်
၁၈. အစာသစ်
၁၉. အစာဟောင်း
၂၀. ဦးနှောက်
၂၁. သည်းခြေ
၂၂. သလိပ်
၂၃. ပြည်
၂၄. သွေး
၂၅. ချွေး
၂၆. အဆီခဲ
၂၇. မျက်ရည်
၂၈. ဆီကြည်
၂၉. တံတွေး
၃၀. နှပ်
၃၁. အစေး
၃၂. ကျင်ငယ်

ရှေ့တစ်ပတ်ဆက်ရန်

ဤစိတ်လေ့ကျင့်ခန်းများကို အသေးစိတ် သိလိုပါက www.athithedi.com တွင် သွားရောက်လေ့လာနိုင်ပါသည်။

# MBA, M.M.OD, M.S.ITနှင့် Ph.D.ODသင်တန်းများ လျှောက်လွှာခေါ်ယူ

မင်းခန့်

Myanmar Professional Development Center(MPDC)နှင့် Assumption Univerisity of Thailand(ABAC)တို့ ပူးပေါင်းဖွင့်လှစ်သွားမည့် Master of Business Adminstration(MBA), Master of Management in Organization Development(M.M.OD), Master of Science in Information Technology(M.S.IT)နှင့် Doctor of Philosophy in Organization Development(Ph.D.OD) သင်တန်းများအတွက် လျှောက်လွှာများအား စတင် လက်ခံနေပြီဖြစ်ကြောင်း သိရပါသည်။ MBA, M.M.ODနှင့် M.S.IT သင်တန်းများကို မည်သည့်တက္ကသိုလ်ဘွဲ့ရများမဆို လျှောက်ထားတက်ရောက်နိုင်မည်ဖြစ်ပြီး Ph.D.OD သင်တန်းကိုမူ မဟာဘွဲ့ ရရှိထားသူများသာ လျှောက်ထားတက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရပါသည်။ သင်တန်းပြီးဆုံးပါက Assumption Univerisity of Thailand(ABAC)အသိအမှတ်ပြုဘွဲ့လက်မှတ်များ ချီးမြှင့်ပေးသွားမည် ဖြစ်ပါသည်။ ရုံးချိန်ပြင်ပ သင်တန်းချိန်များသာဖြစ်ပြီး သက်ဆိုင်ရာ သင်တန်းများအတွက် သင်တန်းသားဦးရေကို ကန့်သတ်၍သာ လက်ခံသွားမည်ဖြစ်ကြောင်းလည်း သိရပါသည်။ သင်တန်းများကို လာမည့် မေလကုန်မှ စတင်၍ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းဆိုင်ရာ အချက်အလက်များအား မေးမြန်းလိုသူများအနေဖြင့် ဖုန်းနံပါတ် ၀၁-၅၀၇၀၄၃၊ ၀၁-၁၂၂၀၇၁၉နှင့် ၀၉-၇၃၂၀၃၂၀၇များသို့ ဆက်သွယ် စာရင်းပေး မေးမြန်းနိုင်ကြောင်း သိရပါသည်။

CARTOON BY

စမ်းချောင်း ကိုကိုအောင်



# INTI International University and Collegesမှ မြန်မာကျောင်းသားများ အတွက် ပညာသင် ထောက်ပံ့ကြေးများ ကမ်းလှမ်း

ထူးချွန်သော (၁၀)တန်း ကျောင်းသူ၊ ကျောင်းသားများ GCE Aနှင့် သက်ဆိုင်ရာ ဒီပလိုမာ လက်မှတ် ကိုင်ဆိုင်ထားသူများအတွက် INTIမှ ပညာသင်ထောက်ပံ့ကြေး မလေးရှားရင်းဂစ် ၅,၀၀၀မှ ၉,၀၀၀အထိ၊ သက်ဆိုင်ရာ ဘွဲ့တစ်ခုခု ရရှိပြီးသူများအနေဖြင့် မာစတာ ပရိုဂရမ်အတွက် မလေးရှားရင်းဂစ် ၁၀,၀၀၀မှ ၁၅,၀၀၀အထိ ပညာသင်ထောက်ပံ့ကြေးပေးအပ်သွားမည် ဖြစ်ကြောင်း CROWN Educationမှ တာဝန်ရှိသူ တစ်ဦးမှ ပြောကြားသည်။

အမေရိကန်၊ ကနေဒါ၊ အင်္ဂလန်၊ ဩစတြေးလျ၊ နယူးဇီလန် တက္ကသိုလ်များသည် INTI International University and Collegesနှင့် လက်တွဲလျက် Twinning Degree Programsများကို ပူးတွဲ ပို့ချပေးသည်။ Twinning Degree Programsဆိုသည်မှာ ပထမနှစ် (သို့) ဒုတိယနှစ်ကို INTIတွင် သင်ကြားပြီး ကျန်စာသင်နှစ်များကို ၎င်းနှင့် ချိတ်ဆက်ထားသော ပြည်ပတက္ကသိုလ် (၃၀၀)ကျော်သို့ ပြောင်းရွှေ့တက်ရောက်နိုင်သည်။ INTIမှ ပို့ချသော ပရိုဂရမ် အားလုံးကို မလေးရှားအစိုးရနှင့် Malaysia Qualifications Agencyမှ အသိအမှတ်ပြုထားသည်။

Engineerနှင့် Science ဘာသာရပ်များ သင်ကြားပို့ချရာတွင် အထူးနာမည်ကျော်ပြီး Workshop (၃၃)မျိုးနှင့် Engineering Lab (၆) ခု ရှိသည်။ Civil Engineering သင်ကြားမှု အထူးကောင်းမွန်ပြီး Civil Engineering အခြေပြုကုမ္ပဏီကြီးများတွင် အလုပ်သင်အဖြစ် လက်တွေ့ သင်ယူနိုင်သည်။ State-of-the-Artဟု ခေါ်သော ခေတ်မီပြည့်စုံသော Labများ၊ စာသင်ခန်းများ ရှိသည်။ INTI၏ ပူးတွဲပါတနာဖြစ်သော Laureate International University၏ ကွန်ယက်တွင်ရှိသောကြောင့် ဧည့်ပါမောက္ခများမှ လာရောက် ဟောပြော ပို့ချပေးသည်ဟု သိရသည်။ ပညာသင်ထောက်ပံ့ကြေး လျှောက်ထားနိုင်သော ဘာသာရပ်များမှာ Business, Computing and IT, Engineering, Pre-University Program, American University Program, Biotechnology and Life Sciences, Health Sciences, Law, Arts and Design, Hospitality, English Program, Mass Communication ဘာသာရပ်များအတွက် လျှောက်ထားနိုင်သည်ဟု သိရသည်။ မြန်မာနိုင်ငံမှ (၁၀)တန်း အောင်မြင်ပြီးသူများ၊ IELTSမလိုဘဲ Foundation (သို့) ဒီပလိုမာ လမ်းကြောင်းကို လျှောက်ထားနိုင်သည်။ သက်ဆိုင်ရာ ဒီဂရီပြီးထားသူများအနေဖြင့် မာစတာကို လျှောက်ထားနိုင်ပါသည်။ ကျောင်းတက်ရောက်နိုင်မည့် လများမှာ ဧပြီနှင့် ဩဂုတ်လတို့ ဖြစ်ပြီး ပညာသင်ထောက်ပံ့ကြေး လျှောက်ထားရန် အသေးစိတ် အချက်အလက်များကို CROWN Education၊ ဖုန်း - 09-732-732-77နှင့် 09-508-5185တို့တွင် ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်သည်။

# KMD Computer Center၏ Roll of Honours Aswardsဆု၊ ဒီပလိုမာနှင့် ဘွဲ့လက်မှတ်များ ပေးအပ်ခြင်း အခမ်းအနား ကျင်းပ

KMD Computer Center၏ Roll of Honours Aswardsဆု၊ ဒီပလိုမာနှင့် ဘွဲ့လက်မှတ်များ ပေးအပ်ခြင်း အခမ်းအနားကို ဧပြီလ၊ ၂ရက်နေ့၊ နံနက် ၉နာရီတွင် UMDCCI Conference Hallတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် Mr.David Maynard(Director of English,British Council Myanmar)၊ Ms.Elisabeth Alison Kabler (Dean of CMS School)နှင့် Mr.Ronald Aung Moe Shwe(CEO, KMD Group of Companies)မှ ပထမဦးစွာ နှုတ်ဆက်အမှာစကား ပြောခဲ့ကြပြီး၊ Ms.Elisabeth Alison Kablerမှ ဒုတိယနှစ် ဒီပလိုမာတန်း၏ ၂၀၁၂ခုနှစ်၊ September Examတွင် Roll of Honour Award (အမှတ် ၁၈၀နှင့် အထက်)ရရှိသူနှစ်ဦးနှင့် ပထမနှစ် ဒီပလိုမာသင်တန်းမှ Roll of Honour Award ဆုရရှိသူ ၁၃ဦးတို့အား ဂုဏ်ပြုလက်မှတ်နှင့် လက်ဆောင်များ ပေးအပ်ခဲ့သည့်အပြင် 2012 September & December Examတွင် B.sc (Honc) Business Information Technology ဘွဲ့ရရှိသူ ၅၈ဦးကိုလည်း ဘွဲ့လက်မှတ်များ ဆက်လက် ပေးအပ်ခဲ့သည်။

ယင်းနောက် Mr.David Maynard (Director of English, British Council Myanmar)မှလည်း ဒုတိယနှစ် ဒီပလိုမာ ရရှိသူ ၇၆ဦးအား လည်းကောင်း၊ ဒေါ်အိအိမွန် (Exams Service Manager, British Council, Myanmar)နှင့် Mr.Murhy (Lecture, NCC Education Myanmar) တို့မှလည်း ပထမနှစ် ဒီပလိုမာဘွဲ့ ရရှိသည့် ကျောင်းသား ၁၀၀ဦးအား လည်းကောင်း ဒီပလိုမာနှင့် ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး တက်ရောက်လာသူများကို ဧည့်ခံကာ အခမ်းအနား ရုပ်သိမ်းခဲ့သည်။ အဆိုပါ ပေးအပ်ခဲ့သော ဒီပလိုမာနှင့် ဘွဲ့လက်မှတ်များသည် University of Greenwichက ပေးအပ်သည့် ဘွဲ့လက်မှတ်များဖြစ်ကြောင်း သိရသည်။

KMD Computer Centerတွင် NCC Educationမှ ချီးမြှင့်သော Global High Achiever Award ရရှိသူ ၂၁ဦး၊ Asia Regional High Achiever Award ရရှိသူ ၂၇ဦး၊ Roll of HonourAward ရရှိသူ ၂၁၃ဦး ပေါ်ထွက်ခဲ့ပြီး သင်ကြားရေးပိုင်းဆိုင်ရာ အသိအမှတ်ပြု ချီးမြှင့်သည့် Academic Excellence Awardကို ၂၀၀၅နှင့် ၂၀၀၈တို့တွင် လက်ခံရရှိခဲ့ကြောင်း သိရသည်။







# Educationကို အဓိက ဘာသာရပ်တစ်ခုအနေဖြင့် University of Nottinghamတွင် သင်ယူနိုင်ပြီ


Image Credit: republikon.blog.hu

အင်္ဂလန်နိုင်ငံမှာ ချီးမြှင့်ဆု တံဆိပ်ပေါင်းများစွာ ရရှိထားသော University of Nottinghamသည် မလေးရှားနိုင်ငံနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်မှာ ဆယ်စုနှစ် ငါးစုကျော်ခန့်ရှိပြီး၊ Malaysia Campus၏ ပထမဆုံး ပညာသင်နှစ်နှင့် စတင်တည်ထောင်ခြင်းကို ၂၀၀၀ပြည့်နှစ် စက်တင်ဘာလတွင် အောင်မြင်စွာ တရားဝင် အကောင်အထည်ဖော် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယခုလက်ရှိ မလေးရှား ကျောင်းခွဲတွင် ကျောင်းသား ၄,၀၀၀ခန့် တက်ရောက်နေပြီး ၎င်းမှ ၄၀%သည် နိုင်ငံတကာမှ ကျောင်းသားများ ဖြစ်သည်။ University of Nottingham၏ မလေးရှား ကျောင်းခွဲသည် အကျိုးအမြတ်အတွက် အဓိက မဟုတ်ဘဲ စစ်မှန်သော အရည်အသွေးမြင့် ဗြိတိသျှ ပညာရေး စနစ်၏ နိုင်ငံတကာ စံချိန် စံညွှန်းမီ ပညာရေး အခွင့်အလမ်းများကို နိုင်ငံတကာမှ ကျောင်းသားများအတွက် ကုန်ကျစရိတ် သက်သာစွာဖြင့် ထောက်ပံ့ ပေးနိုင်ရန်နှင့် လူထုအကျိုးပြု သုတေသနဆိုင်ရာ လုပ်ငန်းများ၊ အမျိုးမျိုးသော နိုင်ငံတကာ ယဉ်ကျေးမှုများကိုပါ နားလည်သိရှိစေနိုင်ရန် ရည်ရွယ် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ အင်္ဂလန်နိုင်ငံ၏ အရှေ့တောင်အာရှရှိ တိုက်ရိုက် ကျောင်းခွဲတစ်ခုဖြစ်သော မလေးရှားနိုင်ငံရှိ University of Nottinghamတွင် မြန်မာနိုင်ငံမှ ကျောင်းသားများ အပါအဝင် နိုင်ငံတကာမှ ကျောင်းသားများအတွက် School of Educationတွင် အောက်ပါ ဘွဲ့ဒီဂရီများကိုလည်း တက်ရောက်နိုင်ကြောင်း Myanmar Search International (MSI)မှ သိရှိရသည်။

သင်ယူနိုင်သော ဘွဲ့ဒီဂရီများ

MA Teaching English to Speakers of Other Languages

MA Special Educational Needs

MA Educational Leadership & Management

University of Nottingham၏ Education ဘာသာရပ် သင်ယူရခြင်း၏ အကျိုးကျေးဇူး

University of Nottingham Malaysia Campus (UNMC)မှာ ရှိတဲ့ The School of Education Programက အနာဂတ် ပညာတတ်တွေအတွက် ပတ်ဝန်းကျင်အကြောင်း သင်ယူရာမှာ စိတ်လှုပ်ရှားစရာ အကောင်းဆုံးနဲ့ နိုင်ငံတော်အတွက် အကျိုးအရှိဆုံး ရေသောက်မြစ် ဘာသာရပ်တစ်ခုပါ။ ဆန်းသစ်တဲ့ ပူးပေါင်းမှု သင်ကြားခြင်းတွေနဲ့ ကျောင်းသားတွေရဲ့ သင်ယူမှု အတွေ့အကြုံကို အကျိုးရှိစေမည့် အရည်အသွေးမြင့် စူးစမ်းရှာဖွေမှုတွေနဲ့ အင်္ဂလန်နိုင်ငံ၏ လမ်းကြောင်းများအတိုင်း တသွေမတိမ်း လုပ်ဆောင်နေပါတယ်။ သင်ကြားပုံက ရှေးရိုး အစဉ်အလာနဲ့ ထွက်ပေါ်လာတဲ့ ပညာရေးဆိုင်ရာ သီအိုရီများ၊ သင်ကြားနည်းနှင့်ဆိုင်သော ဘာသာရပ်များကို ထိုးထွင်းသိမြင်အောင် ရောနှောထားတယ်လို့ သိရတယ်။ Nottinghamက ပေးသော ပညာရေးဆိုင်ရာ ဘွဲ့ဒီဂရီတွေက အပြည်ပြည်ဆိုင်ရာမှာ အသိအမှတ်ပြုပြီး အခုလက်ရှိ UNMCမှ ဘွဲ့ရရှိသူများသည် ပညာရေးဆိုင်ရာ လုပ်ငန်းအသီးသီးတွေမှာ ဦးစားပေး လိုအပ်ချက်အဖြစ် ထိပ်တန်းမှ သတ်မှတ်ထားခြင်း ခံထားရပါသည်။

ဝင်ခွင့် သတ်မှတ်ချက်များ

တက္ကသိုလ်၊ အဖွဲ့အစည်းနှင့် အဆင့်မြင့် ပညာရေးတို့မှ အသိအမှတ်ပြု ဘွဲ့ဒီဂရီတစ်ခုကို Second Upper Class (သို့) Quarlify အဆင့်ဖြင့် အောင်မြင်မှု ရရှိထားရမှာ ဖြစ်ပြီး အင်္ဂလိပ်စာ အရည်အချင်းအနေဖြင့် IELTS 6.5နှင့် TOETL Paper-Based 573 အနည်းဆုံး ရရှိထားရမှာ ဖြစ်ပါသည်။

ကျောင်းဖွင့်ချိန်များမှာ - March, June, August, September, Octoberနှင့် Decemberတို့ ဖြစ်သည်။ ကျောင်းလခအနေနှင့် MAတန်းများအတွက် တစ်နှစ်လျှင် RM 46,300ကုန်ကျမည် ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက Myanmar Search International (MSI)အမှတ် - (၂၃၄)၊ ဒုတိယထပ် (ညာ)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၈၉-၉၁၅၊ ၀၁-၂၅၀-၉၂၉၊ ၀၉-၅၁၀-၃၉၁၅တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။

# ထိုင်းနိုင်ငံ နာမည်ကြီး တက္ကသိုလ် Assumption Universityအတွက် ပညာသင်ဆုများ စတင်လျှောက်ထားနိုင်မည်

သန့်ခင်

ထိုင်းနိုင်ငံ တက္ကသိုလ်များအတွင်း နာမည်ကြီး တက္ကသိုလ်တစ်ခုဖြစ်သည့် Assumption University၏ Master Program ပညာသင်ဆုများ စတင်လျှောက်ထားနိုင်ပြီ ဖြစ်ကြောင်း ယင်း တက္ကသိုလ်၏ ကိုယ်စားလှယ်ဖြစ်သူ မချိုချိုဝင်းမှ မတ်လ ၃၀ရက် KMD မြေနီကုန်းစင်တာတွင် ပြုလုပ်သည့် ပညာရေး ဟောပြောပွဲတွင် ပြောပါသည်။ Assumption Universityတွင် Business Administration, Economics, Arts, Law, Science amd Technology, Engineering, Nursing Science, Communication Arts, Biotechnology, Architecture, Music စသည့် Undergraduate Degree Programme ၄၀ကျော်၊ Postgraduade Degreeပေါင်း ၄ခုကျော်နှင့် Doctoral Degree Programmeပေါင်း ၁၃ခု တက်ရောက် သင်ကြားနိုင်သည့်အပြင် UK, Australia နိုင်ငံများရှိ တက္ကသိုလ်များနှင့် ပူးတွဲဖွင့်လှစ်သော Academic Programmeများလည်း ရှိသည်ဟု သိရသည်။ Undergraduate Programmအား တက္ကသိုလ် ပထမနှစ် အောင်မြင်ထားသူများနှင့် GCE O Level 5 ဘာသာ အောင်မြင်ထားသူများ တက်ရောက်နိုင်ပြီး Bachelor Programme၏ Scholarship အစီအစဉ်အရ Credit Point 50 ပြည့်မီပြီး GPA 3.85 ရရှိသော ကျောင်းသားများအတွက် ကျောင်းစရိတ်ကို ပညာသင်ဆုအဖြစ် ပေးအပ် ချီးမြှင့်နေကြောင်း၊ ယခုနှစ်အတွက် BJCမှ ပေးအပ်သော Master Programmeအတွက် Full Scholarshipကို ဧပြီ ၃၀ရက်နေ့အထိ လျှောက်ထားနိုင်ပြီး ဇွန်လတွင် BJCမှ တာဝန်ရှိသူများ လာရောက်ကာ Examနှင့် Interview စစ်ဆေးမည်ဖြစ်ကြောင်း၊ ဇွန်လမကုန်ခင် Scholarship ရရှိသူများကို ကြေညာပေးပြီး စက်တင်ဘာလတွင် ကျောင်းစတင် တက်ရောက်ရမည်ဟု သိရသည်။ Master Programmeများအတွက် Scholarship ပေးအပ်ခြင်းကို ၂၀၀၇ခုနှစ်မှ စတင်ခဲ့ပြီး KMDမှ စေလွှတ်ခဲ့သော ကျောင်းသားများထဲမှ ၂၀၀၇ခုနှစ်တွင် ၄ယောက်၊ ၂၀၀၈ခုနှစ်တွင် ၂ယောက်သည် Full Scholarship ရရှိခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ကျောင်းသား ၂ယောက် 50% Partial Scholarship ရရှိခဲ့ကြောင်း၊ Assumption Universityသို့ KMDမှ နှစ်စဉ်ပညာ သွားရောက်ဆည်းပူးနေသော ကျောင်းသား ၄၀ကျော်ရှိနေပြီး နိုင်ငံတကာ ကျောင်းသား နှစ်ထောင်ကျော်တွင် မြန်မာကျောင်းသား ၃၀၀ကျော် တက်ရောက် သင်ကြားနေကြောင်း သိရသည်။ ပညာသင်ဆု လျှောက်လွှာများကို ပန်းဆိုးတန်းလမ်းနှင့် မြေနီကုန်းရှိ KMD ကွန်ပျူတာ စင်တာများတွင် ရယူနိုင်ပြီး ကျောင်းလျှောက်ထားလိုသူများ အနေဖြင့် အသေးစိတ် သိရှိလိုပါက KMD Overseas Studies Service ဖုန်း -၃၈၁-၀၃၅၊ ၃၈၁-၁၂၉၊ ၅၀၂-၂၃၃၊ ၅၃၄-၁၇၀တွင် စုံစမ်းမေးမြန်းနိုင်သည်။

# နိုင်ငံခြား တက္ကသိုလ်မှာ ပညာသင်ခွင့်ရရှိပြီး Scholarship ရချင်ရင်

လင်းထက်

သင့်အနေနဲ့ နိုင်ငံခြားက တက္ကသိုလ်တစ်ခုခုမှာ ပညာသင်ခွင့်ရရှိပြီး ကျောင်းစရိတ်အတွက် အခက်အခဲ ရှိခဲ့မယ်ဆိုရင်၊ ဒါမှမဟုတ် Scholarship တစ်ခုခု ရယူချင်တယ်ဆိုရင် www.scholarships.com မှာ လျှောက်ထားနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို လျှောက်ထားမယ်ဆိုရင် လိုအပ်ချက်တွေအနေနဲ့ ကျောင်းတက်နေဆဲလား၊ ကျောင်းသားအသစ်လား ဆိုတာရယ်၊ သင်ကြားနေတဲ့ ဒါမှမဟုတ် တက်ရောက်ခွင့်ရရှိတဲ့ ကျောင်းရယ်၊ ခုနှစ်ရယ်၊ မွေးသက္ကရာဇ်၊ နေထိုင်နေတဲ့ မိခင်တိုင်းပြည်၊ ZIP Codeနဲ့ Email Addressတွေ လိုအပ်ပါလိမ့်မယ်။ တကယ်လို့ သင့်မှာ အရင်က Scholarship ရယူထားပြီးသားရှိနေခဲ့ရင် ဘယ်နှစ်နှစ်ရယူထားတယ်၊ ဘယ်လောက်ရယူထားတယ် ဆိုတာတွေပါ ဖြည့်စွက်ပေးရပါလိမ့်မယ်။ ဒါပေမဲ့ အခုမှ Scholarshipအသစ်လျှောက်မဲ့ သူဆိုရင်တော့ ခန့်မှန်းတဲ့ Scholarshipငွေ ပမာဏရယ်၊ တက်ရောက်ခွင့် ရရှိတဲ့ ကျောင်းရဲ့ ကျောင်းဝင်ခွင့်ဆိုင်ရာ ထောက်ခံချက်၊ ကျောင်းသားရဲ့ ချေးငွေပမာဏ(ချေးယူမှု ရှိထားခဲ့လျှင်)၊ တက်ရောက်ခွင့် ရရှိသူနဲ့ မိဘဆွေမျိုးများရဲ့ ထောက်ခံချက်တွေကိုပါ ပူးတွဲ လျှောက်ထားရမှာ ဖြစ်ပါတယ်။ ကဲ ဒီလောက်ဆို နိုင်ငံခြား တက္ကသိုလ်တစ်ခုခုမှာ ပညာသင်ခွင့်ရရှိပြီး Scholarship လျှောက်ထားချင်သူတွေအတွက် အနည်းနဲ့ အများတော့ အထောက်အကူ ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။

Ref: www.scholarships.com



# ဒီဇိုင်နာတစ်ယောက်ဖြစ်ဖို့ မွေးဖွားလာတဲ့ Appleရဲ့ ဒီဇိုင်နာ Jonathan Ive

ပင်းသန့်




Image Credit: www.peopleint.wordpress.com

Jonathan Paul "Jonny" Iveကို UK၊ Londonမြို့က Chingfordမှာ မထင်မရှား မိသားစုတစ်ခုကနေ ၁၉၆၇ခုနှစ် ဖေဖော်ဝါရီလ ၂၆ရက်နေ့မှာ မွေးဖွားခဲ့ပါတယ်။ ဖခင်ဖြစ်သူဟာ ဒေသတွင်း ကောလိပ်တစ်ခုမှာ နည်းပြတစ်ယောက်ဖြစ်ပါတယ်။ Iveဟာ အင်္ဂလိပ်လူမျိုး Designerတစ်ယောက်ဖြစ်ပြီး၊ Apple Incရဲ့ Industrial Designအပိုင်းမှာ Seniror Vice Presidentတစ်ယောက်အဖြစ်ပါ တာဝန်ယူထားပါတယ်။ Appleရဲ့ ထုတ်ကုန်တွေဖြစ်တဲ့ MacBook Pro, iMac, MacBook Air, iPod, iPod Touch, iPhone, iPad နဲ့ iPAd Mini တွေဟာ Ive ဦးဆောင်ရေးဆွဲတဲ့ ဒီဇိုင်ပစ္စည်းတွေဖြစ်ပါတယ်။ Iveဟာ Chingford Foundation Schoolမှာ ကျောင်းစတင်တက်ရောက်သင်ကြားခဲ့ပြီး၊ နောက်ပိုင်းမှာ Walton High Schoolမှာ အထက်တန်းကျောင်း တက်ရောက်ခဲ့ပါတယ်။ အထက်တန်းအောင်မြင်ပြီးနောက်မှာတော့ Iveဟာ ယခု Northumbria Universityလို့ခေါ်တဲ့ Newcastle Polytechnicမှာ Industrial Designကို လေ့လာသင်ကြားခဲ့ပါတယ်။ Iveဟာ ငယ်စဉ်ကတည်းက ဒီဇိုင်းအပိုင်းမှာ စိတ်ဝင်စားခဲ့သူတစ်ယောက်ဖြစ်ပြီး၊ ပရိဘောဂတွေ၊ ကျောက်မျက်ရတနာဒီဇိုင်းတွေက အစ လေ့တွေ၊ ကားတွေအထိအောင် ဒီဇိုင်းစဉ်းစားကြည့်ခဲ့ဖူးတယ်လို့ ဆိုပါတယ်။ သူနောက်ဆုံးနှစ် ကျောင်းတက်နေတဲ့အချိန်က သူစတင်လေ့လာခဲ့တဲ့ Apple Macဟာ Iveရဲ့ဘာသကို အလှည့်အပြောင်းဖြစ်စေခဲ့တာပါ။ အဲဒီအချိန်က Iveကိုယ်တိုင် Appleပစ္စည်းတွေကို သုံးစွဲနေသူတစ်ယောက်ဖြစ်ပေမဲ့ တီထွင်ဖန်တီးထားမှုအပိုင်းတွေမှာတော့ အရမ်းအားနည်းနေတယ်လို့ ယူဆခဲ့သူဖြစ်ပါတယ်။ ကျောင်းတက်နေဆဲအချိန်မှာပဲ Iveဟာ Heather Peggနဲ့တွေ့ပြီး၊ မေတ္တာမျှခဲ့ကြပါတယ်။ သူတို့နှစ်ယောက်ဟာ ၁၉၈၇ခုနှစ်မှာ လက်ထပ်ခဲ့ကြပြီး အမွှာပူး သားနှစ်ယောက်ရရှိခဲ့ပြီး ဆန်ဖရန်စစ္စကိုမှာ အခြေချနေထိုင်နေပါတယ်။ ကျောင်းပြီးသွားတဲ့နောက်မှာတော့ Iveဟာ လန်ဒန်မှာပဲ Tangerineလို့ခေါ်တဲ့ ဒီဇိုင်းအေဂျင်စီတစ်ခုကို ပူးပေါင်းတည်ထောင်ခဲ့ပါတယ်။ ၁၉၉၂ခုနှစ်အရောက်မှာတော့ Appleရဲ့ Chief of Industrial Designလက်အောက်ခံ ဌာနခွဲတစ်ခုဖြစ်တဲ့ Rorbet Brunnerမှာ တွက်ချက်သူတစ်ယောက်ဖြစ်လာခဲ့ပြီး၊ နောက်ပိုင်းမှာတော့ Appleရဲ့ အမြဲတမ်းဝန်ထမ်းတစ်ယောက်ဖြစ်လာခဲ့ပါတယ်။ အဲဒီနောက်မှာတော့ Iveဟာ Newtonရဲ့ ဒုတိယမျိုးဆက်အဖြစ် MessagePad 110ကို ဒီဇိုင်းရေးနိုင်ခဲ့တာကြောင့် တရုတ်တိုင်ပေကို ပထမဆုံးအကြိမ် ခေါ်ယူခြင်းခံခဲ့ရပါတယ်။ ၁၉၉၇အရောက်မှာတော့ Iveတစ်ယောက် Apple Industrial Designရဲ့ Senior Vice President ဖြစ်လာခဲ့ပါပြီ။ Iveရဲ့ ပထမဆုံး မှတ်တမ်းဝင်ဒီဇိုင်းတစ်ခုကို ပြပါဆိုရင်တော့ iMacကို ပြရပါလိမ့်မယ်။ Iveရဲ့ လေးစားအတုယူရတဲ့ ဒီဇိုင်းနာကတော့ Braunရဲ့ Chief Designerအဖြစ် ၁၉၆၁ခုနှစ်ကနေ ၁၉၉၅ထိအောင် တာဝန်ထမ်းဆောင်ခဲ့သူ Dieter Ramsဖြစ်ပြီး ဖြစ်ပါတယ်။ Iveရဲ့ ဒီဇိုင်းအဖွဲ့မှာ သူတို့ကိုယ်ပိုင် Laboratoryတစ်ခုရှိပြီး၊ Iveနဲ့ သူရဲ့အရင်းနှီးဆုံး သူငယ်ချင်းဖြစ်တဲ့ DJ John Digweedတို့နှစ်ယောက် အသံပိုင်းဆိုင်ရာ ကိစ္စရပ်တွေလုပ်ကိုင်ခဲ့ကြပါတယ်။ Appleရဲ့ CEOဟောင်းဖြစ်သူ Steve Jobsရဲ့ ကိုယ်တိုင်ရေး Biographyမှာတော့ "Appleမှာ ကျွန်ုပ်မှလွဲလျှင် လုပ်ငန်းစွမ်းဆောင်ရည်အမြင့်ဆုံးသူမှာ Iveဖြစ်ပါတယ်" လို့ ဖော်ပြချီးကျူးထားတာတွေ့ရပါတယ်။ ၂၀၁၂ခုနှစ်၊ အောက်တိုဘာအရောက်မှာတော့Appleက Iveဟာ သူရဲ့မူလတာဝန်ဖြစ်တဲ့ Industrial Designerအပြင် Human Interfaceရဲ့ ခေါင်းဆောင်အဖြစ်ပါ တာဝန်ယူမည်ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ အင်္ဂလန်အခြေစိုက် The Sunday Timesကတော့ Iveဟာ အင်္ဂလန်ရဲ့ လွှမ်းမိုးမှုအရှိဆုံး ပညာရှင်တစ်ယောက်ဖြစ်တယ်လို့ ၂၀၀၅ခုနှစ်၊ နိုဝင်ဘာ ၂၅ရက်နေ့ထုတ်သတင်းစာမှာ အကျယ်တဝင့်ဖော်ပြခဲ့ပါတယ်။ ၂၀၀၆ခုနှစ် Macworld မဂ္ဂဇင်းကလည်း Iveဟာ Appleရဲ့ ခြောက်ယောက်မြောက်အရေးအပါဆုံး လူအဖြစ်မှတ်တမ်းတင်ဖော်ပြခဲ့ပါတယ်။ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ထုတ် The Daily Telegraphသတင်းစာကလည်း Iveဟာ အမေရိကန်ပြည်သူများအပေါ်မှာ ဩဇာအရှိဆုံး အင်္ဂလိပ်လူမျိုးအဖြစ်ဖော်ပြခံခဲ့ရပါတယ်။ ဂုဏ်ပြုဆုများအနေနဲ့ကတော့ ၁၉၉၁ခုနှစ်မှာ MIT Technology Review TR 100ဆု၊ ၂၀၀၃ခုနှစ်မှာ Design Museum's ဆု၊ ၂၀၀၄ခုနှစ်မှာ Most influence person of the British culture ဆု၊ ၂၀၀၇ခုနှစ်မှာ Product Designer of the year ဆုနဲ့ National Design Award ဆု၊ ၂၀၀၉ခုနှစ်မှာ Rhode Island School of Design ဆုနဲ့ အခြားသောနိုင်ငံတကာ ဆုတွေရရှိခဲ့ပါတယ်။ အင်္ဂလန်ပြည်တွင်းအနေနဲ့တော့ Iveဟာ ၂၀၀၆ခုနှစ်မှာ Order of British Empire(OBE)၊ ၂၀၁၂ခုနှစ်မှာ Knight Commander of British Empire(KBE)စတဲ့ ဆုတွေရရှိခဲ့ပါတယ်။

Ref: www.wikipedia.org

# ပထမဆုံး Networking Academyနှစ်ခု ရန်ကုန်နှင့် မန္တလေး ကွန်ပျူတာ တက္ကသိုလ်များတွင် စတင်ဖွင့်လှစ်မည်

သန့်ရင်

ပထမဦးဆုံး Networking Academy နှစ်ခုကို USAIDဏ် ပူးပေါင်းကူညီမှုနှင့်အတူ Ciscoမှ ရန်ကုန် ကွန်ပျူတာ တက္ကသိုလ်နှင့် မန္တလေး ကွန်ပျူတာ တက္ကသိုလ်တို့တွင် လာရောက် ဖွင့်လှစ်မည့် အစီအစဉ်နှင့် ပတ်သက်ပြီး သတင်းစာ ရှင်းလင်းပွဲကို ဧပြီလ ၃ရက်နေ့တွင် ရန်ကုန် ကွန်ပျူတာတက္ကသိုလ် (လှော်ကား)တွင် ကျင်းပ ပြုလုပ်ခဲ့သည်။ သင်တန်း ဖွင့်လှစ်နိုင်ရန် ကနဦးအနေဖြင့် ဆရာ၊ ဆရာမများကို သင်တန်းများ ပို့ချလျက်ရှိပြီး သင်ရိုးများကို ညှိနှိုင်း ရေးဆွဲလျက်ရှိကာ ကွန်ပျူတာ တက္ကသိုလ်၏ သင်ခန်းစာများတွင် Cisco Networking ပညာရပ် လက်တွေ့ သင်ခန်းစာများကို ထည့်သွင်း သင်ကြားနိုင်ရန် စီစဉ်နေကြောင်း၊ Cisco Certificationများ ဖြေဆိုရာတွင်လည်း များစွာ အထောက်အကူ ပြုမည်ဖြစ်ကြောင်း သိရသည်။ Networking Academyများမှ ကျောင်းသားများအတွက် အချက်အလက် နည်းပညာ(IT)နှင့် အခြေခံ အုတ်မြစ် တစ်ခုလုံးအတွက် ဒီဇိုင်းရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းစသည့် ကွန်ရက် အတတ်ပညာ ကျွမ်းကျင်မှုများကို သိရှိ တတ်မြောက်စေမည့်အပြင် မြန်မာနိုင်ငံ၏ သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကဏ္ဍ (ICT) ဘွဲ့ရ ပညာတတ် အရေအတွက် တိုးပွား လာစေမည်ဖြစ်ကြောင်း၊ Ciscoမှ လက်တွေ့ စမ်းသပ်ခန်းများအတွက် ကွန်ရက်နှင့် သက်ဆိုင်သော ပစ္စည်းများ လှူဒါန်းခဲ့သည့်အပြင် ၂၁ ရာစု အလုပ်အကိုင် ကျွမ်းကျင်တတ်မြောက်မှု သင်တန်းကိုလည်း ဖွင့်လှစ်မည့် တက္ကသိုလ် (၂)ခုမှ မဟာဘွဲ့ရ ဆရာ၊ ဆရာမ (၁၅)ဦးကို သင်ကြားပေးခဲ့ကြောင်း သိရသည်။ Cisco Networking Academy အစီအစဉ်သည် Cisco ကုမ္ပဏီ၏ ကမ္ဘာ့တစ်ဝှမ်းတွင် ပြုလုပ်လျက်ရှိသော လူ့အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏ အဓိက လုပ်ငန်းတစ်ခုဖြစ်ပြီး Networking Academyကို တက္ကသိုလ်များ ပရဟိတ အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့များနှင့် အခြားပြည်တွင်းနှင့် ပြည်ပ အဖွဲ့အစည်းများ စသည်တို့ ပူးပေါင်းကာ ကမ္ဘာ့အကြီးဆုံး စာသင်ခန်းတစ်ခုအဖြစ် ဖန်တီးပုံဖော်မည် ဖြစ်သည့်အပြင် ကမ္ဘာ့တစ်ဝှမ်းလုံးရှိ သင်တန်းသား သိန်းပေါင်းများစွာကို ကွန်ရက် တည်ဆောက်ပုံ၊ ဒီဇိုင်းရေးဆွဲပုံ၊ ထိန်းသိမ်းပုံတို့နှင့် ပတ်သက်သော အသိပညာများ သင်ကြားပို့ချပေးရန် ရည်ရွယ် ထားကြောင်း၊ Ciscoသည် တစ်ဦးချင်းစီ၏ ICT အရည်အသွေးကို ကူညီ ဖော်ထုတ်ပေးရန်အတွက် နိုင်ငံပေါင်း ၁၆၅ နိုင်ငံတွင် Networking Academy (10000)ကျော်ကို တည်ထောင်ပေးထားပြီး လုပ်ငန်းများမှ အသိအမှတ်ပြုသည့် အောင်လက်မှတ်များ ထုတ်ပေးရန်လည်း ပြင်ဆင်ထားကြောင်း၊ Networking Academyတွင် ပညာလေ့လာကြသည့် သင်တန်းသားများ အနေဖြင့် ပြဿနာ ဖြေရှင်းခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်း၊ ဆင်ခြင်တွေးခေါ်ခြင်း စသည့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင် တတ်မြောက်မှုများကို ရရှိကြမည့်အပြင် ICT ကဏ္ဍနှင့် ပတ်သက်၍လည်း အခြေခံမှစကာ ကျွမ်းကျင် တတ်မြောက် လာကြမည် ဖြစ်သည်။










အိုင်စီတီ ဂျာနယ်
Volume 2, Issue 14
MYANMAR ICT JOURNAL


# တည်နေရာ ပြောင်းလဲမှုအပေါ် မူတည်ပြီး Android Phone Settingကို ပြောင်းနေ စေချင်တယ်ဆိုရင်

မင်းခန့်







Llamaဟာ အရိုးရှင်းဆုံး Android Softwareတစ်ခုဖြစ်ပြီး တည်နေရာပြောင်းလဲမှုအပေါ် မူတည်ပြီးတော့ Phone Settingကို ပြောင်းလဲပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် Llamaဟာ Cell towerသုံး စနစ်ဖြစ်ပြီး GPSစနစ်ကို သုံးစွဲမှုမရှိလို့ Batteryကို ချွေတာနိုင်ပါလိမ့်မယ်။ သုံးစွဲသူတွေကတော့ Llamaဟာ Taskerနဲ့ ဆင်တူတယ်လို့ ပြောနေကြပေမဲ့ မတူညီမှုတွေကတော့ Llamaက Free Appဖြစ်ပြီး အရမ်းရိုးရှင်းတာပါပဲ။

## Training Llamaကို သုံးပြီး တည်နေရာ မှတ်သားမယ်

Llamaကို Google Playကနေ Free Downloadလုပ်နိုင်မှာဖြစ်ပြီး Start Training Llama ကတစ်ဆင့် တည်နေရာကို Recognize လုပ်ရပါလိမ့်မယ် (ပုံ-၁)။ Llamaက အဓိက တည်နေရာနှစ်မျိုးကို ခွဲထားပေးမှာဖြစ်ပြီး Homeနဲ့ Workတို့ဖြစ်ပါတယ်။ နောက်ထပ် တည်နေရာ အသစ်တွေ Createလုပ်ချင်ရင်တော့ ကိုယ်တိုင်ပဲ ထပ်ဆောက်ရမှာပါ။ (ဥပမာ-ကျောင်း၊ သူငယ်ချင်းအိမ်)။ တည်နေရာ တစ်ခုကို Recognize လုပ်တော့မယ်ဆိုရင် အဓိက လိုအပ်ချက်တစ်ခုက ကိုယ် Recognizeလုပ်မဲ့ နေရာမှာတော့ ရှိနေရမှာပါ။ ဆိုလိုရင်းက အိမ်ရဲ့ တည်နေရာကို Recognizeလုပ်မယ်ဆိုရင် သင်ဟာ အိမ်မှာရှိဖို့တော့ လိုပါတယ်။ Recognize စလုပ်ဖို့အတွက် Area Tabကို ဝင်ပြီး ကိုယ် Recognizeလုပ်မဲ့ Itemကို Long Pressလုပ်ရမှာ ဖြစ်ပါတယ်။ ဒီလိုနဲ့ သင်အမြဲ ရောက်ဖြစ်နေတဲ့ နေရာတွေရောက်တိုင်း Item နာမည်တစ်ခုစီနဲ့ Recognizeလုပ်ထားနိုင်ပါတယ်။ တစ်ခု သတိပြုရမှာကတော့ Llamaဟာ Cell Towerတွေကတစ်ဆင့် အလုပ်လုပ်တာဖြစ်လို့ Cell Towerနည်းတဲ့ နယ်တွေလို နေရာတွေမှာ သုံးဖို့မလွယ်ကူပါဘူး။

## Profilesကို အသုံးချခြင်း

Llamaမှာ Userတွေ အသုံးချဖို့အတွက် Profilesတွေများစွာ ပါရှိပါတယ်။ အဲဒီ Profilesတွေကို အသုံးပြုပြီးတော့ပဲ ကျွန်တော်တို့ Recognizeလုပ်ထားတဲ့ တည်နေရာတွေနဲ့ Settingတွေကို ပြောင်းလဲ အသုံးပြုရမှာ ဖြစ်ပါတယ်။ ပုံသေ အနေနဲ့ကတော့ Llamaက "Normal when you leave your home or work"အဖြစ် Set ဖြစ်နေမှာပါ (ပုံ-၂)။ ဒါ့အပြင် Llamaက ညအချိန်တွေနဲ့ အလုပ်ချိန်တွေမှာ အလိုအလျောက် Quietဖြစ်နေမှာပါ။ Profileကို ဝင်ပြီး Phone volume၊ Ringtoneနဲ့ Vibrate တွေကို Set လုပ်နိုင်ပါတယ် (ပုံ-၃)။

## Eventများ ဖန်တီးခြင်း

Llamaကို အသုံးပြုပြီးတော့ Eventတွေကို စိတ်ကြိုက်ဖန်တီးနိုင်ပါတယ်။ ဥပမာဆိုရင် သင်အိမ်ကနေထွက်တာနဲ့ Wifiကို အလိုအလျောက် ပိတ်အောင်ဖန်တီးခြင်း၊ သင်အလုပ်ထဲ ရောက်ရှိနေချိန်တွေမှာ Vibrate ဖြစ်အောင်ဖန်တီးခြင်း၊ Chargingသွင်းပြီး အားပြည့်တာနဲ့ အချက်ပေးအောင် ဖန်တီးခြင်း၊ သင် စတိုးဆိုင်ထဲရောက်ရှိချိန်တွေမှာ ဈေးဝယ်စာရင်းတွေ ထွက်လာအောင် ဖန်တီးခြင်းတွေ လုပ်ဆောင်နိုင်မှာပါ။ ကဲ အစမ်းအနေနဲ့ သင် အိမ်ကထွက်လာတာနဲ့ Wifiကို အလိုအလျောက် ပိတ်အောင်လုပ်ပြီး အိမ်ပြန်ရောက်တာနဲ့ Wifiကို ပြန်ချိတ်ဆက်ပါဆိုတဲ့ Eventတစ်ခုကို ဖန်တီးကြည့်ရအောင်ဗျာ။

ပထမအဆင့်အနေနဲ့ Event Tabထဲဝင်ပြီး အောက်ဖက်နားမှာရှိတဲ့ + ခလုတ်ကိုနှိပ်လိုက်ပါ (ပုံ-၄)။ ပြီးတော့ Eventကို အမည်ပေးလိုက်ပါ။ ပြီးတော့မှ Add Conditionခလုတ်ကို သုံးပြီး Leave areaမှာ Homeကို ရွေးပါ။ ပြီးတော့ Add Actionခလုတ်ကို သုံးပြီး Wifi offကိုရွေးပါ(ပုံ-၅)။ ဒါဆိုရင် သင်အခုအိမ်ကထွက်တာနဲ့ Wifiက အလိုအလျောက် ပိတ်သွားတော့မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ သတိပြုရာတစ်ခုက သင့်အနေနဲ့ Eventတစ်ခုကို ဖန်တီးပြီဆိုရင် အတွဲလိုက် ဖန်တီးဖို့တော့ လိုပါတယ်။ ဆိုလိုရင်းက အထက်ကလိုမျိုး ကျွန်တော်တို့ Eventတစ်ခု ဖန်တီးပြီးပြီဆိုရင် သူနဲ့ တွဲဖက်အဖြစ် သင်အိမ်ပြန်ရောက်တာနဲ့ Wifi ပြန်ရဖို့ Eventတစ်ခုကိုပါ တစ်ဆက်တည်း ဖန်တီးရမှာပါ။ အဲဒီလို တည်ဆောက်ဖို့ကိုတော့ Event အသစ်တစ်ခု တည်ဆောက်ပြီးတော့ Enter/Inမှာ Homeကိုရွေးပြီး Wifi Onကို ရွေးချယ် ဖန်တီးရပါလိမ့်မယ်။ ဒါမှသာ ပထမ Eventအရ သင်အိမ်ကထွက်တာနဲ့ Wifiပိတ်သွားမှာဖြစ်ပြီး သင်အိမ်ပြန်ရောက်တာနဲ့ Wi-Fi ပြန်ပွင့်လာမှာပါ။ ဒီသဘောအတိုင်း သင့်ရဲ့စိတ်ကူးနဲ့ သင်ဖြစ်ချင်တဲ့ Eventတွေကို Llamaကို သုံးပြီး Settingတွေ ပြောင်းလဲ အသုံးပြုနိုင်ပါစေဗျာ။

Ref : www.howtogeek.com

# Appleက တရုတ်မှ သုံးစွဲသူများအား တောင်းပန်



Image Credit: www.iphone5freegivenaway.com

Appleမှ သူ၏ ပစ္စည်းအသစ် iPhone 5အား တရုတ်ဈေးကွက်တွင် စတင်ရောင်းချပြီး သီတင်းပတ် နှစ်ပတ်အကြာမှာပင် Warrantyပိုင်းနှင့် ပတ်သက်သော ချို့ယွင်းချက်များ ရှိခဲ့သောကြောင့် Apple Inc၏ Chief Executiveဖြစ်သူ Tim Cookမှ တရုတ်မှ iPhone သုံးစွဲသူများအား အဆိုပါ ချို့ယွင်းချက်နှင့် ပတ်သက်၍ တောင်းပန်ခဲ့ကြောင်း သိရပါသည်။ အကြောင်းအရင်းမှာ ဈေးကွက်တင် iPhoneတချို့တွင် ပျက်စီးမှုများရှိခဲ့ပြီး Appleမှ အာမခံချက်များအရ ပြန်လည်ပြင်ဆင် လဲလှယ်ပေးရန် ရှိသည်ကို ပျက်ကွက်ခဲ့ခြင်းကြောင့် တရုတ်မှ ဝယ်ယူသူများ၏ ကန့်ကွက်မှုများအား ခံခဲ့ရပြီး နောက်ပိုင်း ဈေးကွက် ဆုံးရှုံးမှုများ ဖြစ်လာမည်ကို Appleမှ စိုးရိမ်လျက်ရှိနေသည်။ "ကျွန်တော်တို့က မလဲပေးဘူးလို့ ပြောခဲ့တာ မဟုတ်ပါဘူး၊ ချက်ချင်း မလဲပေးနိုင်သေးကြောင်းကိုပဲ ပြောခဲ့တာပါ၊ ဒါပေမယ့် ကျွန်တော်တို့ ဝန်ထမ်းတွေနဲ့ ဝယ်လက်တွေကြားမှာ နားလည်မှု လွဲသွားခဲ့တာပါ၊ ကျွန်တော်တို့မှာ ကျွမ်းကျင်တဲ့ Service ဝန်ထမ်းတွေ လိုအပ်နေပြီဆိုတာ ထောက်ပြလိုက်သလိုပါပဲ"ဟု Cookမှ ပြောပါသည်။ တရုတ်ဈေးကွက်သည် Apple၏ တစ်ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်၏ လေးပုံ တစ်ပုံခန့် ရှိပြီး ပြီးခဲ့သော နှစ်အတွင်းမှစ၍ ဈေးကွက်ရာခိုင်နှုန်း ၆၀ခန့် မြင့်တက်လာခဲ့ပြီး တရုတ်ဈေးကွက် အပါအဝင် ထိုင်ဝမ်နှင့် ဟောင်ကောင် ဈေးကွက်များတွင် ပြီးခဲ့သော နှစ်အတွင်းက ဒေါ်လာဘီလီယံပေါင်း ၇.၃ သန်းကျော် ရောင်းချခဲ့ရကြောင်းလည်း သိရပါသည်။

Ref: www.reuters.com

# အလေးချိန် လျှော့ချပြီး အင်ဂျင်အား ကောင်းမွန်သည့် 2014 Chevrolet Camaro Z/28ကို မိတ်ဆက်


Image Credit: www.businessinsider.com

အမေရိကန် အခြေစိုက် Chevrolet၏ မော်ဒယ်သစ် မိတ်ဆက်ပွဲတွင် လမ်းကြမ်း မောင်းနှင်နိုင်သော 2014 Camaro Z/28သည် အကောင်းဆုံး ကားအဖြစ် ရေပန်းစားလျက် ရှိကြောင်း သိရပါသည်။ V 8 အမျိုးအစား အင်ဂျင်ကို တပ်ဆင်ထားပြီး စွမ်းအင် 7.0 Liter သုံးစွဲလျက် အင်ဂျင်စွမ်းအား အနေဖြင့် မြင်းကောင်ရေ ၅၀၀အားကို ထုတ်လုပ်ပေးနိုင်ကြောင်း သိရပါသည်။ ဒါ့အပြင် ရှေ့ဘက်နှင့် နောက်ဘက် အကာများကို ကောင်းမွန်စွာ တပ်ဆင်ထားခြင်း၊ ရှေ့မီးများအား အရွယ်အစား သေးငယ်အောင် ဖန်တီးထားခြင်းနှင့် ကားအတွင်း လေသန့်စင်မှုအပိုင်းကို အကောင်းဆုံး ပြင်ဆင်ထားကြောင်းလည်း သိရပါသည်။ ကားမှန်များကိုလည်း ယခင် မော်ဒယ်လ်များထက် အလွန်ပါးလွှာအောင် ဖန်တီးထားပြီး ကားတစ်စီးလုံး၏ အလေးချိန်ကို လျော့နည်းအောင် ဖန်တီးထားကြောင်း သိရပါသည်။ အကောင်းဆုံး ဖန်တီးမှုအနေဖြင့် Touch Screen စနစ်သုံး MyLink Information Sysနှင့် ချိတ်ဆက်ထားသော Speaker တစ်လုံး ပါရှိမည်ဖြစ်ပြီး ကားမောင်းနေစဉ်အတွင်း ဖြစ်ပွားနေသော မှုခင်းများ၊ သတိပေးချက်များအား အဆက်မပြတ် ဖော်ပြသွားမည် ဖြစ်ကြောင်း သိရသည်။ အလေးချိန်အပိုင်းအား အကောင်းဆုံး ပြုပြင်ဖန်တီးထားခြင်းကြောင့် ကုမ္ပဏီ၏ နောက်ဆုံးထုတ် မော်ဒယ်လ်ဖြစ်သော Camaro ZL1ထက် အလေးချိန် ပေါင် ၃၀၀ခန့် လျော့နည်းကြောင်းလည်း သိရပါသည်။ ရှေ့ဘက် Damperများအား Racing Style အဖြစ် ပြုလုပ်ထားပြီး ဘေးခုံများ၏ အလေးချိန်ကိုလည်း တတ်နိုင်သလောက် လျှော့ချထားပါသည်။ Camaro Z/28သည် ၂၀၁၄ခုနှစ်အတွင်း ဈေးကွက် တင်သွားမည် ဖြစ်ကြောင်းနှင့် ၂၀၁၅ခုနှစ်တွင် ဈေးကွက် အအောင်မြင်ဆုံး ကားအဖြစ် ရပ်တည်နိုင်ရန် မျှော်မှန်းထားကြောင်းလည်း သိရပါသည်။

Ref: www.foxnews.com

# Nokia၏ အာရှအနောက်ပိုင်းနှင့် အာဖရိက ဈေးကွက်ပိုင်း ခေါင်းဆောင် Mr.D.Shivakumar နှုတ်ထွက်



Image Credit: www.faltublog.com

Nokia၏ အိန္ဒိယရှိ အာရှအနောက်ပိုင်းနှင့် အာဖရိက ဈေးကွက်ပိုင်းရုံးခွဲ ခေါင်းဆောင်ဖြစ်သူ Mr.D.Shivakumarသည် လာမည့်ဇွန်လကုန်ပိုင်းတွင် အလုပ်မှ နှုတ်ထွက်တော့မည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ သူသည် လွန်ခဲ့သော ရှစ်နှစ်ကတည်းက Nokiaတွင် တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး ရာထူးမှ မနှုတ်ထွက်ခင် နိုင်ငံပေါင်း ၉၀ ကျော်သို့ အလည်အပတ်သွားရောက်မည်ဖြစ်ကြောင်းလည်း သိရပါသည်။ The Economic Timeသတင်းစာနှင့် အင်တာဗျူးတစ်ခုတွင် Mr.D.Shivakumarက "ကျွန်တော် Nokiaမှာ တာဝန်စတင်ထမ်းဆောင်ချိန်က Nokiaဟာ Mobile အလုံးရေ သန်း ၈၀လောက်ပဲ ထုတ်လုပ် ဖြန့်ချိနိုင်တာပါ၊ ဒါပေမယ့် အခုချိန်မှာတော့ အလုံးရေ သန်း ၉၀၀ကျော်နေပါပြီ။ ရေရှည်မှာလည်း Nokiaဟာ ကမ္ဘာ့အကောင်းဆုံးအဖြစ် ရပ်တည်နိုင်မှာပါ"ဟု ပြောပါသည်။ Mr.D.Shivakumar နှုတ်ထွက်သွားသော အဓိက အကြောင်းအရင်းမှာ လွန်ခဲ့သော သီတင်းပတ်အတွင်း Nokiaဟာ ငါးနှစ်စာ ပေးဆောင်ရန် ပျက်ကွက်နေသည့် အခွန်ငွေပေါင်း ရူပီး ဘီဘီယံပေါင်း ၂၀.၈သန်း (အမေရိကန် ဒေါ်လာ ၃၈၃သန်း)ကို ပေးဆောင်ဖို့ အိန္ဒိယ အစိုးရ၏ သတိပေးခြင်းကြောင့် ဖြစ်နိုင်ကြောင်း သိရပါသည်။ ယခုအခါ Nokiaဟာ Window 8စနစ်သုံး Smart Phoneများဖြင့် ဈေးကွက်ကို စိုးမိုးနိုင်ရန် မျှော်လင့်နေပြီး Chennai ပြည်နယ်တွင် စတုရန်းမီတာပေါင်း ၃၅,၃၂၃ ကျယ်ဝန်းသော စက်ရုံတစ်ခုအား ဒေါ်လာသန်း ၃၃၀ အကုန်အကျခံကာ တည်ဆောက်လျက်ရှိနေပါသည်။

Ref: www.zdnet.com

# Apple, Samsungနှင့် Googleတို့ Smart Watchအတွက် အပြိုင်ကြိုးစားနေ

လင်းဆက်



Image Credit: www.vygame.net

"ကျွန်တော်တို့ဟာ Smart Watchesမှာပါတဲ့ အစိတ်အပိုင်းတွေကို သေးငယ် ကောင်းမွန်အောင်နဲ့ ကုန်ကျစရိတ်ကိုလည်း အနည်းဆုံးဖြစ်အောင် လုပ်နိုင်ခဲ့ပြီးပါပြီ"ဟု Appleမှ Smart Watch လေ့လာသူ တစ်ဦးဖြစ်သူ Avi Greengartက ပြောပါသည်။ Microsoftအနေဖြင့် Smart Watchများ အကြောင်းကို ၂၀၀၃ ခုနှစ်အတွင်းမှ စတင်၍ လေ့လာမှုများ ရှိခဲ့ကြောင်းလည်း သိရသည်။ နောက်ဆုံး တီထွင်ဆန်းသစ်မှုတွေအရ Smart Watch တွေဟာ Smart Phoneတွေနဲ့ ကြိုးမဲ့ ဆက်သွယ်နိုင်နေပြီဖြစ်ပြီး Messageများနှင့် ပတ်သက်သော Signalများကို ဆောင်ရွက်ပေးနိုင်သည့်အပြင် အချို့သော Web Accessများကိုလည်း လုပ်ဆောင်နိုင်ကြောင်း သိရပါသည်။ ဒါ့အပြင် Smart Watchတွေဟာ လာမည့်နှစ်အတွင်းမှ စတင်၍ ရေပန်းအစားဆုံး နည်းပညာ ပစ္စည်းဖြစ်လာမည်ဟု မျှော်မှန်းထားကြောင်းနှင့် ၂၀၁၈ခုနှစ်တွင် အလုံးရေ ၄၈၅ သန်းထိအောင် ရောင်းချနိုင်လိမ့်မည်ဟု ခန့်မှန်းထားကြောင်းလည်း Avi Greengartက ဆက်ပြောပါသည်။ သို့သော်လည်း Smart Watch ထုတ်လုပ်မည့် ကုမ္ပဏီများအနေဖြင့် Googleနှင့် ကုန်ပစ္စည်းချင်း ယှဉ်ပြိုင်ရန် လိုအပ်နေကြောင်းလည်း သိရပါသည်။ အကြောင်းမှာ Google Glassများနှင့် အခြားသော Smart Eyeglassများမှာလည်း အကောင်းဆုံး စွမ်းဆောင်ရည်များဖြင့် ဈေးကွက်ဝင်နေခြင်းကြောင့် ဖြစ်ပါသည်။ Smart Watchများ၏ အဓိကရည်ရွယ်ချက်မှာ Smart Phoneများနှင့် ချိတ်ဆက် သုံးစွဲသွားနိုင်ရန်ဖြစ်ပြီး နောက်ဆုံး ကြေညာချက်များအရ Smart Watchနှင့် Data Charger နှစ်မျိုးအား ဒေါ်လာ ၃၀၀နှင့်အထက်ဖြင့် ရောင်းချသွားမည် ဖြစ်ကြောင်းလည်း သိရပါသည်။ သို့သော်လည်း Smart Phoneများဖြင့် ချိတ်ဆက်ရန်အတွက် လိုအပ်သော Smart Phone Linked Deviceကိုတော့ သီးသန့် ဝယ်ယူရမည်ဖြစ်ပြီး တန်ကြေးမှာ ဒေါ်လာ ၁၀၀ခန့်ရှိမည် ဖြစ်ကြောင်း သိရပါသည်။

Ref: www.news.com.au

Advertisement









How-to

# မှိန်နေတဲ့ Tablet Screenတွေကို အမြဲတမ်း လင်းနေစေချင်ရင်

လင်းဆက်



Image Credit: www.howtogeek.com

Tablet အသုံးပြုသူတော်တော်များများ အနေနဲ့ Tablet Screenဟာ အမြဲတမ်း အလင်းအားကောင်းမနေပဲ အချိန်နည်းနည်းကြာတာနဲ့ Dimming (မှိန်)ဖြစ်သွားတာမျိုး ကြုံဖူးမှာပါ။ အခု ပြောပြမယ့် နည်းလမ်းလေးကတော့ အဲဒီလို Tabletတွေ မှိန်နေတာကို ဖျောက်တဲ့အကြောင်းလေးကို ပြောပြသွားမှာ ဖြစ်ပါတယ်။

သင့် Tabletရဲ့ ညာဘက်ခြမ်းအပိုင်းမှာ Charms Barပေါ်လာအောင် အားနဲ့ နည်းနည်းဖိနှိပ်လိုက်ပါ။ Charms Bar ပေါ်လာခဲ့ရင်တော့ Search ခလုတ်ကို ရွေးချယ်လိုက်ပါ။ Search settingထဲ ဝင်ပြီးရင်တော့ သင့်အနေနဲ့ "Power"ဆိုတဲ့ စာလုံးလေးကို ရိုက်ထည့်ပြီး Searchလုပ်လိုက်ပါ။ Resultတွေ ထွက်လာရင်တော့ Power Optionကို ထပ်မံ ရွေးချယ်လိုက်ပါ။ Power Optionထဲ ရောက်ရင် Change Plan Settingကိုရွေးပြီး Change Advanced Settingကို ထပ်မံ ရွေးချယ်ရပါလိမ့်မယ်။ အဲဒီလို ဝင်ရောက်ပြီးပြီဆိုရင်တော့ နောက်ဆုံး Power Optionခေါင်းစဉ်နဲ့ Dialog boxထဲ ရောက်ရှိသွားပါလိမ့်မယ်။ Power Optionထဲ ရောက်ပြီ ဆိုတာနဲ့ Scroll barမှာ Displayကိုရွေးပြီး အကျယ်ဖြန့်ချက်တွေ မြင်ရအောင် Extandလုပ်လိုက်ပါ။ နောက်ဆုံး Displayရဲ့ Extand Listထဲမှာရှိတဲ့ Enable Adaptive Brightnessမှာ Settingကို Offလုပ်လိုက်မယ်ဆိုရင် သင်ကြုံတွေ့နေရတဲ့ Screen Dimming ပြဿနာကို ဖြေရှင်းနိုင်သွားပါလိမ့်မယ်။

Ref: www.howtogeek.com

# You Tube Videoတွေကို VLC Mediaနဲ့ ကြည့်ချင်ရင်

လင်းဆက်




Image Credit: www.howtogeek.com

VLCဆိုတာ Mediaအမျိုးအစား တော်တော်များများကို အကောင်းဆုံး ပြသပေးနိုင်တဲ့ Appတစ်ခုဖြစ်ပြီး နဂိုအတိုင်းဆိုရင်တော့ You Tube Videoတွေကို VLC Mediaနဲ့ ကြည့်ဖို့ မဖြစ်နိုင်ပါဘူး။ တကယ်လို့မှ You Tube Videoတွေကို VLC Mediaနဲ့ ကြည့်ချင်ရင်တော့ အောက်မှာ ဖော်ပြထားတဲ့ နည်းလမ်းလေးတွေအတိုင်း Settingတွေကို ပြင်ပေးဖို့ လိုအပ်ပါလိမ့်မယ်။

ပထမဆုံး အနေနဲ့ VLC Mediaထဲကို ဝင်ပြီး Mediaခလုတ်ကို နှိပ်လိုက်ပါ။ ပြီးတော့ Open Network Stream...ကို ရွေးပါ။ ပြီးရင်တော့ Open Mediaခေါင်းစဉ်နဲ့ Dialog boxကျလာမှာဖြစ်ပြီး အဲဒီထဲက Input boxမှာ သင်ကြည့်ချင်တဲ့ You Tubeရဲ့ Linkကို ရိုက်ထည့်ပေးလိုက်ပြီး နောက်ဆုံး Playကို နှိပ်လိုက်ရုံပါပဲ။ ဒါဆိုရင်တော့ VLCမှာ You Tube Videoတွေကို ကြည့်ရှုနိုင်တော့မှာ ဖြစ်ပါတယ်။

Ref: www.howtogeek.com

# DNS ဆိုတာက

လင်းဆက်





Image Credit: www.support.netcore.co.in

သင့်အနေနဲ့ Facebookသုံးစွဲဖို့ Connectလုပ်ပြီးပြီဆိုရင် သင့် Facebookရဲ့ Web Browser Address Barမှာ သတိပြုမိစရာ တစ်ချက်ကို တွေ့ရပါလိမ့်မယ်။ အဲဒါကတော့ သင်ဟာ Facebookကို သုံးနေပေမယ့် တကယ့် Facebook Websiteနဲ့ အမှန်တကယ် ချိတ်ဆက်ထားမှု မရှိတာပါပဲ။ ဘာကြောင့်လဲဆိုတဲ့ မေးခွန်းရဲ့ အဖြေကို သိချင်ရင်တော့ သင့်အနေနဲ့ DNSဆိုတဲ့ စကားလုံးလေးကို နားလည်အောင် သိအောင်လုပ်ဖို့ လိုပါလိမ့်မယ်။ DNSဆိုတာက ကျွန်တော်တို့ နေ့စဉ်သုံးနေတဲ့ World Wide Webရဲ့ အခရာကျတဲ့ Underpinတွေ ဖြစ်ပါတယ်။ အရှည်ကောက်အနေနဲ့ Domain Name Systemဖြစ်တဲ့ သူ့ရဲ့ အဓိကအလုပ်က လူတွေနဲ့ စက်တွေကြားက ဘာသာပြန်ပဲ ဖြစ်ပါတယ်။ လူတွေအတွက်တော့ Domain Nameအဖြစ် မှတ်သားထားပြီး Networkတွေ အတွက်ကိုတော့ IP (Internet Protocol) Addressတွေအဖြစ် မှတ်ထားပါလိမ့်မယ်။ DNSရဲ့ စနစ်တစ်ခုဖြစ်တဲ့ DNS Serverကတော့ Connectionပိုင်းဆိုင်ရာ ဆောင်ရွက်ချက်တွေကို လုပ်ဆောင်ပေးမှာ ဖြစ်ပြီးတော့ Securityဆိုင်ရာ စစ်ဆေးပေးတဲ့ စနစ်လည်း တွဲလျက် ပါဝင်ပါတယ်။ သူကတော့ Webထဲက Virusတွေကို သင့်PCဆီကို မဝင်နိုင်အောင် တတ်နိုင်သလောက် တားဆီး စစ်ဆေးပေးမှာ ဖြစ်ပါတယ်။ တကယ်လို့ သင့်Accအနေနဲ့ သင်ဆက်သွယ်ချင်တဲ့ Browserနဲ့ ချိတ်လို့မရတော့ဘူးဆိုရင် ပြဿနာက DNS Serverကြောင့် ဖြစ်တာများပြီး Certificate error messages on encrypted(HTTPS) Webကနေ အကူအညီ ယူပြီး ဖြေရှင်းနိုင်ပါတယ်။

Ref: www.howtogeek.com

# ဖြစ်တတ်ပါတယ်




အခုလို အစစ အရာရာ တိုးတက်နေတဲ့ခေတ်ကြီးထဲမှာ စာရေးဖို့တောင် ကြောက်လာပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ရေးထားတဲ့ အကြောင်းအရာတွေကို ကူးယူဖေါ်ပြပြီး Credit လေးတောင် မလုပ်တဲ့ အွန်လိုင်းမီဒီယာ၊ အထူးသဖြင့် Facebookပေါ်မှာရှိတဲ့ ဘယ်သူလုပ်ထားလို့ လုပ်ထားမှန်းမသိတဲ့ သတင်း pageတွေ ကြောင့်ပါ။ ကိုယ်ရေးထားတဲ့ သတင်းတစ်ခုကို ကူးယူဖေါ်ပြတယ်ဆိုရင် ကူးယူဖေါ်ပြတဲ့သူကို ကျွန်တော် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျေးဇူးတင်စရာ မကောင်းလောက်အောင် စိတ်ပျက်တာက ကူးယူတဲ့အပြင်ကို ကျွန်တော်ရေးထားတာကိုပါ ပြင်လိုက်ပါသေးတယ်။ အကုန်လုံးလိုလိုကို ကူးပြီးတော့မှ နောက်ဆုံးမှာ သူ့ Talkyလေးထည့်လိုက်ပါတယ်။ ဘယ်က ကူးထားတယ်လို့ မဖေါ်ပြဘဲ မသိရင် သူဘဲရေးသလိုလို ကျွန်တော်ဘဲ အွန်လိုင်းကနေကူးပြီး ဂျာနယ်ထဲ ထည့်သလို ဖြစ်သွားတယ်ဗျာ။ အရမ်းကောင်းတဲ့ အွန်လိုင်း မီဒီယာသမား တစ်ယောက်ပါ။ ထားလိုက်ပါတော့၊ အခု ကျွန်တော် ပြောပြချင်တာက Android ဖုန်းတွေ အကြောင်းပါ။ တစ်နေ့ ကျွန်တော့်ဆိုင်ကို userတစ်ယောက် ရောက်လာပါတယ်။ ဖုန်းပြင်ချင်လို့ပါတဲ့၊ ဟုတ်ကဲ့ ရပါတယ်ပေါ့။ ဖုန်းက Huawei U8661၊ ဘာဖြစ်လို့လဲ ဆိုပြီး ကျွန်တော် မေးလိုက်ပါတယ်။ လာပြင်တဲ့ သူက ပြောပါတယ် ကျွန်တော်ဖုန်းက ဘာဖြစ်နေလဲ မသိဘူးဗျာ တစ်ခြားကဒ်တွေ ထည့်ရင် တိုင်တက်တယ်၊ ဒီကတ်နဲ့ ဒီဟန်းဆက်ဆိုရင် ဘာတိုင်မှ မတက်တော့ဘူးတဲ့။ ဩော်ဆိုပြီး ကျွန်တော် စမ်းကြည့်လိုက်ပါမယ် ခဏစောင့်ပါဆိုပြီး စမ်းကြည့် လိုက်ပါတယ်။ သူပြောတဲ့ အတိုင်းပါဘဲ တစ်ခြားကဒ်နဲ့ဆို အဆင်ပြေပါတယ်။ ကျွန်တော် တစ်ခါထပ်ပြီး မေးလိုက်ပါတယ်၊ အရင်က ဘယ်လိုဖြစ်ဘူးသေးလဲလို့ သူကလဲ အရင်က ဘာမှမဖြစ်ဘူး သုံးနေတာအကောင်းဘဲတဲ့။ စဉ်းစားရ ကျပ်သွားတယ်၊ Errorက စမ်းတာကိုဗျ။ ဒါနဲ့ကျွန်တော်လဲ Factory Resetချကြည့်တယ် မရပြန်ဘူး။ ဒါနဲ့ နောက်တစ်နည်း Firmware အသစ်ပြန်တင်တယ် မရပြန်ဘူး။ ခေါင်းတော်တော် စားနေပြီ၊ စက်ကို ဖွင့်ပြီး လမ်းကြောင်းတွေ စစ်ကြည့်တယ်၊ အထဲမှာလဲ အကုန်ကောင်းတယ်။ သွားပြီ ဘယ်လိုမှ မရတော့ဘူး။ လာပြင်တဲ့ လူကိုလဲ အားနာ၊ ပြင်လို့မရလို့လဲ စိတ်တို၊ ပြင်တဲ့လူတွေမှာလဲ ပြင်လို့မရရင် မျက်နှာပူတာပေါ့။ ပြင်သူတို့ရဲ့ ပြောနေကျအတိုင်း ထားခဲ့လို့ရရင် ထားခဲ့ပါလို့ ပြောလိုက်တယ်။ သူကလဲ ရပါတယ် အေးဆေးလုပ်ပါတဲ့၊ ထားခဲ့ပါမယ်တဲ့။ ပြီးပြီဟေ့လို့ စိတ်ထဲမှာ ငြီးလိုက်ပါတယ်။ ထားခဲ့မယ်ဆိုတော့လဲ ထားခဲ့ပေါ့ ဆိုပြီး၊ ကျွန်တော် အဲ့ဒီဖုန်းကို နည်းစုံစွာ စမ်း ပါတော့တယ်။ နောက်ဆုံး အဖြေက မရပါတဲ့။ စိတ်ပျက်ပြီး ဖုန်းကို ပါဝါပိတ်ပြီး ထားလိုက်ပါတယ်။ နောက်နှစ်ရက်လောက်နေတော့ လာအပ်သွားတဲ့ သူလဲမလာသေး ပြင်လို့ကလဲ မပြီးဆိုတော့၊ ဆက်ပြင်ကြည့်လိုက်ပါဦးမယ်ဆိုပြီး ပါဝါဖွင့်ကြည့်လိုက်တော့မှ ဝတီက အိုကေနေတယ်။ ပျော်သွားတာပေ့ါ၊ ဒါပေမဲ့ မဟုတ်သေးပါဘူး ဘာမှမလုပ်ဘဲ ပြန်ကောင်းတယ်ပေ့ါ။ ပြန်ကောင်း သွားပြန်တော့လဲ စိတ်ညစ်နေရ ပြန်တယ်ဗျာ။ ဟုတ်တယ်လေ ကိုယ်ပြင်လို့ ပြန်ကောင်းတာမှ မဟုတ်တာ ဘယ်လို ပိုက်ပိုက်တောင်းမလဲဗျ၊ ညစ်တာပေ့ါ။ ကံဆိုးတာက Customer လာလဲရောက်လာတယ်၊ နောက်တစ်ခါ စိတ်ထဲက ပြောလိုက်ပါတဲ့ ပြီးပြီဟေ့လို့ ကျွန်တော်လဲ ပိုက်ဆံမတောင်းဘဲ ပြန်ပေးလိုက်ပါတယ်။ ဘာဖြစ်တာလဲလို့ မေးပြန်ရော ဖုန်းတွေက ဒီလိုဘဲ တစ်ခါတလေ ကြောင်တတ်တယ်လို့ ပြောပြလိုက်ပါတယ်။ သူလဲ ကျေနပ်သွားတယ်ထင်တယ် ဘာမှပြန်မပြောတော့ဘဲ ကျေးဇူးပါလို့ပြောပြီး ပြန်သွားပါ တော့တယ်။ ဒါပေမဲ့ ကျွန်တော် အရမ်းတင်းနေတယ် Customerကို မဟုတ်ပါ။ ဘာကြောင့်ဒီလိုဖြစ်တာလဲ ဘယ်လိုလုပ်ရမလဲပေ့ါ။ နောက်ဆုံး ဆုံးဖြတ်လိုက်ပါတယ်၊ ဆရာ့ကို မေးကြည့်မယ်လို့ ဆိုပြီး ဖုန်းဆက် မေးလိုက်ပါတယ်။ ဆရာက ပြောပါတယ် အဲ့လိုဖုန်းတွေက စက်ရုံက ထုတ်လိုက်တဲ့အချိန်က စပြီးသုံးနေတဲ့ အချိန်အတိုင်းတာတစ်ခုမှာ ဖြစ်တတ်တယ်။ ထုတ်ထားတဲ့ ဖုန်းတိုင်း မဟုတ်ဘူး၊ နောက်တစ်ခု ဖြစ်တတ်တာက အသုံးပြုတဲ့ ဖုန်းလိုင်းကဒ်က 3Gဆိုပါတော့ ဟန်းဆက်က 3G အပြည့်အဝအလုပ်မလုပ်တဲ့ အခါအဲ့လို Error တွေဖြစ်တတ်ပါတယ်။ နောက်တစ်ခုက ကိုယ့်ဆီမှာရှိတဲ့ Operator နဲ့မကိုက်ညီတာလဲ ဖြစ်နိုင်ပါတယ်။ ကျွန်တော်လဲပြန်စဉ်းစားကြည့်ပါတယ် ဆရာပြောတာလဲ ဖြစ်နိုင်ပါတယ်ဆိုပြီး လက်လျှော့လိုက်ပါတော့တယ်။ တစ်ခြားဖုန်းပြင်တဲ့ သူတွေတော့မသိဘူး ကျွန်တော် စပြင်တဲ့အချိန်ကနေ အခုထိဒီလို Errorမျိုး မတွေ့ဘူးလိုက်ပါဘူး။ ဒါပထမဆုံးနဲ့ Errorအသစ်တစ်ခု တွေ့လိုက်တာပါ။ ကျွန်တော်ပြောချင်တာက ဒီလို Errorမျိုး ကြုံတွေ့တဲ့ ပြင်တဲ့သူတွေရော၊ Userတွေရော သိစေဖို့အတွက် ပြောပြရခြင်းပါ။ ကျွန်တော်မပြင်နိုင်ပေမဲ့လဲ ဒီလို Errorမျိုးကြုံတဲ့အခါ သိထားသင့်တာတွေ သိရအောင် လက်လှမ်း မီသလောက်ပြောပြခြင်းသာ ဖြစ်ပါသည်။ ဆရာလုပ်ပြီး ကြွယ်တယ်လို့တော့ မထင်စေချင်ပါ။ မှတ်ထားတတ်သလို မှတ်ထားလို့ရပါကြောင်း Android knowledgeအဖြစ် ပြောပြလိုက်ပါကြောင်း ပါခင်ဗျာ။

Web Guide

## သကြၤန်မှာ တရားရှာပါ...



http://www.advmyanmarmeditation.org

"ရင်ဂကို လုံဆူး၊ ခေါင်းပေါ်မှာ မီးလောင်နေမယ်ဆိုရင်တောင် စိုက်နေတဲ့ လုံနဲ့ လောင်နေတဲ့ မီးကို ဆွဲထုတ် ငြိမ်းသတ်ဖို့ထက် ဝိပဿနာ တရားကိုသာ အရင်ဆုံး ရှုမှတ် အားထုတ်လိုက်ပါ"လို့ ဝိပဿနာ တရားဟာ ဘယ်လောက် အရေးကြီးကြောင်း ဖတ်မှတ်ဖူးပါတယ်။ ဒီဝက်ဘ်ဆိုက်ကတော့ ဗုဒ္ဓနည်းကျ ဝိပဿနာ ကျင့်စဉ်တွေကို နိုင်ငံတော် ဩဝါဒစရိယနှင့် သံဃမဟာနာယက ဆရာတော်ကြီးများရဲ့ ဩဝါဒ ခံယူလျက် မွေစကြာနှင့် ဝိပဿနာ ပြန့်ပွားရေး အသင်းချုပ်မှ လွှင့်တင်ထားခြင်း ဖြစ်ပါတယ်။ ဗုဒ္ဓ ဝိပဿနာကို အခြေခံမှုစပြီး နားလည်လိုသူတွေ၊ သုံးတန်သော ချမ်းသာရရှိဖို့ မြင့်မြတ်စွာ ကျင့်သုံး နေထိုင်လိုသူတွေ ဝင်ရောက် ကြည့်ရှု သင့်ပါတယ်။

## သဘာဝဘေးကို ဂရုပြုပါ



http://www.bt.cdc.gov/disasters

ဘဝမှာ ပျော်ရွှင်စွာ နေထိုင်နိုင်ဖို့ လုံခြုံမှုနဲ့ ကျန်းမာရေးဆိုင်ရာ အချက်အလက်တွေ ဖတ်ရှုနိုင်မယ့် ဝက်ဘ်ဆိုက်ပါ။ ဒီစာမျက်နှာ လေးမှာတော့ ငလျင်၊ အပူချိန် မြင့်တက်မှု၊ ရေကြီးခြင်း၊ ဟာရီကိန်း မုန်တိုင်း၊ လေဆင်နှာမောင်း၊ ဆူနာမီလှိုင်း၊ မီးတောင်စတဲ့ သဘာဝ ဘေးအန္တရာယ် ဆိုင်ရာတွေ တင်ပြထားပါတယ်။ သဘာဝ ဘေးအန္တရာယ်တွေအတွက် ကြိုတင် ပြင်ဆင်ထားသင့်ပုံ၊ သဘာဝ ဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရတဲ့အခါ လုပ်ဆောင်ရမယ့် နည်းလမ်းတွေ၊ သဘာဝ ဘေးအန္တရာယ်ကြောင့် ဖြစ်လာနိုင်တဲ့ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု ဆိုးကျိုးတွေနဲ့ ကာကွယ် ကုသမှုတွေ အကြောင်းတွေကို စာနဲ့တစ်မျိုး၊ အသံဖိုင်နဲ့ တစ်သွယ်၊ ဗီဒီယိုနဲ့ တစ်ဖုံ ပညာပေး တင်ပြထားပြီး အချိန်မရွေး ဖြစ်ပေါ်နိုင်တဲ့ သဘာဝ ဘေးအန္တရာယ်တွေကြောင့် လူသားတိုင်း သိသင့်တဲ့ အချက်တွေပါပဲ။

## Yaleမှာ ပညာသင်ချင်သူများ



http://oyc.yale.edu

Yale Universityမှ သင်ကြား ပို့ချချက်တွေကို အွန်လိုင်းမှာတင် အခမဲ့ သင်ယူ လေ့လာနိုင်မယ့် ဝက်ဘ်ဆိုက်ပါ။ ပညာရပ်တွေကို ကမ္ဘာတစ်ဝန်းမှ အလွယ်တကူ လေ့လာသင်ယူ သိရှိနိုင်ဖို့ ရည်ရွယ် လွှင့်တင် ထားခြင်းဖြစ်ပြီး သင်ကြား ပို့ချချက်နဲ့ သင်ရိုး ညွှန်းတမ်းတွေဟာ Critical Thinking, Creative Imaginationနဲ့ Intellectual Explorationတွေ ရရှိဖို့ အထောက်အကူ ဖြစ်စေပါတယ်လို့ ဆိုပါတယ်။ Yale Universityမှာ သင်ကြားသမျှတွေကို ရုပ်သံဖိုင်၊ စာတွေ အနေနဲ့ ရရှိမှာဖြစ်ပြီး လေ့လာသင်ယူဖို့ Register လုပ်စရာ မလိုပါဘူး။ Astronomy, Biomedical Engineering, Chemistry, Ecology and Evolutionary Biology, Economics, English, Environmental Studies, History of Art, Music, Sociology, Political Science, Physicsစတဲ့ ပညာရပ်တွေ သင်ယူနိုင်မှာ ဖြစ်ပါတယ်။

## ဝက်ဘ်ဆိုက် ဖန်တီးဖို့နေရာ




http://www.weebly.com

ခေတ်မီ နည်းပညာတွေ ပါဝင်ပြီး ကိုယ့်စိတ်ကြိုက် ဝက်ဘ်ဆိုက် တစ်ခုကို လွယ်ကူ လျင်မြန်စွာ ပြုလုပ် ဖန်တီးပေးနိုင်မယ့် နေရာလေးပါ။မိမိ လွှင့်တင်ချင်တဲ့ အကြောင်းအရာ၊ ပုံတွေနဲ့ ဗီဒီယို ဖိုင်တွေကို တစ်နေရာတည်းမှာ စုစည်း တင်ပြ ပေးထားနိုင်မှာဖြစ်ပြီး Blog spotလိုမျိုး Drag & Drop Featureတွေလည်း ထည့်သွင်း ထားတဲ့အတွက် နည်းပညာ ကျွမ်းကျင်စရာတောင် မလိုဘူးလို့ ဝက်ဘ်ဆိုက်က ဆိုပါတယ်။ Photo Galleries, Beautiful Slideshows တွေ အပါအဝင် အဆင့်မြင့် အရည်အသွေးရှိ Video & Audio Playerနဲ့ Mapတွေပါ ထည့်သွင်း အသုံးပြုနိုင်မယ့် Multimedia Featuresတွေ ပါဝင်ပါတယ်။ ဝက်ဘ်ဆိုက် ပြုလုပ်သူတွေ အနေနဲ့ Sub-domain တစ်ခုရရှိမှာဖြစ်ပြီး ဝယ်ယူပြီးသား Domain ရှိရင်လည်း ထည့်သွင်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

## မိန်းမတွေကို ဘယ်လိုခြွေမလဲ




http://www.sosuave.com

မိန်းမတွေကို စွဲဆောင်မှုရှိရှိ၊ ယုံကြည်မှုရှိရှိနဲ့ စကား မပြောတတ်တဲ့ သူအတွက် သူတို့နဲ့ ဘယ်နေရာကိုမှ ရောက်နိုင်မှာ မဟုတ်ပါဘူးတဲ့။ သရဲတွေဟာ လူရဲ့ နှလုံးသွေးကို ချုပ်ကိုင်နိုင်မှ ဝင်ပူးနိုင်သကဲ့သို့ မိန်းမတွေရဲ့ နှလုံးသားကို ရယူနိုင်ဖို့ စကားတွေနဲ့ စစ်ထိုးရတဲ့ အခါမှာ ရိုးရှင်းတဲ့ လျို့ဝှက်ချက်တွေ သိဖို့ လိုပါတယ်။ ဒီဝက်ဘ်ဆိုက်မှာ မိန်းမတွေနဲ့ တွေ့ဆုံ၊ ချိန်းဆို စကားပြော စွဲဆောင်နိုင်မယ့် နည်းလမ်းတွေ တင်ပြထားပါတယ်။ ကောင်မလေး တစ်ယောက်က သင့်ကို ကြိုက်နေပြီဆိုတာ သိရင် ဘယ်လိုပြောမလဲ၊ မိန်းမတွေပဲ သိတဲ့ ယောကျ်ားတွေရဲ့ စွဲဆောင်မှု (၁၀)ချက်၊ ချိန်းဆို တွေ့ဆုံပြီး အကျိုးမရှိ မဖြစ်ရလေအောင် ဘယ်လို ရှောင်ရှားမလဲ၊ သင့်နှလုံးသားထဲ ရောက်ရှိနေတဲ့ သူငယ်ချင်း ကောင်မလေးကို ချစ်သူ ဖြစ်စေချင်တယ် ဆိုရင်စတဲ့ မိန်းကလေးတွေ ဘိုင်းကနဲ ပစ်လဲကျသွားစေမယ့် နည်းလမ်းအသွယ်သွယ်၊ ဗျူဟာမျိုးစုံ လေ့လာ သင်ကြားနိုင်မှာ ဖြစ်ပါတယ်။

## သီချင်း စာသားများ




http://www.songlyrics.com

ကြိုက်နှစ်သက်တဲ့ သီချင်းစာသားတွေကို ရှာဖွေ ဖတ်ရှု ကူးယူနိုင်မယ့် ဝက်ဘ်ဆိုက်ပါ။ Hip Hop & R&B, Rap, Country, Rock, Latin, Dance Musicသီချင်း အမျိုးအစားလိုက် ရှာဖွေနိုင်မှာ ဖြစ်တဲ့အပြင် သီဆိုသူ အနုပညာရှင်အလိုက် Lyricsတွေ ရှာဖွေ ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ တစ်လတာ အကောင်းဆုံး သီချင်း၊ တစ်ပတ်အတွင်း အကောင်းဆုံး သီချင်း၊ ယနေ့ လူကြိုက်အများဆုံး သီချင်း၊ အပေါက်ဆုံး အယ်လ်ဘမ်တွေ အပါအဝင် အကျော်ကြားဆုံး သီချင်းအပုဒ် ၁၀၀၊ အမြဲတမ်း မရိုးတဲ့ သီချင်းနဲ့ ရေပန်းစား အနုပညာရှင်တွေကိုလည်း ဖော်ပြထားပါတယ်။ ဒါ့အပြင် ထိပ်တန်း စာရင်းဝင်မှာ ပါရှိတဲ့ Katy Perry, Rihanna, Jeremih, The Black Eyed Peasစတဲ့ အဆိုတော်တွေရဲ့ သီချင်းစာသားတွေကိုလည်း ခံစား ဖတ်ရှုရမှာ ဖြစ်ပါတယ်။

APT တင်ဆက်သည်။

# Sonyက Xperia Smart Phoneအသစ်ဖြင့် Cyber-shotနှင့် Walkman တို့အား လူကြိုက်များစေမည်

မင်းစန့်



Image Credit: www.androidrundown.com

Sonyဟာ မကြာခင်ကမှ ဈေးကွက်တင်ခဲ့တဲ့ ရေစိုခံ Xperia Zကြောင့် Appleနဲ့ Samsungတို့ဆီက ဈေးကွက်များကို ပြန်လည် ရယူနိုင်ခဲ့ပေမယ့် အဲဒီလောက်နဲ့ ကျေနပ်နေမှာ မဟုတ်ကြောင်းနဲ့ Xperia S ဖုန်းအသစ်ကို မကြာခင် ဈေးကွက် တင်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ Sonyရဲ့ CEO ဖြစ်သူ Kazuo Haraiက မကြာခင် ဈေးကွက်တင်တော့မယ့် မော်ဒယ်သစ်ဖြင့် Cyber-shotနဲ့ Walkmanတို့လို Brandတွေကို ပြန်လည် လူကြိုက်များအောင် လုပ်ဆောင်သွားဖို့ ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် Nokia 808 PureViewရဲ့ အားနည်းချက်များဖြစ်သော Image အရည်အသွေး လိုအပ်ချက်တွေနဲ့ အလင်းရောင်ပိုင်းဆိုင်ရာ ပြစ်ချက်တွေကို ဥပမာယူပြီး အကောင်းဆုံးပြင်ဆင် ဖန်တီး ထားကြောင်းလည်း သိရပါတယ်။ Xperiaကို Xperia Cyber-shot Smart Phoneအဖြစ်နဲ့ရော Xperia Walkman Smart Phoneအဖြစ်နဲ့ပါ မကြာခင် ဈေးကွက် တင်သွားမှာ ဖြစ်ကြောင်းနှင့် General Feature and Setting အပိုင်း များတွင် တူညီမှုများစွာ ရှိတယ်လို့ဆိုပါတယ်။ ထို့အပြင် iPhone အမျိုးအစား တစ်မျိုးကိုလည်း Cyber-shotအမည်နဲ့ ဈေးကွက်တင် သွားရန် ရှိကြောင်းနဲ့ အဆိုပါ iPhoneဖြင့် Appleကို ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း လည်း သိရပါတယ်။ နောက်ဆုံးအနေဖြင့် Displayအား ၆.၄၄ လက်မအထိ ရှိမယ့် မော်ဒယ်သစ် Togariကို ယခုနှစ်ကုန်ပိုင်းလောက်မှာ ဈေးကွက်တင်သွားမယ်လို့လည်း Kazuo Haraiက ဆက်လက် ပြောကြား ခဲ့ပါတယ်။

Ref: www.tech2.in.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 14
MYANMAR ICT JOURNAL

# New York ကားပြပွဲတွင် Toyota Highlander 2014 အောင်မြင်မှု ရရှိ

လင်းထက်


Image Credit: www.trucktrend.com

ပြီးခဲ့သော သီတင်းပတ်အတွင်း New Yorkတွင် ပြုလုပ်ခဲ့သော ကားပြပွဲတွင် Toyota၏ မော်ဒယ်သစ် Highlanderသည် လူအများ၏ စိတ်ဝင်စားမှုကို ခံခဲ့ရပြီး အောင်မြင်မှု ရရှိခဲ့ကြောင်း သိရပါသည်။ Highlander၏ လုံးဝန်းသော ကိုယ်ထည်ပိုင်း၊ အတွင်းပိုင်း တည်ဆောက်မှု ခိုင်ခန့်ခြင်းနှင့် ခရီးသည် ရှစ်ယောက် ပါဝင်စီးနင်းနိုင်အောင် ဖန်တီးထားခြင်းများကြောင့် လူကြိုက်များလျက် ရှိပါသည်။ အင်ဂျင် ဆန်းသစ်မှုများစွာ မပါရှိသော်လည်း ကြမ်းခင်းပိုင်း ကြံ့ခိုင်မှုနှင့် အသံလုံ မှန်များ တပ်ဆင်ထားခြင်းများမှာ အားသာချက်များ ဖြစ်ခဲ့ပါသည်။ ထို့အပြင် လမ်းကြမ်းများတွင် အကောင်းဆုံး မောင်းနှင်နိုင်စေရန် ပြုလုပ်ထားပြီး အကြမ်းခံကားများ ထုတ်လုပ်နိုင်မှုတွင် နာမည်ကျော် ကုမ္ပဏီကြီးဖြစ်သော အမေရိကန် အခြေစိုက် Ford၏ ကားများနှင့် ဈေးကွက် ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရပါသည်။ ပြီးခဲ့သော နှစ်အတွင်းက Toyotaဟာ Highlander ကားပေါင်း ၁၂၁,၀၀၀ကို ရောင်းချနိုင်ခဲ့ပြီး လွန်ခဲ့သော နှစ်များ အတွင်းနှင့်စာလျှင် ၂၀ ရာခိုင်နှုန်းခန့် အောင်မြင်မှု ရရှိလာခဲ့ပါသည်။ Toyata အနေဖြင့် Highlander 2014အား လာမည့် နှစ်ဆန်းပိုင်းတွင် အမေရိက ဈေးကွက်အတွင်း ပထမဆုံး ဈေးကွက်တင် ရောင်းချသွားမည်ဟု ဆိုပါသည်။ Highlander 2014မော်ဒယ်၏ အကျဉ်းချုပ် ဖော်ပြမှုများအရ ကိုယ်ထည် အတွင်းပိုင်းအား အနိုင်မာဆုံးဖြစ်အောင် တည်ဆောက်ထားပြီး ထိုင်ခုံများအားလည်း နှစ်ယောက်ထိုင်နှင့် သုံးယောက်ထိုင်များအဖြစ် စိတ်ကြိုက် ပြောင်းလဲနိုင်မည် ဖြစ်သည်။ ၂.၇ လီတာသုံး အင်ဂျင်မှ မြင်းကောင်ရေ ၁၈၇ ကောင်အား ထုတ်ပေးမည်ဖြစ်ပြီး လေးလုံးထိုး အင်ဂျင်ဖြစ်ကာ ဂီယာခြောက်ချက် ပါမည် ဖြစ်သည်။ ထို့အပြင် ၃.၇ လီတာသုံး မြင်ကောင်ရေ ၂၇၀ အား ထုတ်ပေးနိုင်မည့် အင်ဂျင်ကိုလည်း ရွေးချယ် ဝယ်ယူနိုင်မည် ဖြစ်ကြောင်း သိရပါသည်။ ဆီစားနှုန်းမှာ မြို့တွင်း ဆီတစ်ဂါလံလျှင် မိုင် ၂၀ နှုန်းနှင့် မြို့ပြင်တွင် ၂၅ မိုင်နှုန်း မောင်းနှင်နိုင်မည်ဖြစ်ပါသည်။ ဈေးနှုန်း အတည်တကျ ကြေညာခြင်း မရှိသေးသော်လည်း ဒေါ်လာ ၂၉,၀၀၀ ဝန်းကျင် ဖြစ်မည်ဟု သိရပါသည်။

Ref: www.nydailynews.com

# Microsoft ပူးပေါင်း တည်ထောင်ခဲ့သူက Silicon Valleyတွင် ရင်းနှီးမြှုပ်နှံမည်

လင်းထက်


Image Credit: www.ibtimes.com

Microsoft ကုမ္ပဏီအား ပူးပေါင်းတည်ထောင်ခဲ့သူ တစ်ဦးဖြစ်သော Paul Allenသည် နည်းပညာနှင့် အင်တာနက် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် Silicon Valleyတွင် ရုံးတစ်ရုံး ဖွင့်လှစ်ပြီး ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရပါသည်။ ကုမ္ပဏီ၏ အမည်မှာ Palo Alto ဖြစ်ပြီး လာမည့် သီတင်းပတ် အနည်းငယ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကာ Allen's Seattle-based Valcan Inc၏ လက်အောက်ခံ ဌာနခွဲတစ်ခုအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရပါသည်။ Paul Allenသည် ၁၉၇၅ခုနှစ်အတွင်း Microsoftကို ပူးပေါင်း တည်ထောင်ခဲ့သူ တစ်ဦးဖြစ်ပြီး ၁၉၈၃ခုနှစ်တွင်မှ ကင်ဆာ ရောဂါကြောင့် နုတ်ထွက်သွားခဲ့သူ ဖြစ်ပါသည်။ ပြီးခဲ့သော နှစ်အတွင်း Forbes မဂ္ဂဇင်း၏ စစ်တမ်းများအရ ကမ္ဘာ့ အချမ်းသာဆုံး စာရင်းတွင် အဆင့် ၅၃ရှိခဲ့သူ Paul Allenသည် လုပ်ငန်းပေါင်း တစ်ရာကျော်တွင် ရင်းနှီးမြှုပ်နှံထားသူ တစ်ယောက်ဖြစ်ပြီး နာမည်ကျော် လုပ်ငန်းတချို့မှာ AOL, Ticketmaster, DreamWorks SKGနှင့် Charterများ ဖြစ်ပါသည်။ ပြီးခဲ့သော နှစ်အတွင်းက AOLနှင့် DreamWorks SKGတို့မှ အမြတ်ငွေများစွာ ရရှိခဲ့သော်လည်း Charter လုပ်ငန်းဘက်မှ ဒေါ်လာ တစ်ဘီလီယံခန့် အရှုံးပေါ်ခဲ့ကြောင်းလည်း သိရပါသည်။ Palo Alto အနေဖြင့် ဆော့ဖ်ဝဲလ်နှင့် နည်းပညာ ကုမ္ပဏီများဖြစ်သော Pre-IPO, Paul Ghaffariနှင့် Valcan Capitalတို့နှင့် ပူးပေါင်း လုပ်ကိုင်သွားမည် ဖြစ်ပါသည်။

Ref: www.reuters.com

# Samsung S4မိတ်ဆက်ပွဲအပြီး Samsung S3ဈေးနှုန်းများ လျော့ကျ

မင်းခန့်



Image Credit: www.gadgetbook.com

Samsungက သူ့ရဲ့ပစ္စည်းသစ် Samsung S4ကို မကြာသေးခင်ကမှ မိတ်ဆက်ခဲ့ပြီး ယခုလက်ရှိ ဈေးကွက် တင်ထားသော Samsung S3 ဈေးနှုန်းများ လျော့ကျသွားခဲ့ကြောင်း သိရပါသည်။ AT & Tမှ ကြေညာချက်များ အရ လာမည့်နှစ်နှစ်အတွင်းမှသာ Samsung S3အား ဒေါ်လာ ၉၉.၉၉ခန့် လျှော့ချ ရောင်းချသွားရန် စီစဉ်ထားခဲ့သော်လည်း ယခုအခါ ဒေါ်လာ ၁၀၀ခန့် လျော့ကျသွားခြင်း ဖြစ်ကြောင်း သိရပါသည်။ ထို့အပြင် Samsung S4အတွက် ကြိုတင် ဝယ်ယူမှုများကို လာမည့် ဧပြီလ ၁၆ရက်နေ့မှ စတင်၍ AT & Tမှ တာဝန်ယူ ရောင်းချပေးသွားမည် ဖြစ်ကြောင်းလည်း သိရပါသည်။ ကြိုတင် ရောင်းချမှုတွင် ပထမဦးစွာ Samsung S4အတွက် ဒေါ်လာ ၂၅၀ ပေးသွင်း သွားရမည်ဖြစ်ပြီး ယခင် ပစ္စည်းသစ်များ၏ ကနဦး ဈေးနှုန်းထက် ဒေါ်လာ ၅၀ခန့် ပိုမိုကြောင်းလည်း သိရပါသည်။ လူကြိုက်များ ပစ္စည်းများဖြစ်သော Samsung Galaxy S3နှင့် Apple iPhone 5တို့ပင်လျှင် ဒေါ်လာ ၂၀၀နှင့်သာ စတင် ဈေးကွက်တင်ခဲ့ကြောင်းလည်း သိရပါသည်။ ထို့အပြင် အခြားနာမည်ကြီး ဈေးကွက် ကုမ္ပဏီတစ်ခုဖြစ်သော T-Mobileမှလည်း S4အား မေလ တစ်ရက်နေ့မှ စတင် ရောင်းချသွားမည်ဟု ကြေညာခဲ့ပါသည်။ Samsung Galaxy S4သည် Verizonနှင့် Sprints Networkများအား ချိတ်ဆက် သုံးစွဲသွားနိုင်မည် ဖြစ်ကြောင်း Samsungက ကြေညာထားပါသည်။

Ref: www.cnn.com

# ကမ္ဘာ့ဘဏ်နှင့် Digicelတို့ ပူးပေါင်းပြီး နေရောင်ခြည်သုံး စွမ်းအင်စက်ရုံ တည်ဆောက်မည်

မင်းခန့်


Image Credit: www.nationalmirroronline.net

ကမ္ဘာ့ဘဏ်နှင့် ဆက်သွယ်ရေး ကုမ္ပဏီ တစ်ခုဖြစ်သော Digicelတို့ ပူးပေါင်းပြီး နေရောင်ခြည်သုံး စွမ်းအင်စက်ရုံတစ်ခု တည်ဆောက်သွားမည်ဖြစ်ပြီး မိုလ်ဘိုင်းဖုန်း အားသွင်းလုပ်ငန်းနှင့် ဒေသတွင်း ကျေးရွာပေါင်း ၅၀၀အား လမ်းမီးပေးနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရပါသည်။ အဆိုပါ စက်ရုံအား ပါပူရာ နယူးဂီနီနိုင်ငံတွင် မကြာခင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရပါသည်။ ကမ္ဘာ့ဘဏ်မှ နိုင်ငံတကာ ငွေကြေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဌာနမှ ခန့်မှန်းချက်များအရ ဒေသတွင်း မိုလ်ဘိုင်းဖုန်း တစ်သန်းကျော်မှာ ပါဝါပြတ်တောက်မှုများနှင့် ကြုံတွေ့နေရပြီး စွမ်းအင်ချွေတာ သုံးစွဲနေရကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ထို့ကြောင့် ယခုလို နေရောင်ခြည်သုံး စွမ်းအင်ထုတ်စက်ရုံကို တည်ဆောက်သွားမည် ဖြစ်ကြောင်းနှင့် ပိုလျှံသော လျှပ်စစ် စွမ်းအင်များအား ဒေသတွင်း ကျေးရွာပေါင်း ၅၀၀ကျော်အား လမ်းမီးများအဖြစ် ပေးဝေသွားမည်ဖြစ်ကြောင်း သိရပါသည်။ Digicelမှ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အကြီးအကဲ Karin Finkelstonက " ဒီစီမံကိန်းကြောင့် ဒေသတွင်း ပြည်သူတွေအနေနဲ့ ယုံကြည်စိတ်ချရတဲ့ စွမ်းအင်စနစ်ကို လက်တွေ့ အသုံးပြုနိုင်မှာ ဖြစ်တဲ့အပြင် နည်းပညာဆိုင်ရာ လေ့လာမှုတွေကိုလည်း ရရှိစေမှာပါ၊ ဒါ့အပြင် အလုပ်အကိုင် အခွင့်အရေးတွေနဲ့ ပြည့်စုံတဲ့ ဘဝ နေထိုင်မှုတွေကို ပိုင်ဆိုင်နိုင်ကြပါလိမ့်မယ်"ဟု ပြောပါသည်။

Ref: www.mzi.com

# Toyotaက တရုတ်ဈေးကွက်တွင် ကားရောင်းချရမှု 11.7% လျော့ကျဟုဆို

ယင်းနန့်


Image Credit: www.carmainc.org

ဂျပန်အခြေစိုက် ကားကုမ္ပဏီကြီးဖြစ်သော Toyotaသည် တရုတ်ကားဈေးကွက်တွင် ပြီးခဲ့သော မတ်လအတွင်းက ကားအစီးရေပေါင်း ၇၅,၉၀၀ ရောင်းချခဲ့ရသော်လည်း ဈေးကွက်နှိုင်းယှဉ်မှုများအရ ၁၁.၇ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း ကြေညာခဲ့ပါသည်။ ပြီးခဲ့သော ဇန်နဝါရီလမှ မတ်လကုန်အထိ ကားအစီးရေ ၁၈၄,၇၀၀ ရောင်းချခဲ့ရသော်လည်း ၂၀၁၂ခုနှစ်အတွင်း ရောင်းချရမှုများနှင့် နှိုင်းယှဉ်လျှင် ၁၂.၇ ရာခိုင်နှုန်း လျော့သွားခြင်းဖြစ်ကြောင်း သိရပါသည်။ ဂျပန်ကား ထုတ်လုပ်သူများ၏ အဆိုအရ တရုတ်နိုင်ငံ၏ ဂျပန်ကားများ ဆန့်ကျင်မှု လုပ်ဆောင်ချက်များကြောင့် ယခုကဲ့သို့ ရောင်းအားကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ ဂျပန်နှင့် တရုတ်တို့သည် ပြီးခဲ့သောနှစ် စက်တင်ဘာလ အတွင်းကတည်းက ကျွန်းတစ်ကျွန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု အငြင်းပွားနေခဲ့မှုကြောင့် ဂျပန် ကားဈေးကွက်ရောင်းအား လျော့ကျသွားစေခဲ့ပါသည်။ Toyotaသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံအတွင်း ကားအစီးရေ ၉၀၀,၀၀၀ ရောင်းချသွားနိုင်ရန် မျှော်မှန်းထားပြီး တရုတ်အခြေစိုက် ကားကုမ္ပဏီများဖြစ်သော FAW Groupနှင့် Guangzhou Automobile Group Coတို့နှင့် ပူးပေါင်း ထုတ်လုပ်သွားမည် ဖြစ်ကြောင်း သိရပါသည်။

Ref: www.indiatimes.com

# LGက မော်ဒယ်သစ် Optimus G2၏ အကြောင်းအရာများ ကြေညာ

မင်းနန့်


Image Credit: www.sitegadget.com

